မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား

နေ့ရောညဉ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းစွာနိုးကြားသောအားဖြင့် နိုးကြားရကုန်၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၂၉၆)

၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက် | ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၁၂ ရက်၊ ကြာသပတေးနေ့ | အတွဲ(၆၆)၊ အမှတ်(၀၄၃)



ဒုတိယသမ္မတ ဦးညီစော ပို့ကုန်အခြေပြု အရန်ဆန်များသိုလှောင်ထားရှိသည့် သိုလှောင်ရုံများအခြေအနေ ကြည့်ရှု စစ်ဆေးစဉ်။

ဒုတိယသမ္မတ ဦးညီစော ပြည်ပပို့ကုန်တိုးမြှင့်ရေးနှင့် အရန်ဆန် စုဆောင်းရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားပြီး

ပို့ကုန်အခြေပြု အရန်ဆန်များသိုလှောင်ထားရှိသည့် သိုလှောင်ရုံများအခြေအနေ လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁၁

ပြည်ပပို့ကုန်တိုးမြှင့်ရေးနှင့် အရန်ဆန်စုဆောင်းရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ဒုတိယသမ္မတ ဦးညီစော တက်ရောက်အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❑

ယနေ့ ဖတ်စရာ

အကြီးစားလေအားလျှပ်စစ်စီမံကိန်းများအတွက် ဖြစ်မြောက်နိုင်စွမ်း လေ့လာမှုကို ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့်ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိရာ စီမံကိန်း ၃၀၊ စုစုပေါင်း ၅၁၀၈ မဂ္ဂါဝပ်ကို ဖြစ်မြောက်နိုင်စွမ်း လေ့လာမှုဆောင်ရွက်လျက်ရှိ

လွတ်တော်ရေးရာ စာ ၄

မြို့နယ်ဒေသန္တရ အုပ်ချုပ်ရေးကောင်းမွန်စွာလည်ပတ်နိုင်မှု၊ အင်တာနက်လိုင်း ရရှိမှုအခြေအနေတို့အပေါ်မူတည်၍ စစ်ကိုင်းတိုင်းဒေသကြီးတွင် Centralized e-Pension စနစ်တိုးချဲ့ရန်ကျန်ရှိနေသည့် မြန်မာ့စီးပွားရေးဘဏ်ခွဲများကို ထပ်မံတိုးချဲ့ ဆောင်ရွက်ပေးသွားမည်

လွတ်တော်ရေးရာ စာ ၆

လွှတ်တော်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်း တင်သွင်းခြင်း၊ ရုပ်သိမ်းခြင်း၊ စိစစ်ခြင်းတို့နှင့်စပ်လျဉ်းသည့် နေ့ရက်များသတ်မှတ်ကြေညာ

ပြည်တွင်းသတင်း စာ ၈

အမျိုးသားပြတိုက် (နေပြည်တော်)၌ ပြခန်း ခုနစ်ခန်းကို ပြန်လည်ဖွင့်လှစ်ပြသလျက်ရှိပြီး သီဟသနပလ္လင်ပြခန်းကို မကြာမီထပ်မံ ဖွင့်လှစ်ပြသနိုင်ရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၁

အမျိုးသားပြတိုက် (နေပြည်တော်)ကို ယခင်က ပရိုင်းမိတ်နှင့် ကျောက်ဖြစ်ရုပ်ကြွင်းပြခန်း၊ သမိုင်းမတင်မီခေတ်ပြခန်း၊ သမိုင်းတင်ခေတ်ဦးပြခန်း၊ သမိုင်းတင်ခေတ် (အေဒီ ၁၁ ရာစုမှ ၁၄ ရာစု) ပြခန်း၊ မြန်မာ့ပန်းချီပြခန်း၊ မြန်မာ့အနုသုခုမပြခန်း၊ ဗုဒ္ဓအနုပညာပြခန်း၊ သီဟသနပလ္လင်ပြခန်း၊ နိုင်ငံတော်သမ္မတများ အသုံးပြုခဲ့သည့် မော်တော်ယာဉ်များပြခန်း၊ လက်မှုအနုပညာပြခန်း၊ အာဆီယံပြခန်း၊ ကလေးသူငယ်ပညာပေးပြခန်း၊ လက်ဆောင်ပစ္စည်းပြခန်း အစရှိသည်ဖြင့် ပြခန်း(၁၃)ခန်း ခင်းကျင်းပြသခဲ့ရာမှ ၂၀၂၅ ခုနှစ် ဝင်ငွေကြောင့် ထိခိုက်ပျက်စီးမှုများအား ပြန်လည်ပြုပြင်၍

စာမျက်နှာ ၅ ကော်လံ ၁ ❋


NSSA အနေဖြင့် ၂၀၁၄ ခုနှစ်မှ ၂၀၂၆ ခုနှစ် အောက်တိုဘာလအထိ အလုပ်အကိုင် (၄၂) မျိုးတွင် ကျွမ်းကျင်မှုအဆင့်-၁ (၃၀၃၁၆) ဦး၊ အဆင့်-၂ (၃၂၃၉)ဦးနှင့် အဆင့်-၃ (၂၅) ဦးကို အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်များ ပေးအပ်နိုင်ခဲ့

ရန်ကုန် နိုဝင်ဘာ ၁၁

NSSA အနေဖြင့် ၂၀၁၄ ခုနှစ်မှ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလအထိ အလုပ်အကိုင် (၄၂) မျိုးတွင် ကျွမ်းကျင်မှုအဆင့်-၁ (၃၀၃၁၆) ဦး၊ အဆင့်-၂ (၃၂၃၉) ဦးနှင့် အဆင့်-၃ (၂၅) ဦး စုစုပေါင်း (၃၃၅၈၀) တို့အား အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ပေးအပ်နိုင်ခဲ့ပြီးဖြစ်၍

စာမျက်နှာ ၉ ကော်လံ ၁ ✪

အားအလွန်ကောင်းသော အယ်လ်နီညိုအခြေအနေတွင် ဆက်လက်တည်ရှိနေ



နေပြည်တော် နိုဝင်ဘာ ၁၁

ကမ္ဘာ့မိုးလေဝသ အဖွဲ့ချုပ်နှင့် နိုင်ငံတကာ ရာသီဥတုဗဟိုဌာနများ၏ ထုတ်ပြန်ချက်များကို အခြေခံ၍ ခန့်မှန်းသုံးသပ်ချက်များအရ အီကွေတာအနီးရှိ အပူပိုင်း ပစိဖိတ်သမုဒ္ဒရာ အရှေ့အလယ်ပိုင်းတွင် ပင်လယ်ရေမျက်နှာပြင်အပူချိန်မှာ ပုံမှန်အပူချိန် အထက်သို့ ၁ဒသမ၅ ဒီဂရီဆဲလ်စီးယပ်မှ

စာမျက်နှာ ၃ ကော်လံ ၄ ▲



အာကာသဆိုင်ရာပန်းချီ/ ကာတွန်း/ ပို့စတာပြိုင်ပွဲနှင့် အာကာသနည်းပညာဆိုင်ရာ ပြခန်းများသို့ လာရောက်ကြည့်ရှုသူများဖြင့် အထူးစည်ကား

နေပြည်တော် နိုဝင်ဘာ ၁၁

နေပြည်တော်ကောင်စီနှင့် မြန်မာအာကာသအေဂျင်စီတို့ ကြီးမှူးကျင်းပသည့် အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ/ ကာတွန်း/ ပို့စတာပြိုင်ပွဲနှင့် အာကာသ နည်းပညာဆိုင်ရာ ပြခန်းများဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က အပြည်ပြည်ဆိုင်ရာ ကွန်ပင်ရှင်းဗဟိုဌာန-၁ (MICC-1) ၌ ကျင်းပပြီး မူလတန်းအဆင့်၌ “အာကာသအိပ်မက်” ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ကြကာ ယနေ့တွင် အခြေခံပညာအလယ်တန်းအဆင့် အာကာသဆိုင်ရာ ပန်းချီ/ ကာတွန်း/ ပို့စတာပြိုင်ပွဲကို “လူသားနှင့် အနာဂတ် အာကာသ” ခေါင်းစဉ်ဖြင့် ကျင်းပသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

ပြည်ပဈေးကွက်အလားအလာရှိသော ဆန်စပါးကဏ္ဍကို ဦးစားပေးမြှင့်တင်

ဆန်သည် မြန်မာနိုင်ငံ၏ အဓိက စားသုံးကုန်ဖြစ်သကဲ့သို့ နိုင်ငံခြားသို့ တင်ပို့၍ ပြည်ပဝင်ငွေ ရှာဖွေရာတွင်လည်း အရေးပါသည့် ပို့ကုန်တစ်ခု ဖြစ်သည်။ ပြည်ပသို့ နှစ်စဉ် ဆန်တန်ချိန် နှစ်သန်းကျော်နှင့် ဆန်ကွဲ တန်ချိန် သုံးသိန်းကျော်အထိ တင်ပို့မှုမှ ဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၁၀၀၀ ခန့် ရရှိလျက်ရှိသည်။

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ဆန်နှင့် ဆန်ကွဲ စုစုပေါင်း တန်ချိန် ၃ သန်း တင်ပို့ရန် နိုင်ငံတော်ကလျာထားပြီး ယင်းမှ အမေရိကန်ဒေါ်လာ ၁၁၇၉ သန်း ရရှိရန် ရည်မှန်းထားသည်နှင့်အညီ ၂၀၂၆-၂၀၂၇ မိုးစပါးသီးနှံ ပြည်ပပို့ကုန် ဆန်စပါးစိုက်ပျိုးရေးဇုန် (Rice Export Zone - REZ) စီမံကိန်းကို နေပြည်တော်ကောင်စီနယ်မြေ၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး တို့တွင် စုစုပေါင်း ၈၈ ခု ဒသမ ၄ သိန်းကျော် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

၂၀၂၆ ခုနှစ်၊ ဩဂုတ်လကုန်အထိ ဆန်နှင့် ဆန်ကွဲ တန်ချိန် ၈၄၈,၂၇၈ တန် တင်ပို့ခဲ့ရာ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၉၁ သန်း ရရှိခဲ့သည်။ မြန်မာ့ဆန်နှင့် ဆန်ကွဲကို ဖိလစ်ပိုင်နိုင်ငံက အများဆုံးဝယ်ယူခဲ့ပြီး တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ ပိုလန်၊ ဘူလ်ဂေးရီးယား၊ စပိန်၊ နယ်သာလန်၊ ချက်နှင့် အမေရိကန်ပြည်ထောင်စုတို့လည်း ပါဝင်သည်ဟု သိရသည်။ မြန်မာနိုင်ငံသည် ၂၀၂၈ ခုနှစ်တွင် ဆန်နှင့်ဆန်ကွဲ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂ ဘီလီယံအထိ ဝင်ငွေရရှိရန် ရည်မှန်းထားရာ အဆိုပါ ရည်မှန်းချက်ပြည့်မီစေရန် နှစ်စဉ် ဆန်တင်ပို့မှုပမာဏကို တန်ချိန် ၄ သန်းမှ ၅ သန်းအထိ တိုးမြှင့်နိုင်ရေးနှင့် ပြည်ပပို့ကုန် ဆန်စပါးစိုက်ပျိုးရေးဇုန်ဧရိယာများ တိုးချဲ့ရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။

ပြည်ပပို့ကုန် ဆန်စပါးစိုက်ပျိုးရေးဇုန် (REZ) အစီအစဉ်သည် ဆန်စပါးစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချမှု export value chain ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆန်စပါးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး အတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ ပူးပေါင်းဆောင်ရွက်သည့် အစီအစဉ်ဖြစ်သည်။ အဆိုပါ အစီအစဉ်မှ တစ်ဆင့် တောင်သူလယ်သမားများ၏ စိုက်ပျိုးထုတ်လုပ်မှုနှင့် ဝင်ငွေ တိုးတက်လာစေရေး၊ ကျေးလက်လူနေမှုဘဝ မြှင့်တင်နိုင်ရေးနှင့် ပြည်ပပို့ကုန် ဆန်စပါး၏ အရည်အသွေးနှင့် အရေအတွက် တိုးတက်လာစေရေးအတွက်လည်း ရည်ရွယ်သည်။

REZ အစီအစဉ်တွင် ပြည်ပပို့ကုန် ကုမ္ပဏီများ၊ တစ်ကွင်းတစ်စပ်တည်း ၈၈ ၃၀၀ အထက် စိုက်ပျိုးနိုင်သည့် လယ်ယာကုန်ထုတ် သမဝါယမအသင်းများ၊ ကန်ထရိုက်လယ်ယာ ဆောင်ရွက်နေသည့် ကုမ္ပဏီများ၊ တောင်သူလယ်သမား အစုအဖွဲ့များ၊ ဆန်စက်လုပ်ငန်းရှင်များနှင့် MSME လုပ်ငန်းများ ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ကြောင်း ဖိတ်ခေါ်ခဲ့ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ ပူးပေါင်းဆောင်ရွက်သည့် ပြည်ထောင်စုအဆင့် ပြည်ပတင်ပို့မည့် ဆန်စပါးစိုက်ပျိုးရေးဇုန် လုပ်ငန်းကြီးကြပ်မှုကော်မတီက မူဝါဒ၊ စည်းကမ်းသတ်မှတ်ချက်များ၊ ညွှန်ကြားချက်များ၊ စံလုပ်ထုံးလုပ်နည်းများအား အခါအားလျော်စွာ ဆောင်ရွက်ပေးခြင်း၊ ပြည်ပပို့ကုန် ဆန်စပါးစိုက်ပျိုးရေးဇုန်အတွက် ရေးဆွဲထားသော စီမံချက်၊ စာချုပ်များအပေါ် လမ်းညွှန်မှုပြုခြင်း၊ ချေးငွေဆိုင်ရာ ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများ ကိုက်ညီမှုရှိစေရေး ထိန်းကျောင်းကြပ်မတ်ခြင်း၊ Exporter ကုမ္ပဏီနှင့် တောင်သူများ အကြား အငြင်းပွားမှုများ ပေါ်ပေါက်လာပါက ဖြေရှင်းဆုံးဖြတ်ပေးရေး အပါအဝင် လုပ်ငန်းတာဝန်များ ဆောင်ရွက်နေခြင်းဖြစ်သည်။

နိုင်ငံတော်အနေဖြင့် ပို့ကုန်မြှင့်တင်ရေးကို ဦးစားပေး ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ၏ ရေ၊ မြေ၊ ရာသီဥတုနှင့် ကိုက်ညီပြီး ပြည်ပစျေးကွက်သို့ ပို့မိအလားအလာရှိသော ဆန်စပါးကဏ္ဍ မြှင့်တင်ခြင်းသည် အချိန်တိုအတွင်း ရလဒ်ပေါ်ပေါက်စေနိုင်သည့် (Quick Win) အစီအစဉ် တစ်ခုပင်ဖြစ်သည်။ သို့ဖြစ်ရာ ဆန်စပါးကဏ္ဍကို ဦးစားပေး ဆောင်ရွက်ရန်လိုအပ်ပြီး အရည်အသွေးနှင့် အထွက်နှုန်း ပိုမိုကောင်းမွန်သည့် ဆန်စပါးတိုးချဲ့ ထုတ်လုပ်ရေးနှင့် ပြည်ပနိုင်ငံများသို့ ပို့မိတင်ပို့နိုင်ရေးကို ဦးစားပေးလုပ်ငန်းစဉ်တစ်ခုအနေဖြင့် ဆောင်ရွက်သွားရန် လိုအပ်သည်။ ပြည်ပပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေးအတွက် အကောင်အထည်ဖော်နေသည့် အမျိုးသားပို့ကုန်မဟာဗျူဟာ၏ ဦးစားပေး ပို့ကုန်အမယ်များတွင် ဆန်နှင့် ဆန်ထွက်ပစ္စည်းကဏ္ဍ လည်း ပါဝင်လျက်ရှိသည်။

ဆန်စပါးတင်ပို့မှုမြှင့်တင်ရေး မဟာဗျူဟာ၏ မျှော်မှန်းချက်သည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝင်ငွေတိုးပွားလာစေရေး အတွက် အရည်အသွေးမြင့်မားပြီး သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်မည့် ရေရှည်ဖွံ့ဖြိုးတိုးတက်သည့် ဆန်စပါးထုတ်လုပ်ရေးနှင့် တင်ပို့ရေးပင်ဖြစ်ရာ မြန်မာ့ဆန်နှင့် ဆန်ထွက်ပစ္စည်းများ စံချိန်စံညွှန်း အရည်အသွေး ကောင်းမွန်စွာဖြင့် ပြည်ပဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားရေး ဆန်စပါးလောကသားအားလုံးက ကြိုးပမ်း ဆောင်ရွက်ကြရပါမည့်အကြောင်း။

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မင်းသိဏ်း ကို ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင် ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၁၁ - ၁၁ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၇၁၀၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

အသိပေးကြေညာခြင်း

နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် နေပြည်တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့တော်သန့်ရှင်း၊ သပ်ရပ်၊ သာယာ၊ လှပစေရေး စီစဉ်ကြပ်မတ်ဆောင်ရွက်လျက်ရှိရာ ယခုကာလသည် ပွင့်လင်းရာသီကာလရောက်ရှိလာပြီဖြစ်ပြီး အယ်လ်ခဲ့ည်ုရာသီဥတုဖြစ်စဉ်တို့ကြောင့် မီးဘေးအန္တရာယ်ကြုံတင်ကာကွယ်ရန်နှင့် မြို့တော်စည်ပင်သာယာမှုရှိစေရန်အတွက် မြို့နယ်များအတွင်းရှိ လူနေထိုင်ခြင်းရှိသည့် မြေကွက်နှင့် လူနေထိုင်ခြင်းမရှိသည့် မြေကွက်များ၏ မြေကွက်ပိုင်ရှင် သို့မဟုတ် မြေကွက်နှင့်စပ်လျဉ်း၍ တာဝန်ရှိသူသည် မိမိတို့မြေကွက်အတွင်းဧရိယာ၊ မြေကွက်၏ မျက်နှာစာ ခြံစည်းရိုးနှင့် လမ်းနယ်နိမိတ်အကြားတို့တွင် အမြင့် မတွင့်တယ်သည့် မြက်/ချုံနွယ်ပိတ်ပေါင်းများကို မိမိတို့အစီအစဉ်ဖြင့် ရှင်းလင်းဖယ်ရှားပေးရန် လိုအပ်ပါကြောင်းနှင့် နိုင်ငံတော်၏ မြို့တော်ဖြစ်သော နေပြည်တော်ကို စည်ပင်သာယာမှုရှိစေရေး ပူးပေါင်းလိုက်နာ ဆောင်ရွက်ပေးပါရန် အသိပေးကြေညာအပ်ပါသည်။

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

(၁၁-၁၁-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၅၅ ~ ၃၆၇၁	၅၂၅.၃ ~ ၅၂၈.၇	၁၂၅.၃ ~ ၁၂၅.၇	၄၃.၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၁၈,၆၈၄,၉၈၈.၉၃	၆,၇၂၀,၁၀၇.၀၈	၂၄,၃၀၈,၁၇၈.၇၈	

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၂ - ၁၁ - ၂၀၂၆ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၄၅၃၀	၄၆၈၅	၄၆၃၅	၄၅၄၅	၄၆၈၅	၄၇၀၀	၄၇၃၅	၄၆၁၅	၄၉၈၀	၅၀၀၀	၄၆၃၅	၄၇၉၀	၄၇၂၅	၄၆၈၅	၄၆၈၅	၄၉၂၅
95 Ron	၄၅၅၀	၄၇၀၅	၄၆၆၀	၄၅၆၅	၄၇၁၀	၄၇၂၅	၄၇၆၀	၄၆၃၅	၅၀၀၅	၅၀၃၅	၄၆၆၀	၄၈၀၅	၄၇၅၀	၄၇၀၅	၄၇၀၅	၄၉၄၅
HSD (500 ppm)	၄၄၅၅	၄၇၀၅	၄၆၅၅	၄၄၇၀	၄၇၁၀	၄၇၂၀	၄၇၄၅	၄၆၆၀	-	၅၀၂၀	၄၆၅၅	၅၂၂၀	၄၇၄၅	၄၇၀၅	၄၇၀၅	၄၉၄၅
HSD (50 ppm)	၅၂၂၀	၅၆၀၅	၅၆၂၅	၅၂၃၅	၅၆၀၅	၅၆၄၅	၅၇၂၅	၅၆၀၅	၅၉၃၅	၆၀၀၅	၅၆၂၅	၅၈၀၀	၅၇၀၅	၅၆၀၅	၅၆၀၅	၅၉၃၅
HSD (10 ppm)	၅၂၂၀	၅၆၀၅	၅၆၂၅	၅၂၃၅	၅၆၀၅	၅၆၄၅	၅၇၂၅	၅၆၀၅		၆၀၀၅	၅၆၂၅	၅၈၀၀	၅၇၀၅	၅၆၀၅	၅၆၀၅	၅၉၃၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၃၀၄	၄၄၂၄
95 Ron	၄၃၂၇	၄၄၄၈
HSD (500 ppm)	၄၃၄၆	၄၄၆၂
HSD (50 ppm)	၅၂၆၅	၅၄၀၀
HSD (10 ppm)	၅၂၆၅	၅၄၀၀

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိတ်ပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - ခင်ရတနာ
စာတည်းများ - ကျော်ဇေယျာဖြင့်၊ နေစာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန်ခွန်း၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
အကြီးတန်းသတင်းထောက် - ကျော်သူဝင်း၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မိုမိုအေးနှင့် ခွန်ဃနိတို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့်အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့

နေပြည်တော်- ဒုတိယစာတည်းမှူးချုပ် ၀၆၇-၃၆၁၄၅၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၄၇၊ ဖက်စ် ၀၆၇-၃၆၁၄၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိလိန်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၁၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၁၊ ဈေး ၀၁-၅၄၄၃၁၅၊ ဒွေဘရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၀၊ Fax ၀၁-၅၄၆၂၂၀၊ ၀၆၇-၃၆၁၄၄၀၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၀၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
mmalin.npt@gmail.com

MYANMAR Digital News Presented by NPE www.mdn.gov.mm

E-paper

တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ် ၈၇ / ၂၀၂၆
၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်
(၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်)

တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဃ)၊ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၄၅ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ (ဃ) တို့အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယှဉ်တွဲပါ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဒေါ်စန္ဒာကျော် ပဲခူးတိုင်းဒေသကြီး
(၂) ဒေါ်မြတ်သီတာအောင် မန္တလေးတိုင်းဒေသကြီး

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

▲ ***ရှေ့ဖုံးမှ***

၂ ဒသမ ၈ ဒီဂရီ ဆဲလ်စီးယပ်အထိပိုနေပြီး လေထုဖြစ်စဉ်များမှာ အားအလွန်ကောင်းသောအယ်လ်နီညို အခြေအနေတွင် ဆက်လက်တည်ရှိနေသည်။ ၂၀၂၆ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင် အယ်လ်နီညိုအမြင့်ဆုံးအခြေအနေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့်ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါ အယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ မိုးရွာသွန်းမှုပုံစံ မူမမှန်ခြင်း၊ မနံ့တိုင်းဖြစ်ပေါ်မှုများ မူမမှန်ခြင်း၊ လာမည့်ဆောင်းရာသီနှင့် နွေရာသီကာလများတွင် အပူချိန်များမြင့်မားခြင်း၊ မိုးခေါင်ရေရှားခြင်း စသည့်အန္တရာယ်များ ဖြစ်ပေါ်နိုင်သည်။

အဆိုပါ အယ်လ်နီညိုဖြစ်စဉ်ကြောင့် လာမည့် ဆောင်းရာသီနှင့် နွေရာသီကာလများ၌ အပူချိန် မြင့်မားခြင်းနှင့် ရေရှားပါးမှုများ ဖြစ်ပေါ်လာနိုင်ပြီး မြစ်ချောင်း၊ အင်းအိုင်၊ ရေတွင်း၊ ရေကန်များတွင် ရေနည်းပါးနိုင်ခြင်း၊ သောက်သုံးရေနှင့် စိုက်ပျိုးရေ ပြတ်လပ်ခြင်း၊ ရေမလုံလောက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်း၊ အပူလှိုင်းများ ခြောက်ခြင်း၊ ရေရှားပါးမှုမှတစ်ဆင့် ဝမ်းပျက်၊ ဝမ်းလျှောရောဂါ ဖြစ်ခြင်း၊ ရေလောင်တမံများတွင် ရေဝင်နည်းပါးခြင်းကြောင့် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်မှု လျော့နည်းသွားနိုင်၍ လျှပ်စစ်ဓာတ်အားလိုအပ်ချက် မြင့်မားလာခြင်းတို့ ဖြစ်ပေါ်နိုင်ပါသဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင် ဆောင်ရွက်နိုင်ပါရန် အကြံပြုထားပါသည်။

မိုး/၈လ

❖ **သဘာဝကပေး ရေချိုအေး၊ ခန်းခြောက်မသွားအောင် ထိန်းသိမ်းပေး။**

❖ **မိုးခေါင်ရေရှား ရင်ဆိုင်ငြားက ရေချိုစုဆောင်း နောင်ရေးကောင်း၏။**

❑ ***ရှေ့ဖုံးမှ***

အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့်ခိုင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌမြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌနှင့် ပို့ကုန်လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတက မိမိတို့နိုင်ငံ၏ အဓိကသီးနှံမှာ ဆန်စပါးဖြစ်ပြီး အဓိကစိုက်ပျိုးရေးသီးနှံဖြစ်သည့်အတွက် နိုင်ငံတော်သမ္မတလမ်းညွှန်ထားရှိသော စပါးအထွက်နှုန်း တိုးတက်ကောင်းမွန်ရေး၊ ဆန်စပါးကဏ္ဍထုတ်လုပ်မှုတိုးတက်ရေးနှင့် ပြည်ပစျေးကွက်ရရှိပြီး ပို့ကုန်တိုးမြှင့်ရေး လိုက်နာဆောင်ရွက်နေမှုအခြေအနေများ၊ မြန်မာ့ဆန်စပါးညီလာခံ-၂၀၂၂ ကျင်းပနိုင်ခဲ့မှုနှင့် ညီလာခံမှ ဖော်ထုတ်ရရှိခဲ့သည့် ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များ၊ သိုလှောင်ရုံများကို မြန်မာဆန်စပါး အွန်လိုင်းတွင် လွယ်ကူလျင်မြန်စွာ စနစ်တကျစီစစ်မှတ်ပုံတင်ထားရှိနိုင်ရေး၊ အတည်ပြုထားသော သိုလှောင်ရုံလိုင်စင်အတွက် ဒီဂျစ်တယ်လက်မှတ်ထုတ်ပေးနိုင်ရေးနှင့် "ပြည်တွင်းဆန်စျေးနှုန်း တည်ငြိမ်ရေးနှင့် သဘာဝဘေးအန္တရာယ်ကျရောက်သည့် ဒေသများတွင် ထိရောက်သည့်ပံ့ပိုးမှုပေးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကယူးပေါင်းပြီး သင့်တော်သည့် ပမာဏတစ်ရပ်ကို အရန်ဆန်အဖြစ် နှစ်စဉ်စုဆောင်းထားနိုင်ရေး" အချက်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အခြေအနေများ၊ ပြည်တွင်း၌ ဆန်စပါးဖူလုံရေး၊ ပြည်ပစျေးကွက်ရရှိရေးနှင့် စနစ်တကျ တင်ပို့ရောင်းချနိုင်ရေး၊ ပြည်တွင်းစျေးနှုန်း တည်ငြိမ်မှုနှင့် ဆန်စပါးသိုလှောင်မှုအခြေအနေများကို စနစ်တကျစာရင်းပြုစု မှတ်ပုံတင်ထားရှိမှုအခြေအနေများ၊ သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့်ဒေသများရှိ ပြည်သူများအား အဓိကစားရေရိက္ခာဆန်ကို ဖြန့်ဖြူးထောက်ပံ့သွားနိုင်ရန် စုဆောင်းထားရှိမှုအခြေအနေများ၊ စူပါအယ်လ်နီညို သဘာဝဘေးကျရောက်လျှင် ရာသီဥတုဖောက်ပြန်နိုင်သည့်အတွက် အရန်ဆန်ပို့းမြှင့် စုဆောင်းခြင်း ဆောင်ရွက်နေမှုအခြေအနေများကို အသေးစိတ်ရှင်းလင်းပြောကြားပြီး အရန်ဆန်ပို့းမြှင့် စုဆောင်းနိုင်ရေးအတွက် သက်ဆိုင်သည့်ဌာန၊ အဖွဲ့အစည်းအားလုံး လိုအပ်သလို ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌက ဆန်စပါးစျေးကွက်အခြေအနေ၊ အရန်ဆန် ထားရှိမှုအခြေအနေနှင့် ပြည်ပသို့ ဆန်နှင့် ဆန်ကွဲ တင်ပို့မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသည့် အသင်းချုပ်များ၊ ဌာနဆိုင်ရာများနှင့် ပို့ကုန်လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများက အရန်ဆန်သိုလှောင် ထားရှိမှု၊ သဘာဝဘေးဒဏ်သင့်ဒေသများသို့ ဆန် ထောက်ပံ့မှု၊ ပို့ကုန်တင်ပို့မှုနှင့် ပြည်ပပို့ကုန်တိုးမြှင့်ရေး ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်း တင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတက တင်ပြချက်များအပေါ်ပြန်လည်သုံးသပ်ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်စပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကား ပြောကြား၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် ဒုတိယသမ္မတသည် ရွှေပြည်သာဖြို့နယ်နှင့် လှိုင်သာယာဖြို့နယ်အတွင်း ရှိ ပို့ကုန်အခြေပြု အရန်ဆန်သိုလှောင်ရုံများ၌ အရန်ဆန်များ သိုလှောင်ထားရှိမှုအခြေအနေကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ လွှတ်တော်သို့လာရောက်လေ့လာသည့် ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့ ဗိုလ်တထောင်ခရိုင်မှ ဒေသခံပြည်သူများအား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၁

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် တတိယအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ အစည်းအဝေးသို့ လာရောက်လေ့လာသည့် ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့ ဗိုလ်တထောင်ခရိုင်မှ ဒေသခံပြည်သူများအား ယနေ့ မွန်းလွဲပိုင်းတွင် ပြည်သူ့လွှတ်တော် (C)ဆောင် ဒုတိယထပ်ရှိ အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

လက်ဆင့်ကမ်းမျှဝေ

တွေ့ဆုံစဉ်ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီက ၂၀၂၅ ခုနှစ်တွင် လွှတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပပြီးနောက် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး ဟူ၍ မဏ္ဍိုင်ကြီး (၃) ရပ်ဖြင့် ဒီမိုကရေစီ အစိုးရသစ်တစ်ရပ် ပေါ်ပေါက်လာသည့် အခြေအနေများ၊ ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်သည့် လွှတ်တော်များ၏ ဖွဲ့စည်းပုံ၊ လုပ်ငန်းတာဝန်များ၊ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များ၊ လွှတ်တော်များ၏လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အထောက်အကူပြုသည့်ကော်မတီများ၏ ဖွဲ့စည်းပုံနှင့် သက်ဆိုင်ရာ ကဏ္ဍများအလိုက် ဆောင်ရွက်နေမှုအခြေအနေများကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

မဲဆန္ဒရှင် ပြည်သူများအနေဖြင့် လည်း မိမိတို့ရွေးချယ်ပေးလိုက်သည့် ကိုယ်စားလှယ်များ၏ စွမ်းဆောင်မှုများကို အလေးထား စောင့်ကြည့်ပြီး မိမိတို့၏ဒေသ အကျိုး၊ နိုင်ငံ့အကျိုးတို့ ဆောင်ရွက်နိုင်ရေး အကြံပြုတိုက်တွန်း သွားရန်နှင့် လွှတ်တော်ကို ပြည်သူများပိုမိုသိရှိစေရန် Social Media များမှတစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေသည့်အခြေအနေများ၊ လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ (၂၀၂၇-၂၀၃၁) ကို ချမှတ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ပြည်သူများ၏ လိုလားချက်များကို လွှတ်တော်မှ အလေးထား အကောင်အထည် ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းခဲ့ပြီး ယခုလို လွှတ်တော်သို့ စိတ်ပါဝင်စားစွာ လာရောက် လေ့လာကြသည့် ပြည်သူများအနေဖြင့်လည်း ယနေ့ကိုယ်တိုင် တွေ့ကြုံလေ့လာခဲ့ရသည့် လွှတ်တော်ဆိုင်ရာ ဗဟုသုတများကို လက်ဆင့်ကမ်းမျှဝေနိုင်ရန် ပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက အသေးစိတ် ရှင်းလင်းပြောကြားခဲ့သည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီးမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးဥဘဏ်ဝင်းထိုက်၊ ဦးစိုင်းလင်းလင်းထွဏ်း၊ ဦးဝင်းကျော်၊ ဦးကျော်စန်းဦး၊ ဒေါ်အေးမြမြကြင်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်



● ***ရှေ့ဖုံးမှ***

အနာဂတ်မျိုးဆက်သစ်လူငယ်မောင်မယ်များ အာကာသသိပ္ပံနှင့် နည်းပညာများကို စိတ်ဝင်စားပြီး အနုပညာမှ တစ်ဆင့် သိပ္ပံဆိုင်ရာစိတ်ကူးစိတ်သန်းများ ဖော်ထုတ်ပြသနိုင်ရန်ရည်ရွယ်ချက်ဖြင့် အဆိုပါပြိုင်ပွဲများကို ဆောင်ရွက်ပေးခြင်းဖြစ်သည်။

အာကာသနည်းပညာဆိုင်ရာပြဿနာများတွင် အာကာသနှင့် AI နည်းပညာသုံး စိုက်ပျိုးရေးစနစ်ပြဿနာ၊ အာကာသနှင့် AI နည်းပညာအသုံးချပြဿနာရှိ ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင် စောင့်ကြည့်လေ့လာရေးစနစ် ဂြိုဟ်တုနည်းပညာအသုံးချ Application များ၊ AI နှင့် အမေးအဖြေကဏ္ဍ၊ AI အသုံးပြုစိတ်ဝင်စားဖွယ်ဂိမ်းများ၊ စက်ရုပ်နည်းပညာပြဿနာ၊ သိပ္ပံ၊ နည်းပညာအင်ဂျင်နီယာနှင့် သချာပညာရပ်ပြဿနာ၊ နက္ခတ်တာရာနှင့် အာကာသသိပ္ပံပြဿနာ၊ အာကာသစူးစမ်းလေ့လာရေးပြဿနာ၊ နက်ရှိုင်းသော အာကာသစူးစမ်းလေ့လာရေး သုတေသနပြဿနာများပြသထားပြီး ပြဿနာများကို ယနေ့တွင် ကျောင်းသား ကျောင်းသူများနှင့် ပြည်သူ ၄၀၃၀ လာရောက်လေ့လာခဲ့ကြကြောင်းနှင့် အဆိုပါ ပြဿနာများကို နိုဝင်ဘာ ၁၃ ရက်အထိ နေ့စဉ် နံနက် ၈ နာရီခွဲမှ ညနေ ၆ နာရီအထိ လာရောက်လေ့လာနိုင်ကြောင်း သိရသည်။

နေပြည်တော်(ပြန်/ဆက်)

ထာဝရကုသိုလ်ရယူဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နေ့ ကျင်းပ

အကြီးစားလေအားလျှပ်စစ်စီမံကိန်းများအတွက် ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုကို ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့်ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိရာ စီမံကိန်း ၃၀၊ စုစုပေါင်း ၅၁၀၈ မဂ္ဂါဝပ်ကို ဖြစ်မြောက်နိုင်စွမ်း လေ့လာမှုဆောင်ရွက်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၁

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီးများနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လျှပ်စစ်မီးအချိန်ပြည့်ရရှိရေး၊ စာသင်ကျောင်းများ ပြုပြင်ပေးနိုင်ရေးနှင့် ကျောင်းဆောင်သစ်ဆောက်လုပ်ပေးနိုင်ရေး၊ ကိုယ့်အား ကိုယ်ကိုးကျောင်းအား အစိုးရကျောင်းအဖြစ် ဖွင့်လှစ်ပေးနိုင်ရေး၊ မြို့နယ်ချင်းဆက်လမ်းနှင့် တံတားများ ပြုပြင်ထိန်းသိမ်းပေးနိုင်ရေး၊ အင့်ဘးအိမ်ရာစနစ် ဖော်ဆောင်ပေးနိုင်ရေး၊ အဆင့်မြင့်ကင်ဆာကုထုံး စက်ကိရိယာများဆောင်ရွက်ပေးနိုင်ရေးနှင့် ဆေးရုံအဆင့်မြှင့်တင်ပေးနိုင်ရေး၊ Digital X-Ray စက်နှင့် ဆက်စပ်ပစ္စည်းများ ထောက်ပံ့ပေးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ မေးခွန်း ၁၄ ခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်မောင်၏ **ပုဂံမြို့ရှိရှင်အဇ္ဈဂေါဏဘုရား၏ ဘွဲ့အမည်အား “မဟာသမန်းကြီးဂူဘုရား”ဟု ပြောင်းလဲပေးနိုင်ခြင်း ရှိ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက ရှင်အဇ္ဈဂေါဏဘုရားကို မဟာသမန်းကြီးဂူဘုရားအဖြစ် ပြောင်းလဲခေါ်တွင်မည်ဆိုပါက ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသရှိ ရှေးဟောင်းစေတီပုထိုးများ၏ အမည်များမှာ ယူနက်စကို၏ မှတ်တမ်းအချက်အလက်များတွင် အတည်ပြုထားပြီးဖြစ်၍ UNESCO နှင့် ရေရှည်ညှိနှိုင်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ခု ဖြစ်လာနိုင်ပါကြောင်း၊ ထို့ပြင် ပါစပ်ရာဇဝင်အခေါ်ဖြင့် အသိအမှတ်ပြုထားသော ဘုရားစေတီများကိုလည်း အမည်ပြောင်းလဲခေါ်တွင်ရန် တောင်းဆိုမှုများရှိလာနိုင်ပါကြောင်း၊ ရှင်အဇ္ဈဂေါဏဘုရား ဩဝါဒါစရိယဆရာတော် ခုနှစ်ပါးကလည်း အလျှော့ရှင်၏အမည်ကို အစွဲပြု၍ ပြောင်းလဲခေါ်ဆိုခြင်းထက် လက်ရှိအများပြည်သူ ကြည်ညိုပူဇော်နေသည့် “ရှင်အဇ္ဈဂေါဏ” ဘုရားအမည်ကိုသာ ခေါ်ဆိုသင့်ပါကြောင်း ဩဝါဒပေးခဲ့ပါကြောင်း။

လက်ရှိအများပြည်သူ ကြည်ညိုပူဇော်နေပြီး ယုံကြည်ကိုးကွယ်မှုဆိုင်ရာ ဖြစ်နသည့်အတွက် ဂူဘုရားအမည်အား ပြောင်းလဲခြင်းမပြုဘဲ “ကျောက်စာပါ အမည်အမှန်ကို ကွင်းစကွင်းပိတ်ဖြင့် ယှဉ်တွဲဖော်ပြခြင်းနည်းလမ်းဖြင့် ဆောင်ရွက်ပါက” UNESCO သို့ တင်ပြအတည်ပြုထားချက်နှင့် ကွဲလွဲမှုမရှိနိုင်သည်ကို သုံးသပ်တွေ့ရှိရပါကြောင်း၊ ဘုရားအမည်နှစ်ခုအား ပူးတွဲဖော်ပြမည်ဆိုပါက ဒေသခံပြည်သူများနှင့် ဘုရားဖူးပြည်သူများ သိရှိနားလည်နိုင်ရန် အမတ်ကြီးမဟာသမန်းလင်မယားကျောက်စာပါစာသားများကို သမိုင်းပညာရှင်များ၊ သုတေသီများက သုံးသပ်စိစစ်၍ အတည်ပြုချက်ရယူခြင်း၊ ဘုရားပရိဝုဏ်အတွင်း ကျောက်စာပါအဓိပ္ပာယ် ဘာသာပြန်ဆိုချက်အား အသိပေးဆိုင်းဘုတ်ဖြင့် ဖော်ပြထားခြင်း၊ သာသနာရေးဝန်ကြီးဌာနသို့ ညှိနှိုင်းခြင်းနှင့် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများအား ရှင်းလင်းအသိပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။



သာပေါင်းမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး၏ **“လျှပ်စစ်မီး” အား (၂၄)နာရီ အချိန်ပြည့်ပေးနိုင်ရန် ရေတို၊ ရေရှည်စီမံကိန်းများ ဆောင်ရွက်ထားမှု ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က မြန်မာနိုင်ငံ၏ စွမ်းအင်မူဝါဒနှင့်အညီ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုကို စွမ်းအင်အရင်းအမြစ်တစ်မျိုးတည်းကို မှီခိုနေရခြင်းမဖြစ်စေရန် ပြန်ပြည့်မြဲစွမ်းအင်၊ သဘာဝဓာတ်ငွေ့နှင့် အခြားအရင်းအမြစ်များကို ပေါင်းစပ်အသုံးပြုသည့် Generation Mix ကို အခြေခံဆောင်ရွက်လျက်ရှိပါကြောင်း၊ နျူကလီးယားဓာတ်အားပေးစက်ရုံ တည်ဆောက်ရန်စီစဉ်ရာတွင် အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ လမ်းညွှန်ချက်များ၊ စံသတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ခြင်းဖြစ်၍ အချိန်ယူပြင်ဆင်ဆောင်ရွက်ပြီးမှ စတင်တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း၊ လက်ရှိတွင် စီမံကိန်းအကြိုဖြစ်မြောက်နိုင်စွမ်း လေ့လာမှုလုပ်ငန်းကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုင်ငံပိုင်အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း၏ အကူအညီဖြင့် ဆောင်ရွက်ပြီးဖြစ်၍ ပထမအဆင့်တွင် အငယ်စားနျူကလီးယားဓာတ်အားပေးစက်ရုံ ၅၅ မဂ္ဂါဝပ် နှစ်လုံး စုစုပေါင်း ၁၁၀ မဂ္ဂါဝပ်ကို တည်ဆောက်ရန် ရွေးချယ်လျာထားပါကြောင်း။

လျှပ်စစ်ဓာတ်အားထုတ်ယူမှု ရေတို၊ ရေရှည်စီမံကိန်းများကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ အဓိကဆောင်ရွက်သွားမည်ဖြစ်ပြီး သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ အဏုမြူစွမ်းအင်ဦးစီးဌာနအနေဖြင့် နျူကလီးယားနည်းပညာဆိုင်ရာများကို ပူးပေါင်းဆောင်ရွက်ခြင်း၊ နျူကလီးယားစွမ်းအင်ကို အသုံးပြုရာတွင် ပြည်သူလူထုနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေရန် ဘေးကင်းလုံခြုံစွာဆောင်ရွက်နိုင်ရေးအတွက် ထိန်းကျောင်းကြပ်မတ်မှုလုပ်ငန်းများကို အဓိကထား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရ၏အစီအစဉ် သို့မဟုတ် ပုဂ္ဂလိက အစီအစဉ်များဖြင့် ဆောင်ရွက်လျက်ရှိသည့် Solar+ Hybrid စီမံကိန်းများနှင့် Solar mini grid စီမံကိန်းများအား လုပ်သာကိုင်သာရှိစေရန် ဆောင်ရွက်ထားရှိပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင် (သိလဝါ) နှင့် သာကေတတို့တွင် ပထမအဆင့် ၅၀၀ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့ရည် (LNG) သုံး ဓာတ်အားပေးစက်ရုံများမှ ဓာတ်အားထုတ်လုပ်ရာတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းနှင့် Astra Power Co.,Ltd.တို့အကြား LNG တင်သွင်းခြင်းအတွက် Sale and Purchase Agreement(SPA)ကို ၂၀၂၅ နိုဝင်ဘာတွင်လည်းကောင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းနှင့် CNTIC VPower Energy Myanmar Co., Ltd. တို့အကြား စက်ရုံမှဓာတ်အားထုတ်လုပ်ပေးခြင်းအတွက် ဓာတ်အားဝယ်ယူရေးစာချုပ်ကို ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီတွင်လည်းကောင်း လက်မှတ်ရေးထိုးခဲ့ပြီး စီးပွားဖြစ်ဓာတ်အား ထုတ်လုပ်ပေးလျက်ရှိပါကြောင်း၊ ထို့ပြင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် အကြီးစားလေအားလျှပ်စစ်စီမံကိန်းများအတွက် ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုကို ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့်ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိရာ စီမံကိန်း ၃၀၊ စုစုပေါင်း ၅၁၀၈ မဂ္ဂါဝပ်ကို ဖြစ်မြောက်နိုင်စွမ်း လေ့လာမှုဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

မြောင်းမြဆန္ဒနယ်မှ ဒေါ်မြင့်စန္ဒာအောင်၏ **မြောင်းမြမြို့နယ် အမက-ရွှေဒါးကုန်းကျောင်းနှင့် အ.ထ.က - ကဝက်ကျောင်းတို့အား ပြုပြင်ပေးရန် အစီအစဉ် ရှိ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ရွှေဒါးကုန်းအခြေခံပညာမူလတန်းကျောင်းရှိ အန္တရာယ်ဆောင် ပေ (၆၀ x ၃၀) အုတ်ညှာ် တစ်ထပ်အား ဖျက်သိမ်း၍ ပေ (၆၀ x ၃၀) RCC တစ်ထပ် ဆောက်လုပ်ရန် နောင်လာမည့် ဘဏ္ဍာရေးနှစ်များတွင် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ်မူတည်၍ တိုင်းဒေသကြီး၏ တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ထို့အတူ မြောင်းမြမြို့နယ် ကဝက်-အခြေခံပညာအထက်တန်းကျောင်းတွင် အန္တရာယ်ဆောင် ပေ (၁၈၀ x ၃၀) အုတ်ညှာ် တစ်ထပ်အား ဖျက်သိမ်း၍ ပေ (၁၂၀ x ၃၀) RCC တစ်ထပ်ဆောက်လုပ်ရန် နောင်လာမည့်ဘဏ္ဍာရေးနှစ်များတွင် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ်မူတည်၍ တိုင်းဒေသကြီး၏ တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကျောင်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာထိန်ဝင်း၏ **ကျောင်းကုန်းမြို့နယ် ဆူးပဒေါင်းကွင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းအား RC တစ်ထပ် ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရန် မည်သည့် ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကိုသိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ဆူးပဒေါင်းကွင်း - အခြေခံပညာမူလတန်းကျောင်းတွင် လက်ရှိယာယီကျောင်းဆောင် တစ်ဆောင်တည်း၌ စာသင်ကြားနေရပါသဖြင့် အဆိုပါကျောင်းရှိ အန္တရာယ်ဆောင် ပေ (၉၀x၃၀) သွပ်မိုး၊ အုတ်ညှာ်တစ်ထပ်အား ဖျက်သိမ်း၍ ပေ (၁၂၀ x ၃၀) RCC တစ်ထပ်ဆောက်လုပ်ရန်နောင်လာမည့်ဘဏ္ဍာရေးနှစ်များတွင် ငွေလုံးငွေရင်း(တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ်မူတည်၍ တိုင်းဒေသကြီး၏ တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မြို့သစ်မဲဆန္ဒနယ်မှ ဦးစိုးဝင်း၏ **မြို့သစ်မြို့နယ် ဖုတ်ကုန်းကျေးရွာ ကိုယ့်အားကိုယ်ကိုး အခြေခံပညာမူလတန်းကျောင်းအား အစိုးရအခြေခံ မူလတန်းကျောင်းအဖြစ် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ညောင်ဇင် ကျေးရွာအုပ်စု ဖုတ်ကုန်းကျေးရွာ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းသည် ပင်မကျောင်းဖြစ်သော ညောင်ဇင်-အခြေခံပညာအထက်တန်းကျောင်း(ခွဲ) နှင့် ၁ ဒသမ ၅ မိုင်သာကွာဝေးပါသဖြင့် ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းအဆင့်မှ အခြေခံပညာမူလတန်းကျောင်း(ခွဲ)အဖြစ် ကျောင်းအဆင့်တိုးမြှင့်ရန် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိပါသဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

ကလေးဝမဲဆန္ဒနယ်မှ ဦးတင်ထွန်းလွင်၏ **ကလေးနှင့်ကလေးဝမြို့နယ်သို့ ဆက်သွယ်ထားသည့်လမ်းနှင့် တံတားများပြုပြင်ထိန်းသိမ်းခြင်းကို မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ကလေးဝ-ကျိုက်ကုန်း-ကလေး လမ်းပိုင်း၌ ပျက်စီးနေသောနေရာများ ပြင်ဆင်ရန် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်ပြည်ထောင်စုနှင့် တိုင်းဒေသကြီးရန်ပုံငွေတို့ဖြင့် ၁၈ ပေအကျယ် ကတ္တရာကွန်ကရစ်ထပ်ပိုးလွှာခင်းခြင်း ၁ မိုင် ၅ ဖာလုံနှင့် ကတ္တရာထပ်ပိုးလွှာခင်းခြင်း ၃ ဒသမ ၅ ဖာလုံ လုပ်ငန်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး လျာထားရန်ပုံငွေဖြင့် ကတ္တရာကွန်ကရစ်ထပ်ပိုးလွှာခင်းခြင်း ၁ မိုင် ၅ ဒသမ ၅ ဖာလုံနှင့် Box Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အလားတူလမ်းပိုင်းပေါ်ရှိတံတားများနှင့်ပတ်သက်၍ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ကလေးဝ-ကျိုက်ကုန်းလမ်းပေါ်ရှိ သံပေါင်ဘောလီတံတား အစင်း ၂၀ ၏ ပျက်စီးနေသော C-Channel ကြမ်းခင်း၊ သံပေါင်ဘောလီနှင့် ဆက်စပ်ပစ္စည်းများ လဲလှယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကျိုက်ကုန်းနှင့် တမူးကြားရှိ တံတား ငါးစင်းအား အမြဲတမ်းသံကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင် တည်ဆောက်သွားမည်ဖြစ်ပြီး ကျန်တံတားများကိုလည်း ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဘဏ္ဍာရေးနှစ်အလိုက် ဆက်လက်အဆင့်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

နောင်မွန်းမဲဆန္ဒနယ်မှ ဦးရယ်ခမ်းတန်၏ **ပူတာအို-မချမ်းဘော-နောင်မွန်း ကားလမ်းရှိ နောင်မွန်းမြို့အပိုင်းအား အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ပူတာအို- မချမ်းဘော- နောင်မွန်း လမ်းသည် ကချင်ပြည်နယ်အစိုးရအဖွဲ့က စီမံခန့်ခွဲသည့် လမ်းအရှည် ၆၁ မိုင် ရှိပါကြောင်း၊ လက်ရှိလမ်းအခြေအနေမှာ ကွန်ကရစ်လမ်း ၈ မိုင် ၂ ဖာလုံ၊ ကတ္တရာလမ်း ၁၀ မိုင် ၅ ဖာလုံနှင့် အမာခံလမ်း ၄၂ မိုင် ၁ ဖာလုံ

စာမျက်နှာ ၅ သို့

စာမျက်နှာ ၄ မှ

ဖြစ်ပါကြောင်း၊ အဆိုပါလမ်းပိုင်း ၆၁ မိုင်တွင် မိုင်တိုင် ၂၉ မှ ၆၁ အထိ ၃၂ မိုင်သည် နောင်မွန်းမြို့နယ်လမ်းပိုင်းဖြစ်ပြီး လက်ရှိလမ်းအခြေအနေမှာ ကွန်ကရစ်လမ်း ၅ မိုင် ၆ ဖာလုံ၊ ကတ္တရာလမ်း ၃ မိုင် ၂ ဖာလုံ နှင့် အမာခံလမ်း ၂၃ မိုင် ဖြစ်ပါကြောင်း။

အဆိုပါလမ်းပိုင်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် အမာခံလမ်းပိုင်း ၂၃ မိုင်အနက်မှ ၁ မိုင် ၃ ဘမ ၂၅ ဖာလုံအား ကွန်ကရစ်လမ်းခင်းရန် ရန်ပုံငွေ လျာထားပြီးဖြစ်ပြီး ကျန်ရှိနေသော လမ်းပိုင်းများအား ကွန်ကရစ်လမ်းခင်းရန် နှစ်စဉ် ဘဏ္ဍာငွေ လျာထားသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးမိုးမြင့်သိန်း၏ **ဝမ်းတွင်း မြို့နယ်ရှိ သံတော - ရိုးဇုံလမ်းနှင့် ဘုရားဖြူ-ကုက္ကိုခါးလှလမ်းတို့အား အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိမရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမိုးမြင့်က သံတော - ရိုးဇုံလမ်းနှင့် ဘုရားဖြူ-ကုက္ကိုခါးလှလမ်းသည် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံခန့်ခွဲသောလမ်းများဖြစ်ပြီး သံတော - ရိုးဇုံလမ်းအခြေအနေမှာ ကွန်ကရစ်လမ်း ၅ ဖာလုံ၊ ကျောက်ချောလမ်း ၅ မိုင် ၃ ဖာလုံ စုစုပေါင်းလမ်းအရှည် ၆ မိုင် နှင့် ဘုရားဖြူ - ကုက္ကိုခါးလှ - ကန်ပတ်လည်လမ်းအခြေအနေမှာ ကတ္တရာလမ်း ၁ မိုင် ၄ ဖာလုံ၊ ကျောက်ချောလမ်း ၁၁ မိုင် ၆ ဖာလုံ စုစုပေါင်းလမ်းမိုင်အရှည် ၁၃ မိုင် ၂ ဖာလုံ ဖြစ်ပါကြောင်း။

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေဖြင့် သံတော - ရိုးဇုံလမ်းအရှည် ၃ ဖာလုံအား ကျောက်လမ်းပြုပြင်ခြင်း၊ ဘုရားဖြူ-ကုက္ကိုခါးလှ-ကန်ပတ်လည်လမ်းပေါ်တွင် ၅ ပေ x ၄၄ ပေ ကျောက်ကြီးစီကမ်းကပ်ခုံနှင့် သံကူကွန်ကရစ်ကြမ်းခင်း Box Culvert ခုနှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေတွင် သံတော-ရိုးဇုံ လမ်းအရှည် ၄ ဖာလုံအား ကတ္တရာခင်းခြင်းဆောင်ရွက်ရန် လျာထားပြီးဖြစ်ပါကြောင်း။

၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး (ဖြည့်စွက်) ရန်ပုံငွေ (သို့မဟုတ်) အထွေထွေပို့ကျွဲရန်ပုံငွေတွင် ဘုရားဖြူ-ကုက္ကိုခါးလှ-ကန်ပတ်လည်လမ်းအရှည် ၄ ဖာလုံအား ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်ရန် လျာထားမည်ဖြစ်ပါကြောင်း၊ အဆိုပါလမ်း နှစ်လမ်း၏ ကျန်လမ်းပိုင်းများအား လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို နှစ်အလိုက် ဆက်လက်လျာထားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးနေလင်းအောင်၏ **အိမ်ရာပိုင်ဆိုင်မှုမရှိသူများအတွက် အင်းအိမ်ရာ စနစ်များ ဖော်ဆောင်ပေးရန်နှင့် အင်းအိမ်ရာများ အသင့်ရှိမှသာ ကျူးကျော်နေထိုင်သူများအား ဖယ်ရှား ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က အိမ်ရာပိုင်ဆိုင်မှုမရှိသည့် ခက်ခဲမိသားစုများအတွက် ပြည်သူ့အင်အားအိမ်ရာများ ဆတိုးတည်ဆောက်ပေးရန်မှာ ဘဏ္ဍာငွေခွဲဝေရရှိမှုနှင့် အဆောက်အအုံဆောက်လုပ်ရန် မြေနေရာရရှိမှုတို့အပေါ်မူတည်၍ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကျူးကျော်နေထိုင်မှုများနှင့်စပ်လျဉ်း၍ သင့်လျော်သော အိမ်ရာအစီအမံများကို ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက စီမံဆောင်ရွက်ပေးလျက်ရှိပြီး နေထိုင်ရန်သင့်လျော်မှုမရှိသော လမ်းဧရိယာနယ်နိမိတ်များ၊ မဟာဓာတ်အားလိုင်းနှင့် တာဝါတိုင်ဧရိယာများ၊ မီးရထားလမ်းနယ်နိမိတ်များနှင့် အစိုးရစီမံကိန်းဧရိယာများတွင် စည်းကမ်းမဲ့ကျူးကျော်နေထိုင်သူများအား ဥပဒေနှင့်အညီ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၏ အစီအစဉ်ဖြင့် ဖယ်ရှားဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

မော်လမြိုင်မဲဆန္ဒနယ်မှ ဒေါ်ဥမ္မာဌေး၏ **မော်လမြိုင်မြို့နယ် ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၌ အဆင့်မြှင့်တင်ဆာကုထုံး စက်ကိရိယာထားရှိပေးရန် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း**နှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွန်းက ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကင်ဆာရောဂါကုသမှုနှင့်ပတ်သက်၍ ယေဘုယျအားဖြင့် ဆေးသွင်းကုသခြင်း၊ ခွဲစိတ်ကုသခြင်း၊ ဓာတ်ရောင်ခြည်ဖြင့် ကုသခြင်းတို့ရှိသည့်အနက် ခွဲစိတ်ကုသခြင်း၊ ဆေးသွင်းကုသခြင်းတို့ကို သက်ဆိုင်ရာဘာသာရပ်အသီးသီး၏ ခွဲစိတ်အထူးကုဆရာဝန်များနှင့် ကင်ဆာရောဂါအထူးကုဆရာဝန် နှစ်ဦးတို့က မော်လမြိုင်ပြည်သူ့ဆေးရုံကြီးတွင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကင်ဆာရောဂါအများစုအတွက် ဓာတ်ရောင်ခြည်ဖြင့် ကုသပေးခြင်းသည် အရေးပေါ်ကုသမှုမျိုးမဟုတ်ဘဲ အချိန်အတိုင်းအတာတစ်ခုပေး၍ ဆောင်ရွက်ရသော ကုသမှုပေးခြင်းဖြစ်သည့်အလျောက် အခြားနိုင်ငံများတွင် ဓာတ်ရောင်ခြည်ကုသမှုအား သီးခြားစင်တာများဖွင့်လှစ်၍ စက်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

မိမိတို့နိုင်ငံတွင် ကင်ဆာရောဂါကုသရေးဝန်ဆောင်မှုများကို တတ်စွမ်းသမျှ တိုးမြှင့်ဆောင်ရွက်ပေးရာတွင် လက်ရှိစက်တပ်ဆင်ထားနိုင်မှုနှင့် လူ့စွမ်းအားအရင်းအမြစ် အကန့်အသတ်များအရ အဓိကကျသောဖြို့ကြီးများဖြစ်သည့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်နှင့် တောင်ကြီးမြို့များတွင် စနစ်တကျ ဗဟိုပြုကုသပေးခြင်းကို အားဖြည့်ဆောင်ရွက်ကာ ရေရှည်၌ ခုတင်-၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးများသို့ အဆင့်ဆင့်ဖြန့်ကြက်တိုးချဲ့ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

လွိုင်လင်မဲဆန္ဒနယ်မှ ဦးခွန်အောင်ဆန်း၏ **လွိုင်လင်မြို့နယ် မိုင်းပွန်တိုက်နယ်ဆေးရုံအား အဆင့်မြှင့်တင်တည်ဆောက်ပေးရန် မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွန်းက မိုင်းပွန်တိုက်နယ်ဆေးရုံသည် မိုင်းပွန်မြို့၊ မိုင်းပွန်ကျေးရွာအုပ်စုအတွင်းရှိ ပြည်သူများ၊ မိုင်းပွန်ကျေးရွာအုပ်စုနှင့် ထိစပ်လျက်ရှိသော အခြားကျေးရွာနေ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုများအတွက် အားကိုးအားထားရာ ဆေးရုံတစ်ရုံဖြစ်ပါကြောင်း၊ မိုင်းပွန်တိုက်နယ်ဆေးရုံအား အရာထမ်း နှစ်ဦး၊ အမှုထမ်း ၁၇ ဦး စုစုပေါင်း ဝန်ထမ်းအင်အား ၁၉ ဦးတို့ဖြင့် စံနှုန်းကိုက် ဆေးရုံအဖြစ် ပြင်ဆင်ဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း။

မိုင်းပွန်ဆေးရုံအား တိုက်နယ်ဆေးရုံအဂ်ါရပ်နှင့် အညီ ဆေးရုံအဆောက်အအုံများပြုပြင်တည်ဆောက်ခြင်း၊ ဝန်ထမ်းအိမ်ရာများ ပြုပြင်တည်ဆောက်ခြင်း စသည်တို့ကိုစိစစ်၍ ၂၀၂၈-၂၀၂၉ ဘဏ္ဍာရေးနှစ်တွင် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဒီးမော့ဆိုမဲဆန္ဒနယ်မှ ဒေါ်မော်မော်ခိုင်၏ **ကယား ပြည်နယ်သို့ ပြန်လည်ဝင်ရောက်လာမည့် လူဦးရေ ပိုမိုများပြားလာနိုင်သည့်အတွက် ဆေးနှင့် ဆေးဝါးပစ္စည်းများ တိုးမြှင့်ပံ့ပိုးပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွန်းက လွိုင်ကော်ပြည်သူ့ဆေးရုံကြီးအား ၂၀၂၄ ခုနှစ် မေလတွင် စတင်ပြန်လည်ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆရာဝန် ၂၆ ဦး၊ သူနာပြု ၁၀၀ နှင့် အခြားဝန်ထမ်း ၆၆ ဦးတို့ဖြင့် ကျန်းမာရေးကုသမှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ဆေးဝါး ၅၇၅ မျိုး၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ဆေးဝါး ၅၆၅ မျိုးနှင့် ၂၀၂၆ ဧပြီလမှ ယနေ့အထိ ဆေးဝါး ၃၃၅ မျိုး ထောက်ပံ့ပေးပို့ခဲ့ပြီးဖြစ်ပါကြောင်း၊ လောဧလေးတိုက်နယ်ဆေးရုံနှင့် လွိုင်လင်လေးတိုက်နယ်ဆေးရုံတို့တွင်လည်း လူနာများကို ကြည့်ရှုကုသပေးလျက်ရှိပါကြောင်း၊ ထို့ပြင် ဒီးမော့ဆိုမြို့နယ် ဌေတောင် ကျေးလက်ကျန်းမာရေးဌာနခွဲ၊ ဒီးမော့ဆိုမြို့နယ်ပြည်သူ့ဆေးရုံ၊ ဘောလခဲဆေးရုံ၊ ဘောလခဲမြို့နယ် မိခင်ကလေးကျန်းမာရေးဌာနတို့တွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းနှင့် ကုသရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြန်လည်ထူထောင်ရေးကာလမှစ၍ ယနေ့အထိ ပြည်နယ်တိုးချဲ့ ကာကွယ်ဆေးထိုးလုပ်ငန်းဌာနမှ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးတို့ကို ပြည်သူများအား ထိုးနှံပြီးဖြစ်ပါကြောင်း၊ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းတွင် အသုံးပြုသော ကာကွယ်ဆေးများ ဖြန့်ဝေပြီးဖြစ်ပါကြောင်း။

လွိုင်ကော်ပြည်သူ့ဆေးရုံကြီးသို့ ECG စက်နှင့် နှလုံးန်းစက်အပါအဝင် စက်ပစ္စည်း ကိုးမျိုး၊ ဆေးနှင့် ဆေးပစ္စည်း ၂၀၉ မျိုး၊ ကယားပြည်နယ် ကုသရေးဦးစီးဌာနသို့ ဆေးနှင့်ဆေးပစ္စည်း ၁၄၃ မျိုး ထောက်ပံ့ပေးပြီးဖြစ်ပါကြောင်း၊ ကယားပြည်နယ်အတွင်းရှိ ယာယီနေရပ်စွန့်ခွာပြည်သူများ မိမိတို့နေရပ်ဒေသသို့ပြန်လည်ဝင်ရောက်လာမည့်ဦးရေပိုမိုများပြားလာပါက လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများ ထပ်မံထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

လွိုင်ကော်မဲဆန္ဒနယ်မှ ဦးမောင်ရွှေ၏ **လွိုင်ကော် မြို့နယ် ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံတွင် ကျန်းမာရေးဝန်ထမ်းများ တာဝန်ချထားပေးနိုင်ရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွန်းက ကယားပြည်နယ် လွိုင်ကော်မြို့နယ်တွင် ခုတင် (၅၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် ဆေးရုံအုပ်ကြီးနှင့်အတူ ဆရာဝန်၊ သူနာပြု အခြားကျန်းမာရေးဝန်ထမ်း စုစုပေါင်းကျန်းမာရေးဝန်ထမ်း ၁၉၂ ဦးဖြင့် ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခင်က ဆေးပညာအထူးကုဆရာဝန် နှစ်ဦးတို့က ကင်ဆာရောဂါ ဝေဒနာရှင်များအား ကုသပေးလျက်ရှိပြီး ၂၀၂၆ခုနှစ် နိုဝင်ဘာလမှစတင်၍ အသစ်ခန့်အပ်လိုက်သော အထူးကုဆရာဝန် (ကင်ဆာရောဂါ) မှ တာဝန်ယူကုသပေးလျက်ရှိပါကြောင်း။

လက်ရှိတွင် လက်ထောက်ဆရာဝန်သစ်လွှင့် နှစ်ဦး ထပ်မံခန့်အပ်ပြီးဖြစ်ရာ လွိုင်ကော်ပြည်သူ့ဆေးရုံကြီးတွင် လက်ထောက်ဆရာဝန် ရှစ်ဦး တာဝန်ထမ်းဆောင်လျက်ရှိပြီး ကလေးဓိဗျာဒြခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များ စောင့်ရှောက်ကုသမှုပေးခြင်းတို့အား သက်ဆိုင်ရာအထူးကုဆရာဝန်ကြီးများ၏ ဦးဆောင်မှုအောက်တွင် တာဝန်ကျသူနာပြုများက ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ဆင်ပေါင်ဝဲ မဲဆန္ဒနယ်မှ ဦးတင့်ဆွေ၏ **ဆင်ပေါင်ဝဲ မြို့နယ် ပြည်သူ့ဆေးရုံတွင် Digital X-Ray စက် တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများအား မည်သည့်ဘဏ္ဍာနှစ်တွင် ထောက်ပံ့ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ၂၅ ခုတင်ဆံ့ ပြည်သူ့ဆေးရုံအတွက် လတ်တလောတွင် 100 mA Conventional X-Ray Machine စက် တစ်လုံးအား ထောက်ပံ့ရန် ကုသရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ထားပြီးဖြစ်သည့်အတွက် မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန၏အစီအစဉ်ဖြင့် သွားရောက်တပ်ဆင်ပေးမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၂၈ ရက်မြောက်နေ့ကို ထပ်မံအသိပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းအဖွဲ့**

*** ရှေ့ဖုံးမှ**

ယခုအခါ ပရိုင်းမိတ်နှင့် ကျောက်ဖြစ်ရုပ်ကြွေးပြခန်း၊ သမိုင်းမတင်မီ ခေတ်ပြခန်း၊ သမိုင်းတင်ခေတ်ဦးပြခန်း၊ သမိုင်းတင်ခေတ် (အေဒီ ၁၁ ရာစုမှ ၁၄ ရာစု) ပြခန်း၊ မြန်မာ့ပန်းချီပြခန်း၊ မြန်မာ့အနုသုခုမပြခန်း၊ လက်ဆောင်ပစ္စည်းပြခန်း အစရှိသည်ဖြင့် ပြခန်း ခုနစ်ခန်းကို ပြန်လည်ဖွင့်လှစ်ပြသလျက်ရှိပြီး သီဟာသနပလ္လင်ပြခန်းကို မကြာမီ ထပ်မံဖွင့်လှစ်ပြသနိုင်ရေးအတွက် ခင်းကျင်းလျက်ရှိကြောင်း သိရသည်။

ထိုသို့ အမျိုးသားပြတိုက် (နေပြည်တော်) တွင် ခင်းကျင်းပြသထားမှုများကို ယနေ့နှစ်နှက် ပိုင်းတွင် ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး လှည့်လည်ကြည့်ရှု စစ်ဆေးသည်။ **(ယာပုံ)**

ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက ပြခန်းအလိုက်ခင်းကျင်းပြသသောပြကွက်များ၊ ပြသပစ္စည်းများ၏ သမိုင်းကြောင်းများ၊ မြန်မာနိုင်ငံတွင် တွေ့ရှိရသော နှစ်သန်း ၄၀ ရှိ ပရိုင်းမိတ်ရုပ်ကြွေးများတွေ့ရှိမှုနှင့် နောက်ခံသမိုင်းကြောင်း၊ ကျောက်ခေတ်၊ ကြေးခေတ်နှင့် သံခေတ်ယဉ်ကျေးမှုအား တစ်ဆက်တစ်စပ်တည်း တွေ့ရှိမှု သမိုင်းကြောင်းနှင့် ပြသထားမှုများ ပျူခေတ်နှင့် ပုဂံခေတ်ယဉ်ကျေးမှု ထွန်းကားခဲ့သည့် အထောက်အထားများ ခင်းကျင်းပြသထားမှုများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပြတိုက်များသည် အသိပညာဗဟုသုတများ ဖြန့်ဝေပေးရာနေရာ ဖြစ်သဖြင့် မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားမှုများ၊ စဉ်ဆက်မပြတ် သမိုင်းကြောင်းများ၊ ကြွယ်ဝသည့် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို ကျောင်းသား ကျောင်းသူများ အပါအဝင် ပြည်သူလူထုတစ်ရပ်လုံး သိရှိနိုင်စေရန် အသိပညာ ဖြန့်ဝေခြင်း လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လက်ဆောင်ပစ္စည်းပြခန်းတွင် နိုင်ငံတော်သမ္မတကြီးအား ပြည်ပနိုင်ငံသမ္မတများ၊ ဝန်ကြီးချုပ်များက ပေးအပ်ခဲ့သည့် လက်ဆောင် ပစ္စည်းများအား ခင်းကျင်းပြသရာ၌ အကြောင်းအရာ ရှင်းလင်းချက်များ ပြည့်ပြည့်စုံစုံ ဖော်ပြရေးသားပြသရန် မှာကြားခဲ့သည်။



အမျိုးသားပြတိုက် (နေပြည်တော်)ကို တနင်္လာနေ့နှင့် ပြန်တမ်း ဝင်ရုံးပိတ်ရက်များမှအပ နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲ အထိ ဖွင့်လှစ်ပြသလျက်ရှိပြီး ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများ၊ ပြည်တွင်း၊ ပြည်ပဧည့်သည်များ လာရောက်ကြည့်ရှုလေ့လာပါက ပြတိုက်ဝန်ထမ်းများက ရှင်းလင်းပြသ ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

တတိယအကြိမ်အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ ကျင်းပ

မြို့နယ်ဒေသန္တရအုပ်ချုပ်ရေး ကောင်းမွန်စွာလည်ပတ်နိုင်မှု၊ အင်တာနက်လိုင်းရရှိမှုအခြေအနေတို့အပေါ်မူတည်၍ စစ်ကိုင်းတိုင်းဒေသကြီးတွင် Centralized e-Pension စနစ်တိုးချဲ့ရန် ကျန်ရှိနေသည့် မြန်မာ့စီးပွားရေးဘဏ်ခွဲများကို ထပ်မံတိုးချဲ့ဆောင်ရွက်ပေးသွားမည်

နေပြည်တော် နိုဝင်ဘာ ၁၁

တတိယအကြိမ်အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဌေး၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Jeng Phang နော်တောင်ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ ဒုတိယဝန်ကြီးများနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၀၁ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့် အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၂) ဒေါ်ခင်ဆွေ၏ **မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် မြို့မရဲစခန်းဝင်းအတွင်းရှိ ဝန်ထမ်းအိမ်ရာများသည် ဟောင်းနွမ်းပျက်စီးယိုယွင်းနေပြီး အန္တရာယ်ရှိနေပါသဖြင့် ဖျက်သိမ်းခွင့်ပြုပါရန်နှင့် အသစ်ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက မင်းလှမြို့နယ် မြို့မရဲစခန်းဝင်းအတွင်းရှိ နေအိမ်လိုင်းခန်း ၁၄ လုံးရှိသည့်အနက် လူနေထိုင်ရန်မသင့်ဘဲ ပျက်စီးယိုယွင်းနေသည့် နေအိမ်အဆောက်အအုံသုံးလုံးသည် နှစ်ကာလကြာမြင့်၍ ဟောင်းနွမ်းပျက်စီးယိုယွင်းနေသောလည်း တပ်ဖွဲ့ဝင်နှင့် မိသားစုများ လိုင်းခန်းလိုအပ်ချက်အရ လတ်တလောအစီအစဉ်ဖြင့် ပြုပြင်နေထိုင်လျက်ရှိပါကြောင်း။

သို့ပါ၍ မင်းလှမြို့နယ် မြို့မရဲစခန်းဝင်းအတွင်းရှိ နေအိမ်လိုင်းခန်းများအနက် လူနေထိုင်ရန်မသင့်ဘဲ ပျက်စီးယိုယွင်းနေသည့် နေအိမ်အဆောက်အအုံသုံးလုံးအား နိုင်ငံပိုင်အဆောက်အအုံများ စာရင်းပြုစုခြင်း၊ စာရင်းအရထိန်းသိမ်းခြင်း၊ စာရင်းမှပယ်ဖျက်ခြင်းနှင့် ဌာနပိုင်အဖြစ် သုံးစွဲခွင့်ရခြင်းလုပ်ငန်းစဉ်ဆိုင်ရာညွှန်ကြားချက်နှင့်အညီ စာရင်းပယ်ဖျက်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ခြောက်ခန်းတွဲနှစ်ထပ် သံကူကွန်ကရစ် နေအိမ် အဆောက်အအုံတစ်လုံးအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း(ဖြည့်စွက်)တွင် လျာထားတောင်းခံ၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၁) ဒေါက်တာဇော်ဇော်မြင့်၏ **မြန်မာနိုင်ငံ၏ ရေပိုင်နက်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် အမျိုးသားအကျိုးစီးပွား တိုးတက်ရေးတို့အတွက် ရေကြောင်းဆိုင်ရာဥပဒေများ (Maritime Law)နှင့် ပတ်သက်ဆက်စပ်သည့် ကဏ္ဍအလိုက် ပြဋ္ဌာန်းပြီး ဥပဒေမည်မျှရှိပါသနည်း၊ မရှိသေးပါက (သို့မဟုတ်)ထပ်မံ၍ လိုအပ်မည့်ဥပဒေများ ပြဋ္ဌာန်းနိုင်ရေးအပေါ် မည်သည့်အချိန်တွင် မည်ကဲ့သို့ စတင်ဆောင်ရွက်သွားမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး



ဦးထွန်းလူက ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဧရိယာများ ဥပဒေကို နိုင်ငံခြားရေးဝန်ကြီးဌာနကလည်းကောင်း၊ ကမ်ခြေစောင့်တပ်ဖွဲ့ဥပဒေကို ကာကွယ်ရေးဝန်ကြီးဌာနကလည်းကောင်း ရေးဆွဲပြဋ္ဌာန်းထားကြပါကြောင်း။

The Myanmar Merchant Shipping Act ကို ၁၉၂၃ ခုနှစ်ကရေးဆွဲ၍ ၂၀၀၇ ခုနှစ်တွင် နောက်ဆုံးပြင်ဆင်ပြဋ္ဌာန်းခဲ့ပြီး လက်ရှိတွင် ဓေတ်နှင့်လျော်ညီအောင် ကုန်သည်သဘော်ဘဥပဒေ (Merchant Shipping Law) (မူကြမ်း)ဟု ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း။ The Myanmar Registration of Ships Act ၊ ပင်လယ်ရေကြောင်းသွားလာမှု သဘောတူစာချုပ်များအက်ဥပဒေ၊ ပြည်တွင်းရေကြောင်းသွား ရေယာဉ်ဥပဒေ၊ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်း ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင် ခွင့်ဥပဒေ၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေ၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေး ဥပဒေ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေနှင့် The Ports Act (ဆိပ်ကမ်းများအက်ဥပဒေ) သည် ၁၉၀၈ ခုနှစ်တွင် ရေးဆွဲခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် နောက်ဆုံး ပြန်လည်ပြင်ဆင်ရေးဆွဲထားခြင်း ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ မီးပြတိုက်အက်ဥပဒေ၊ The Bills of Lading Act ၊ The Carriers Act ၊ The Burma Carriage of Goods by Sea Act နှင့် ဘင်္ကစ်ပို့ဆောင်ရေး ဥပဒေတို့ကို ပို့ဆောင်ရေးဝန်ကြီးဌာနက ရေးဆွဲ ပြဋ္ဌာန်းထားပါကြောင်း။

ထို့ပြင် နိုင်ငံခြားငါးဖမ်းရေယာဉ်များ ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေနှင့် မြန်မာ့ပင်လယ် ငါးလုပ်ငန်း ဥပဒေတို့သည် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ဥပဒေများဖြစ်ပြီး လက်ရှိအချိန်တွင် အဆိုပါဥပဒေနှစ်ခုကို ပေါင်းစပ် ပြင်ဆင်၍ ပင်လယ်ငါးလုပ်ငန်းဥပဒေအဖြစ် အသစ် ရေးဆွဲပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေကို သယ်ဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနကလည်းကောင်း၊အကြမ်းဖက်မှုတိုက်ဖျက် ရေးဥပဒေကို ပြည်ထဲရေးဝန်ကြီးဌာနကလည်း ကောင်း၊ ပင်လယ်ရေကြောင်း အကောက်ခွန် အက်ဥပဒေကို ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ကလည်းကောင်း၊ မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဌာနကလည်းကောင်း၊ ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဥပဒေနှင့် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေများကို ကျန်းမာရေးဝန်ကြီးဌာနကလည်း ကောင်း ရေးဆွဲပြဋ္ဌာန်းထားကြပါကြောင်း။

ရေထုညစ်ညမ်းမှုဆိုင်ရာဥပဒေ(Marine Pollution Law)(မူကြမ်း)နှင့် ပင်လယ်ရေကြောင်း အလုပ်သမားရေးရာဥပဒေ(မူကြမ်း)တို့သည် မိမိတို့ နိုင်ငံတွင် မရှိသေးသည့်အတွက် ပြန်လည်ရေးဆွဲ လျက်ရှိပါကြောင်း။

နိုင်ငံတိုင်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အတွက် ရေကြောင်းအကျိုးစီးပွား သို့မဟုတ် ပင်လယ် ပြင် အကျိုးစီးပွားကို အထောက်အကူအဖြစ် အသုံးပြု နေသည်ကို တွေ့ရှိရပါကြောင်း၊ ပင်လယ်ပြင်သည် နိုင်ငံတိုင်းအတွက် အရေးပါသည့် အရာတစ်ခုဖြစ်ပြီး အကျိုးရှိစွာအသုံးချနိုင်ရန်၊ နိုင်ငံ့အကျိုးစီးပွားကို ထိရောက်စွာကာကွယ်နိုင်ရန်အတွက် တင်ပြခဲ့သည့် ဥပဒေများသည် အရေးကြီးပါကြောင်းနှင့် ခိုင်မာသည့် ဥပဒေပြဋ္ဌာန်းချက်များနှင့် နိုင်ငံတော်၏ အကျိုး စီးပွားများကို ကာကွယ်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စား လှယ် အမှတ်(၇) ဦးခင်မောင်မြင့်၏ **ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ် ကျောက်တော ကျေးရွာအုပ်စုရှိ ကျေးရွာ ၁၇ ရွာတွင် ဆက်သွယ် ရေးကဏ္ဍ ပိုမိုကောင်းမွန်စေရန်အတွက် ကျောက်တော ကျေးရွာ သို့မဟုတ် သင့်တော်ရာကျေးရွာတွင် ဆက်သွယ်ရေးတာဝါတိုင်များ ဆောင်ရွက်ပေးနိုင် ခြင်း ရှိ/မရှိ သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင်က ကျောက်တောကျေးရွာအုပ်စုသည် ရပ်စောက်မြို့မှ ကိလိုမီတာ ၂၀ ကျော်ကွာဝေးပြီး ကျေးရွာ ၁၇ ရွာ အနက် ကျောက်တော၊ ဗန်းမက်၊ ကျောက်တစ်လုံး၊ လယ်ပိုင်း၊ နန့်ဟူး၊ ဆင်သေကျေးရွာခြောက်ရွာ၌သာ လျှပ်စစ်မီးရရှိပြီး ကျန်ကျေးရွာ ၁၁ ရွာတွင် လျှပ်စစ် မီးမရရှိပါကြောင်း၊ သို့ပါ၍ MPT, ATOM နှင့် U9 အော်ပရေတာများအနေဖြင့် ကျောက်တောကျေးရွာ အုပ်စုတွင် မိုဘိုင်းစခန်းအသစ်တည်ဆောက်ရန် လတ်တလော အစီအစဉ်မရှိသေးပါကြောင်း။

သို့သော် ကျောက်တောကျေးရွာအုပ်စုရှိ ပြည်သူများဆက်သွယ်မှု ပိုမိုကောင်းမွန်စွာ ရရှိအသုံးပြု နိုင်စေရန်ရည်ရွယ်၍ Mytel မိုဘိုင်းစခန်းအား ဗန်းမက်ကျေးရွာနှင့် ဟင်းခါးကုန်းကျေးရွာတို့တွင် တည်ဆောက်နိုင်ရေး မြေနေရာရှာဖွေခြင်းများ ဆောင်ရွက်လျက်ရှိပြီး မြေနေရာများရရှိပြီးပါက တာဝါတိုင်တည်ဆောက်ခြင်း လုပ်ငန်းများအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ကျောက်တောကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ ၁၇ ရွာအနက် ကျေးရွာရှစ်ရွာအတွင်းရှိ ပြည်သူများအနေ ဖြင့် Mytel ၏ ဆက်သွယ်ရေးဝန်ဆောင်မှုများအား အပြည့်အဝရရှိအသုံးပြုနိုင်မည်ဖြစ်ပါကြောင်း။

ကျောက်တောကျေးရွာအုပ်စုအတွင်းရှိ ကျန်ရှိ သည့် ကျေးရွာကိုးရွာတွင် မိုဘိုင်းဆက်သွယ်ရေးစခန်း အသစ်များ တည်ဆောက်နိုင်ရန်အတွက် လျှပ်စစ် ဓာတ်အားရရှိမှု၊ အဝေးဆက်သွယ်ရေးဆက်ကြောင်း များ တည်ဆောက်ချိတ်ဆက်နိုင်မှုနှင့် နယ်မြေဒေသ အခြေအနေများအပေါ် မူတည်၍ မြေပုံစစ်ဆေး တိုင်းတာခြင်းနှင့် မြေပြင်ကွင်းဆင်းတိုင်းတာနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရရှိလာ သောအချက်အလက်များအရ ဆက်သွယ်ရေးလိုအပ် ချက် စည်းမျဉ်းစည်းကမ်း၊ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိပါက နိုင်ငံတော်ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ ဘဏ္ဍာနှစ်အလိုက် လျာထားစီစဉ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စား လှယ် အမှတ်(၁) ဒေါက်တာအမ်ဇော်လတ်(ခ) ဆမ်းမားကို့(စဲ)၏ **ရှမ်းပြည်နယ် 'ဝ'ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရပိုင်း မက်မန်းမြို့နယ်အတွင်း ဖုန်းနှင့်အင်တာနက်ဝန်ဆောင်မှု ကောင်းမွန်လာစေရန် လိုအပ်လျက် ရှိသော တာဝါတိုင်များ မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင်က မက်မန်းမြို့နယ်တွင် ရပ်ကွက်နှစ်ခု၊ ကျေးရွာ ၅၁ ရွာ နှင့် အိမ်ခြေစုစုပေါင်း ၃၉၈၃ အိမ်ခန့်ရှိပြီး လျှပ်စစ် မီးမရရှိသေးပါကြောင်း၊ ထို့ကြောင့် MPT နှင့် Mytel တို့၏ မိုဘိုင်းစခန်းများအတွက် လိုအပ်သော လျှပ်စစ် ဓာတ်အားကို ဒီဇယ်အင်ဂျင်ဖြင့်သာ အသုံးပြု၍ ဝန်ဆောင်မှုပေးထားရပါကြောင်း၊ အဝေးဆက်သွယ် ရေးစနစ်ရယူထားသည့် မိုက္ကရိုဝေ့ဗ် အဝေးဆက် ကြောင်းတွင် ရာသီဥတုအခြေအနေကြောင့် ချို့ယွင်း မှုဖြစ်ပေါ်သည့်အခါများတွင် ဆက်သွယ်မှုယာယီ ပြတ်တောက်ခြင်းများ ဖြစ်ပေါ်နိုင်ပါကြောင်း။

မက်မန်းမြို့နယ်သည် တောင်ကုန်း တောင်တန်း များထူထပ်ပြီး ပြန့်ကျဲစွာနေထိုင်ကြခြင်း၊ နယ်မြေ ဒေသသွားလာရခက်ခဲခြင်း၊ လျှပ်စစ်မီးမရရှိခြင်း၊ အဝေးဆက်ကြောင်း တည်ဆောက်ရန် ခက်ခဲခြင်းတို့ ကြောင့် မိုဘိုင်းဆက်သွယ်ရေးအော်ပရေတာများ အနေဖြင့် လတ်တလော မိုဘိုင်းစခန်းအသစ် ထပ်မံ တည်ဆောက်ရန် အစီအစဉ်မရှိသေးပါကြောင်း။

သို့သော် နယ်မြေဒေသများတွင် လျှပ်စစ်ဓာတ်အား ရရှိမှု၊ အဝေးဆက်သွယ်ရေးဆက်ကြောင်းများ တည်ဆောက်ချိတ်ဆက်နိုင်မှုနှင့် နယ်မြေဒေသအခြေ အနေများအပေါ်မူတည်၍ မြေပုံစစ်ဆေးတိုင်းတာ ခြင်းနှင့် မြေပြင်ကွင်းဆင်းတိုင်းတာနိုင်ရေး စီစဉ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရရှိလာသော အချက်အလက်များအရ ဆက်သွယ်ရေးလိုအပ်ချက် စည်းမျဉ်းစည်းကမ်း၊ သတ်မှတ်ချက်များနှင့် ကိုက်ညီ မှုရှိပါက နိုင်ငံတော်ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ ဘဏ္ဍာနှစ်အလိုက် လျာထားစီစဉ် ဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၀) ဦးထွန်းအောင်ဝင်း၏ **စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်နှင့် ကောလင်းခရိုင်အတွင်းရှိ နေရပ်စွန့်ခွာ ပင်စင်စားဝန်ထမ်းများအား မိမိတို့ရောက်ရှိရာဒေသရှိ ဘဏ်များတွင် Centralized e – Pension Card များဖြင့် ပင်စင်လစာ ထုတ်ယူခွင့်ရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း Centralized e – Pension Card နှင့် ပင်စင်လစာထုတ်ယူနိုင်သော ဘဏ်ခွဲများ ထပ်မံတိုးချဲ့ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါက မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက မြန်မာ့ စီးပွားရေးဘဏ် *စာမျက်နှာ ၇ သို့*

စာမျက်နှာ ၆ မှ

ကာသာရဝိင်ဘဏ်ခွဲကို နယ်မြေဒေသအခြေအနေများ အရ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၅ ရက်နှင့် ကောလင်းမြို့နယ် ဘဏ်ခွဲကို ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၆ ရက်မှစ၍ ဘဏ်ဝန်ဆောင်မှုများ ယာယီရပ်ဆိုင်းခဲ့ပါကြောင်း၊ ကာသာရဝိင်ဘဏ်ခွဲကို ၂၀၂၆ ခုနှစ် မေ ၂၁ ရက်တွင် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သော်လည်း ကောလင်းမြို့နယ် ဘဏ်ခွဲကို ယနေ့အထိ ပြန်လည်ဖွင့်လှစ်နိုင်ခြင်း မရှိသေးပါကြောင်း။ Centralized e-Pension စနစ် ဆောင်ရွက်နိုင်ရေးအတွက် အင်တာနက်ရရှိမှုသည် အဓိကလိုအပ်ချက်ဖြစ်ပါကြောင်း၊ မြန်မာ့စီးပွားရေး ဘဏ် ကသာဘဏ်ခွဲနှင့် ကောလင်းဘဏ်ခွဲတို့တွင် အင်တာနက်လိုင်းမရရှိသည့်အတွက် Centralized e-Pension စနစ်ကို ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း။

သို့သော်နေရပ်စွန့်ခွာပင်စင်စားဝန်ထမ်းများအား မိမိတို့ရောက်ရှိရာဒေသရှိ နီးစပ်ရာမြန်မာ့စီးပွားရေး ဘဏ်ခွဲများတွင် e-Pension Card ဖြင့်လည်းကောင်း၊ အငြိမ်းစား လစာထုတ်စာအုပ်ဖြင့်လည်းကောင်း တင်ပြ၍ ပင်စင်လစာထုတ်ယူနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သို့ပါရှိ မြို့နယ်ဒေသန္တရ အုပ်ချုပ်ရေးကောင်းမွန်စွာလည်ပတ်နိုင်မှု၊ အင်တာနက်လိုင်းရရှိမှုအခြေအနေတို့အပေါ် မူတည်၍ စစ်ကိုင်းတိုင်းဒေသကြီးတွင် Centralized e-Pension စနစ်တိုးချဲ့ရန် ကျန်ရှိနေသည့် မြန်မာ့စီးပွားရေး ဘဏ်ခွဲများကို ထပ်မံတိုးချဲ့ ဆောင်ရွက်ပေးသွား မည်ဖြစ်ကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂) ဦးအောင်ချစ်လွင်၏ **စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်တွင် ဖွင့်လှစ်ပေးရန် ကျန်ရှိနေသေးသော လူငယ်သင်တန်းကျောင်းနှင့် အိမ်ထောင်ရှူသင်တန်းကျောင်းတို့အား မည်သည့် ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေခွဲဝေချထား ဖွင့်လှစ်ပေး မည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်က စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်တွင် နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းနှင့် အမျိုးသမီး အိမ်ထောင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း တို့ ဖွင့်လှစ်နိုင်ရေးအတွက် အိန္ဒိယသမ္မတနိုင်ငံအစိုးရ နှင့် MoU လက်မှတ်ရေးထိုးပြီးပါက စီမံကိန်းလုပ်ငန်း များကို စတင်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

လူငယ်သင်တန်းကျောင်းကို ခေါင်ခမ်းကျေးရွာ အုပ်စု အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း နှင့် ၁ မိုင်ခန့်အကွာ ၅ ကောရေဒါယာရှိ မြေနေရာတွင် တည်ဆောက်မည်ဖြစ်ပြီး ၂၀၁၈ ခုနှစ် ဖေ ၁၄ ဘဏ္ဍာ ရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ရေ့မျက်နှာစာအုတ် တံတိုင်း သံပန်းကာရံခြင်းနှင့် ကွန်ကရစ်တိုင် Chain Link ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများကို ဆောင်ရွက် ထားပြီးဖြစ်ပါကြောင်း၊ အိမ်ထောင်းမှုသင်တန်းကျောင်း ကို လူငယ်သင်တန်းကျောင်း ဖွင့်လှစ်မည့်နေရာနှင့် ၅ ဖာလုံခန့်အကွာ ဧရိယာ ၅ ကောရှိ မြေနေရာ ကို လျာထားပါကြောင်း၊ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပြီးပါက ဖွဲ့စည်းပုံတိုးချဲ့ခွင့်ရှိရေး တင်ပြဆောင်ရွက်ခြင်း၊ တင်ဒါခေါ်ယူခြင်း၊ သတ်မှတ် စီမံကိန်းကာလအတွင်း တည်ဆောက်ရေးလုပ်ငန်း များ အပြီးသတ်ဆောက်လုပ်ခြင်းတို့ကို ဆောင်ရွက် ပြီးပါက သင်တန်းကျောင်းများကို ဖွင့်လှစ်မည်ဖြစ်ပါ ကြောင်း ဖြေကြားသည်။

ကချင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စား လှယ် အမှတ်(၁၁) ဦးအောင်ဆန်းထူး၏ **ကချင် ပြည်နယ် ဗန်းမော်ခရိုင်အတွင်းရှိ ဗန်းမော်မြို့နယ်၊ မံစီမြို့နယ်၊ မိုးမောက်မြို့နယ်နှင့် ရွှေကူမြို့နယ်များမှ ယာယီနေရပ်စွန့်ခွာပြည်သူများကို အခြေခံစားသောက် ကုန် (ဆန်၊ ဆီ၊ ဆား)များ ထောက်ပံ့ပေးနိုင်ခြင်း ရှိ/ မရှိ၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ် များကို အထူးကိစ္စတစ်ရပ်အနေဖြင့် ပြန်လည်ပြုလုပ် ပေးနိုင်ခြင်း ရှိ/မရှိ၊ နိုင်ငံတော်မှ သတ်မှတ်ထားရှိသော ထောက်ပံ့ငွေများ အပြည့်အဝပေးနိုင်ခြင်း ရှိ/မရှိ၊ လိုအပ်သောနေရာများတွင် IDP Camp ယာယီစခန်း** ဒေသနှင့်ကိုက်ညီသည့် ဒီဂရီကောလိပ်တစ်ခု ဖွင့်လှစ် နိုင်ရေးအတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၄) ဦးအောင်ကျော်မင်း၏ **နိုင်ငံတော်၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု၊ တည်ငြိမ်မှုနှင့် ကမ္ဘာ့အလယ်တွင် ရင်ပေါင်တန်းနိုင်မှုတို့အတွက် အခြေခံအကျဆုံးနှင့် အရေးအကြီးဆုံးတွန်းအားဖြစ် သည့် မြန်မာ့ပညာရေးအဆင့်အတန်း မြင့်မားရေး အတွက် နှစ်စဉ် နိုင်ငံတော်မှခွဲဝေပေးသည့် ပညာရေး ရန်ပုံငွေများကို လူ့စွမ်းအားအရင်းအမြစ်တိုးတက် ရေး (Human Capital) ကဏ္ဍတွင် ဂုဝ ရာခိုင်နှုန်းအထိ တိုးမြှင့်သုံးစွဲပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမောင်သိန်းက ပညာရေးဝန်ကြီးဌာန၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် သာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်းအသုံးစရိတ်၊ ကြွေးမြီ အသုံးစရိတ်စာရင်းများအရ ပညာရေးဝန်ကြီးဌာန၏ အသုံးစရိတ်သည် နိုင်ငံတော်၏ စုစုပေါင်းအသုံးစရိတ် အပေါ် (၆ ဒသမ ၄၆)ရာခိုင်နှုန်း၊ ပြည်ထောင်စုစု၏ စုစုပေါင်း အသုံးစရိတ်အပေါ် (၆ ဒသမ ၉၂)ရာခိုင်နှုန်း ဖြစ်ပါကြောင်း။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍအတွက် ပညာရည်မြင့်မားရေးနှင့် သုတေသန လုပ်ငန်းကို အဓိကဆောင်ရွက်လျက်ရှိသည့် ဦးစီး ဌာနများဖြစ်သည့် ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ လေ့လာဆန်းစစ်အင်္ဂဖြတ် ရေးဦးစီးဌာနတို့သည် လူ့စွမ်းအားဖွံ့ဖြိုးတိုးတက် ရေးဆိုင်ရာ စီမံကိန်းလုပ်ငန်းများဆောင်ရွက်ခြင်း၊ ပညာရေးစီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ် Education Management Information System-EMIS အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် လုပ်ငန်းများဆောင်ရွက်ခြင်း၊ ဆရာ ဆရာမများ၏ စွမ်းရည်မြင့်မားလာစေရန် လမ်းညွှန်ပေးသည့် သုတေသနစာအုပ်စာတမ်းများ၊ အစီရင်ခံစာများ ထုတ်ဝေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ ဦးစီးဌာနများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍအတွက် ပျမ်းမျှဘဏ္ဍာငွေ အသုံးပြုမှုရာခိုင်နှုန်း(၆၉ ဒသမ ၂၆ ရာခိုင်နှုန်း)ဖြစ်ပြီး ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီး ဌာနအနေဖြင့် (၇၃ ရာခိုင်နှုန်း)အထိအသုံးပြုပါကြောင်း။

သို့ဖြစ်ပါ၍ ပညာရေးဝန်ကြီးဌာနအနေဖြင့် ဘဏ္ဍာငွေများကို လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး ကဏ္ဍအတွက် ရလဒ်အခြေပြု(Result-based)စနစ် ဖြင့် ဦးစီးဌာနအလိုက် အဆင့်လိုက် တိုးမြှင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ သဘာဝဘေးအန္တရာယ် ကြောင့် အဆောက်အအုံများ ပြင်ဆင်ခြင်း၊ အသစ် ဆောက်လုပ်ခြင်းလုပ်ငန်းစဉ်များ၊ အခြေခံအဆောက် အအုံ ထိန်းသိမ်းတည်ဆောက်ရေးကဏ္ဍများအတွက် ဘဏ္ဍာငွေများကို မဖြစ်မနေ ခွဲဝေသုံးစွဲနေရခြင်း ဖြစ်ပါကြောင်းနှင့် ရှေ့လာမည့် ဘဏ္ဍာရေးနှစ်များတွင် လူ့စွမ်းအားအရင်းအမြစ်တိုးတက်ရေး (Human Capital) ကဏ္ဍများအတွက် အကျိုးရှိအထိရောက်ဆုံး ဖြစ်စေရန် ရည်မှန်းချက်ပန်းတိုင်များနှင့်အညီ အဆင့် လိုက်တိုးမြှင့်သုံးစွဲနိုင်ရေး၊ သက်ဆိုင်ရာကဏ္ဍအလိုက် ယခုထက် တိုးမြှင့်ဆောင်ရွက်နိုင်ရေး ဆက်လက် စိစစ် အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ကချင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စား လှယ် အမှတ်(၁၀) ဦးအောင်ဆန်းထူး၏ **ကချင် ပြည်နယ် ဗန်းမော်ခရိုင်အတွင်းရှိ ဗန်းမော်မြို့နယ်၊ မံစီမြို့နယ်၊ မိုးမောက်မြို့နယ်နှင့် ရွှေကူမြို့နယ်များမှ ယာယီနေရပ်စွန့်ခွာပြည်သူများကို အခြေခံစားသောက် ကုန် (ဆန်၊ ဆီ၊ ဆား)များ ထောက်ပံ့ပေးနိုင်ခြင်း ရှိ/ မရှိ၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ် များကို အထူးကိစ္စတစ်ရပ်အနေဖြင့် ပြန်လည်ပြုလုပ် ပေးနိုင်ခြင်း ရှိ/မရှိ၊ နိုင်ငံတော်မှ သတ်မှတ်ထားရှိသော ထောက်ပံ့ငွေများ အပြည့်အဝပေးနိုင်ခြင်း ရှိ/မရှိ၊ လိုအပ်သောနေရာများတွင် IDP Camp ယာယီစခန်း များ ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် စုရပ်နေရာ များ၌ လစဉ်ကျန်းမာရေးစောင့်ရှောက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးက ကချင်ပြည်နယ် ဗန်းမော်ခရိုင်အတွင်းရှိသည့် ဗန်းမော်မြို့နယ်၊ မံစီမြို့နယ်၊ မိုးမောက်မြို့နယ်နှင့် ရွှေကူမြို့နယ်များမှ နေရပ်စွန့်ခွာပြည်သူများကို ယာယီနေထိုင်ရန်အတွက် သက်ဆိုင်ရာမြို့နယ်များ တွင် IDP Camp များ၊ ယာယီခိုလှုံရာစခန်းများ ဆောက်လုပ်ပေးပြီး အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် ကချင် ပြည်နယ်အစိုးရအဖွဲ့တို့မှ ငွေသားထောက်ပံ့ခြင်း၊ အခြေခံစားသောက်ကုန်များထောက်ပံ့ခြင်း၊ နယ်စပ် ရေးရာဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တို့က သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက် ပေးလျက်ရှိကြောင်း။

ယာယီနေရပ်စွန့်ခွာသူများအနေဖြင့် ရောက်ရှိရာ ဒေသများတွင် မိမိတို့၏ နေ့စဉ်အသက်မွေးဝမ်း ကျောင်းလုပ်ငန်းများကို မိမိတို့တတ်ကျွမ်းရာ လုပ်ကိုင် ဆောင်ရွက်နိုင်စွမ်းရှိမှု၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်စား လှယ်များ၏ ပံ့ပိုးမှုများနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက် ရေးကိုဆောင်ရွက်ပြီး ဗိုဒ်မှုကင်းသည့် ဘဝများကို ပြန်လည်ထူထောင်ရေးကို ဦးတည်နိုင်မည်ဖြစ်ပါ ကြောင်း ဖြေကြားသည်။

ယင်နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထား သော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွား ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ် ပေးရေးဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမျိုးသား လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး အမျိုးသား လွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၀) ဦးကျော်ကျော် လတ်၏ **မြန်မာနိုင်ငံတွင် ခေတ်မီပြီး ဘက်စုံလွှမ်းခြုံ နိုင်သော တစ္ဆေတစည်းတည်းသော ကိုယ်ရေးအချက် အလက် ကာကွယ်ရေးဥပဒေ (Personal Data Protection Law) တစ်ရပ်အား အမြန်ဆုံးရေးဆွဲ ပြဋ္ဌာန်းပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၁) ဦးစိုးကြည်က နိုင်ငံ တစ်နိုင်ငံ၏ ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက် ရန်အတွက် နည်းပညာနှင့် အခြေခံအဆောက်အအုံ များသာမက ပြည်သူများ၏ ယုံကြည်မှုသည်လည်း အလွန်အရေးကြီးပါကြောင်း၊ ပြည်သူများအနေဖြင့် မိမိတို့၏ ကိုယ်ရေးအချက်အလက်များကို လုံခြုံ စိတ်ချစွာ အသုံးပြုနိုင်မည်ဟု ယုံကြည်မှုရှိမှသာ အွန်လိုင်းဘဏ်လုပ်ငန်း၊ အီလက်ထရောနစ်ကုန်သွယ် ရေးနှင့် အစိုးရ၏ ဒီဂျစ်တယ်ဝန်ဆောင်မှုများကို ပိုမိုတွင်ကျယ်စွာ အသုံးပြုလာမည်ဖြစ်ပါကြောင်း၊ ထို့ပြင် နိုင်ငံတကာနှင့် ဒေတာအချက်အလက်များ ဖလှယ်၍ လုပ်ငန်းများဆောင်ရွက်ရာတွင် ယုံကြည် စိတ်ချရသော လုံခြုံရေးစံနှုန်းများနှင့် ကိုက်ညီ သည့် ဥပဒေတစ်ရပ်ရှိခြင်းဖြင့် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများအတွက် အရေးပါ သည့် အခြေခံအချက်တစ်ခု ဖြစ်လာနိုင်ပါကြောင်း။

ကိုယ်ရေးအချက်အလက်များကို ကာကွယ်ခြင်း သည် ဒေတာများကိုသာ ကာကွယ်ခြင်းမဟုတ်ဘဲ လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်လုံခြုံမှု၊ ဂုဏ်သိက္ခာ၊ အခွင့်အရေးနှင့် ယုံကြည်မှုတို့အတွက် ကာကွယ်ခြင်းပင်ဖြစ်ပါကြောင်း၊ သို့ပါ၍ ပြည်ထောင်စု အစိုးရအနေဖြင့် သက်ဆိုင်ရာဌာနများ၊ ဥပဒေပညာ ရှင်များ၊ နည်းပညာကျွမ်းကျင်သူများနှင့် သက်ဆိုင် သူများ ပူးပေါင်းပါဝင်စေပြီး နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီပြီး မြန်မာနိုင်ငံ၏အခြေအနေနှင့် သင့်လျော် သော ခေတ်မီဘက်စုံလွှမ်းခြုံသည့် ကိုယ်ရေးအချက် အလက်ကာကွယ်ရေးဥပဒေကို အမြန်ဆုံးရေးဆွဲ ပြဋ္ဌာန်းပေးရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် အဆိုသည် ပြည်သူများ၏ အခွင့်အရေးကို ကာကွယ်ခြင်း၊ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံတော်၏ ဒီဂျစ်တယ် အနာဂတ်တည်ဆောက်ရာတွင် မရှိမဖြစ်လိုအပ် သော အဆိုဖြစ်သည့်အတွက် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁) ဦးအောင်လှထွေးက ပြည်သူတစ်ဦးသည် ဘဏ်စာရင်းဖွင့်ခြင်း၊ ဆေးကုသ မှုခံယူခြင်း၊ အွန်လိုင်းမှ ပစ္စည်းမှာယူခြင်း စသည်တို့ လုပ်ဆောင်ရာတွင် မှတ်ပုံတင်နှင့် နေရပ်လိပ်စာ အချက်အလက်များပေးရာမှ လိမ်လည်မှုများဖြစ်လာ နိုင်သည့်အတွက် ပြည်သူကို သတိထားနိုင်စေရန် အသိပညာပေးရန် လိုအပ်သကဲ့သို့ အချက်အလက်ကို လက်ခံသိမ်းဆည်းသည့် အဖွဲ့အစည်းများသည် လည်း တာဝန်ယူမှု တာဝန်ခံမှုရှိရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ပြည်သူများ လက်တွေ့အသုံးချနိုင်သည့် အခွင့်အရေးများကို ဥပဒေတွင် ထည့်သွင်းပေးရန် လိုအပ်ပါကြောင်း။

ထို့ပြင် အသေးစားလုပ်ငန်းများအတွက် လုပ်ငန်း အရွယ်အစားနှင့် အချက်အလက်၏ အန္တရာယ်အဆင့် အလိုက် လိုက်နာရမည့်တာဝန်များကို ချိန်ညှိပြီး လက်တွေ့သုံးနိုင်သည့် လမ်းညွှန်ချက်များ ထုတ်ပြန် ပေးသင့်ပါကြောင်း၊ တိုင်ကြားမှုကို လက်ခံဖြေရှင်းပေး နိုင်သည့် ကြိုးကြပ်ရေးစနစ်ထားရှိရန်လည်း လိုအပ်ပါ ကြောင်း၊ အရေးယူရာတွင်လည်း ပေါ့ဆမှုနှင့် ရည်ရွယ် ချက်ရှိရှိ အလွဲသုံးစားလုပ်မှုကို ခွဲခြားပြီး ထိခိုက်မှု အတိုင်းအတာ၊ ထပ်မံကျူးလွန်မှုနှင့် ပြင်ဆင် ဆောင်ရွက်ခဲ့မှုတို့ကို ထည့်သွင်းစဉ်းစားသင့်ပါ ကြောင်း၊ ထိုစည်းကမ်းများကို အစိုးရဌာနများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများတွင် သက်ဆိုင်ရာ လုပ်ငန်း သဘောအလိုက် ကျင့်သုံးနိုင်ရန်လိုအပ်ပါကြောင်း၊ ပြည်သူ့အကျိုးစီးပွားအတွက်ဖြစ်စေ၊ ဥပဒေအရ စုံစမ်းစစ်ဆေးမှုအတွက်ဖြစ်စေ ခြွင်းချက်လိုအပ်ပါက ဥပဒေတွင် ရှင်းလင်းစွာသတ်မှတ်သင့်ပါကြောင်း၊ ဥပဒေမူကြမ်းရေးဆွဲမည့် အချိန်ဇယားနှင့် တာဝန်ယူ မည့်အဖွဲ့ကို သတ်မှတ်ပြီး ဥပဒေပြဋ္ဌာန်းပြီးနောက် လက်တွေ့လိုက်နာနိုင်ရန် လမ်းညွှန်ချက်များနှင့် ပြင်ဆင်ချိန်ကိုပါ တစ်ပါတည်း စီစဉ်ပေးစေလိုပါ ကြောင်း၊ ထို့ကြောင့် လက်တွေ့အကျိုးရှိစေမည့် ကိုယ်ရေးအချက်အလက်ကာကွယ်ရေးဥပဒေတစ်ရပ် အမြန်ဆုံးရေးဆွဲပြဋ္ဌာန်းပေးရန် အဆိုအား ထောက်ခံ ပါကြောင်း ဆွေးနွေးသည်။

မွန်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စား လှယ် အမှတ်(၁၂) ဒေါ်ဖိုးစိုးမြင့်က ကိုယ်ရေးအချက် အလက်ကာကွယ်ရေး (Personal Data Protection) ဆိုသည်မှာ လူတစ်ဦးချင်းစီ၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များကို ခွင့်ပြုချက်မရှိဘဲ စုဆောင်း ခြင်း၊ အသုံးပြုခြင်း၊ သိမ်းဆည်းခြင်း၊ ဖြန့်ဝေခြင်း၊ ရောင်းချခြင်းနှင့် အလွဲသုံးစားပြုခြင်းတို့မှ ကာကွယ် ပေးခြင်းဟု အဓိပ္ပာယ်ရပါကြောင်း၊ ခွင့်ပြုချက်မရှိဘဲ အခြားသူထံ ပေးအပ်လိုက်ခြင်း၊ အချက်အလက်များ ကို ရောင်းချခြင်း၊ အွန်လိုင်းမှ ခိုးယူခံရခြင်း၊ လိမ်လည် မှုများအတွက် အသုံးပြုခြင်း၊ မိမိနှင့်မသက်ဆိုင်သော ရည်ရွယ်ချက်များအတွက် အသုံးပြုခြင်း စသည်တို့ ဖြစ်ပေါ်လာပါက နိုင်ငံသားတစ်ဦးချင်းစီ၏ လုံခြုံရေး၊ ငွေကြေးနှင့် ကိုယ်ရေးလုံခြုံမှုတို့ကို ထိခိုက်စေနိုင် သောကြောင့် ဥပဒေနှင့် ကာကွယ်ပေးရန် လိုအပ်ခြင်း ဖြစ်ပါကြောင်း၊ ယနေ့ နိုင်ငံပေါင်း ၁၉၅ နိုင်ငံတွင် ၇၉ ရာခိုင်နှုန်းခန့်သည် ကိုယ်ရေးအချက်အလက် ဆိုင်ရာဥပဒေကို ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း။

စာမျက်နှာ ၈ သို့

လွတ်တော်အသီးသီးအတွက် လွတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ ရုပ်သိမ်းခြင်း၊ စိစစ်ခြင်းတို့နှင့်စပ်လျဉ်းသည့် နေ့ရက်များသတ်မှတ်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၇၁ / ၂၀၂၆)
၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်
(၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်)

လွတ်တော်အသီးသီးအတွက် လွတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ ရုပ်သိမ်းခြင်း၊ စိစစ်ခြင်းတို့နှင့်စပ်လျဉ်းသည့် နေ့ရက်များသတ်မှတ်ကြေညာခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာ လွတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၁၆ ပါလုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် အောက်ပါနေ့ရက်များကို သတ်မှတ်ကြေညာလိုက်သည် -

(၁) လွတ်တော်အသီးသီး၏ မဲဆန္ဒနယ်များအတွက် လွတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း စတင်တင်သွင်းနိုင်သည့် နေ့ရက် — ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်

(၂) လွတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းနိုင်သည့် နောက်ဆုံး နေ့ရက် — ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်

(၃) လွတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်းကို ရုပ်သိမ်းလိုက ရုပ်သိမ်းနိုင်သည့် နောက်ဆုံး နေ့ရက် — ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်

(၄) လွတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာများ စိစစ်မည့် နေ့ရက် — ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်မှ ၂၀၂၇ ခုနှစ်၊ ဧန်နဝါရီလ ၉ ရက်အထိ

(ပုံ) သန်းဖိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ ဥရောပအာရှစီးပွားရေးကော်မရှင် ဘုတ်အဖွဲ့ဝင်၊ မေခရို(အကြီးစား) စီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး မစ္စတာ ဒါနီရာ အီမာနာလီယက် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် နိုဝင်ဘာ ၁၁

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် ဥရောပအာရှစီးပွားရေးကော်မရှင် ဘုတ်အဖွဲ့ဝင်၊ မေခရို(အကြီးစား) စီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး မစ္စတာ ဒါနီရာ အီမာနာလီယက် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနခွဲ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံအား ဥရောပအာရှ စီးပွားရေးသဂ္ဂတွင် လေ့လာသူနိုင်ငံအဖြစ် ဝင်ရောက်နိုင်ရေးနှင့်စပ်လျဉ်းသည့်ကိစ္စ၊ အာဆီယံနှင့် ဥရောပအာရှစီးပွားရေးကော်မရှင်တို့အကြား ဖွဲ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့် ဥရောပအာရှ ပေါင်းစည်းရေးဆိုင်ရာအစည်းအဝေးများနှင့် ပြပွဲအခမ်းအနားများ၌ မြန်မာနိုင်ငံမှ ပါဝင်တက်ရောက်ပြသရေးတို့နှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ၊ သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဥရောပအာရှစီးပွားရေးကော်မရှင်မှ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံဆိုင်ရာ ရှုရှားသံအမတ်ကြီး မစ္စတာ အစ်ဇကန်ဒါ အဇီဇော့ဗ်နှင့် ရန်ကုန်မြို့ရှိ ရုရှားသံရုံးနှင့် နေပြည်တော်ရှိ ဘယ်လာရုစ်သံရုံးတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

သတင်းစဉ်

တက္ကသိုလ် ဥပဒေအထူးပြုကျောင်းသားများအတွက် ဥပဒေပညာရပ်ဆိုင်ရာ လက်တွေ့သင်တန်း အမှတ်စဉ်(၃) သင်တန်းဆင်း



နေပြည်တော် နိုဝင်ဘာ ၁၁

သင်တန်းသားများ အနေဖြင့် ဥပဒေရေးရာဝန်ကြီးဌာန ဝန်ကြီးရုံးနှင့် ဦးစီးဌာနလေးခုတို့၏ လက်တွေ့ လုပ်ငန်းများကို ရက်သတ္တမခြောက်ပတ်ကြာလေ့လာခွင့်ရရှိခဲ့ပြီး ဥပဒေရေးရာဝန်ကြီးဌာန၏ များပြားလှသည့်လုပ်ငန်းတာဝန်များကို အချိန်တိုအတွင်း လေ့လာရသည့်အတွက် ပြည့်စုံစွာသိရှိနိုင်မည်မဟုတ်သော်လည်း တက္ကသိုလ်မှ ဘွဲ့ရပြီးပါက ဥပဒေပညာရှင်အဖြစ် လုပ်ငန်းများ ဆောင်ရွက်သည့်အခါ သင်တန်းမှရရှိမည့် အတွေ့အကြုံများသည် လက်တွေ့လုပ်ငန်းနယ်ပယ်တွင် များစွာ အထောက်အကူပြုမည်ဟု မျှော်လင့်ပါကြောင်း ယနေ့ နံနက် ပိုင်းတွင် ဥပဒေရေးရာဝန်ကြီးဌာန ဥပဒေအသိပညာ ပြန့်ပွားရေး သင်တန်းကျောင်း (LAC)၊ MOLA LECTURE HALL သင်တန်းခန်းမ (ပထမထပ်)၌ ကျင်းပသည့် တက္ကသိုလ် ဥပဒေအထူးပြု ကျောင်းသားများအတွက် ဥပဒေပညာရပ်ဆိုင်ရာ လက်တွေ့ သင်တန်းအမှတ်စဉ် (၃) သင်တန်းဆင်းပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့်ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက အမှာစကားပြောကြားသည်။

လက်တွေ့သင်ကြားပေးနိုင်ခဲ့

ဥပဒေပညာရပ် ဆိုင်ရာ လက်တွေ့သင်တန်းအမှတ်စဉ်(၃) အား Naypyitaw State Academy ဥပဒေပညာဌာနမှ တတိယနှစ် ဥပဒေပညာ ကျောင်းသား ကျောင်းသူ ၁၃ ဦးနှင့် BA(Law) အထူးပြုကျောင်းသား ကျောင်းသူ ရှစ်ဦးတို့အား ၂၀၂၆ ခုနှစ် အောက်တိုဘာ ၂ ရက်မှ နိုဝင်ဘာ ၁၃ ရက်အထိ ရက်သတ္တမခြောက်ပတ်ကြာ လုပ်ငန်းခွင် လက်တွေ့သင်ကြားပေးနိုင်ခဲ့ခြင်း ဖြစ်သည်။

တက်ရောက်

သင်တန်းဆင်းပွဲသို့ ဥပဒေရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ Naypyitaw State Academy မှ ပါမောက္ခချုပ်၊ ဥပဒေပညာဌာန ပါမောက္ခ(ဌာနမှူး)နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

သတင်းစဉ်

စာမျက်နှာ ၇ မှ

ထို့ကြောင့် နိုင်ငံတကာစံနှုန်းများနှင့် နှိုင်းယှဉ်လေ့လာပြီး နိုင်ငံတော်၏လုံခြုံရေး၊ အများပြည်သူအကျိုးစီးပွားကို ကာကွယ်ခြင်းနှင့် နိုင်ငံသားတစ်ဦးချင်း၏ ကိုယ်ရေးလုံခြုံမှုကို ကာကွယ်ခြင်းတို့အတွက် ဆောင်ရွက်ရန် အရေးကြီးပါကြောင်း၊ ကိုယ်ရေးလုံခြုံမှုကို ချိုးဖောက်ခံရပါက တိုင်ကြားနိုင်သည့်ဌာန၊ အင်တာနက်အသုံးပြုမှုနှင့် ကိုယ်ရေးအချက်အလက်များကို ရယူနိုင်ခွင့်အခြေအနေ၊ နစ်နာသူများအတွက် လျော်ကြေးပေးနိုင်သည့်စနစ်၊ ကိုယ်ရေးအချက်အလက်များကို သိမ်းဆည်းထားသည့် အဖိုးရဌာနနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများအပေါ် သီးခြား Personal Data Protection Law ပြဋ္ဌာန်းရန် အထူးလိုအပ်လျက်ရှိပါကြောင်း၊ အဆိုပါဥပဒေသည် ပြည်သူများ၏ ကိုယ်ရေးလုံခြုံမှုကို ကာကွယ်ပေးနိုင်ရုံသာမက Digital Economy, E-Government, E-Commerce, Digital Banking နှင့် နိုင်ငံတကာ Data Flow များအတွက် ယုံကြည်စိတ်ချရသော ဥပဒေရေးရာကို တည်ဆောက်ပေးနိုင်မည်ဖြစ်ပါသောကြောင့် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၂) ဦးဝဏ္ဏစိုး၊ မကွေးတိုင်းဒေသကြီးအမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၂) ဒေါ်ခင်ဆွေ၊ ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၉) ဒေါ်ကျင်သိန်း၊ စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၂) ဦးလွမ်းမိုးနိုင်နှင့် မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၁) ဦးဖေသန့်ဇော်တို့က ဆက်လက်ဆွေးနွေးကြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန်ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက် ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းကို နိုဝင်ဘာ ၁၃ ရက်တွင် ကျင်းပမည့် ၁၇ ရက်မြောက်နေ့ အစည်းအဝေးတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက်တတိယအကြိမ်အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို နိုဝင်ဘာ ၁၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းအဖွဲ့

❋ ရေချိုစိမ့်စမ်း မခန်းစေဖို့၊ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။ ❋ ရေကြည်လင်မှ စိတ်အေးချမ်း၊ ရေချိုထိန်းမှ ကမ္ဘာစိမ်းလန်း။

✪ ရှေ့ဖုံးမှ

ယနေ့တွင် မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (National Skills Standards Authority-NSSA) ၏ အမျိုးသားအဆင့် ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲ အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၌ ကျင်းပသည်။

အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမောင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ လွတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အလုပ်အကိုင် ၁၀ မျိုး



အတွက် စစ်ဆေးအကဲဖြတ်ရာတွင် ဝင်ရောက်ဖြေဆိုအောင်မြင်ခဲ့သည့် အရည်အသွေးပြည့်မီသူ ၈၆၅ ဦး၊ စစ်ဆေးအကဲဖြတ်သူ ခုနစ်ဦးနှင့် စစ်ဆေးအကဲဖြတ်ရေးဌာနနှစ်ခုကို အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

တိုးမြှင့်အကောင်အထည်ဖော်

အခမ်းအနားတွင် အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကုန်ထုတ်လုပ်မှု စွမ်းအားတိုးတက်စေရေး၊ ကျွမ်းကျင်မှုအခြေပြု ကုန်ထုတ်လုပ်မှုဖြင့်တင်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေး၊ လုပ်သားဈေးကွက်လိုအပ်ချက်နှင့်ကိုက်ညီသော ကျွမ်းကျင်လုပ်သားများ ရရှိစေရေးတို့အတွက် ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းများတည်ထောင်ကာ ဒေသလိုအပ်ချက်နှင့်ကိုက်ညီသော ကျွမ်းကျင်မှုသင်တန်းများဖွင့်လှစ်ရုံသာမက စက်ရုံ၊ အလုပ်ရုံများ၊ စက်မှုရုန်တာဝန်ရှိသူများနှင့် ပူးပေါင်း၍ အလုပ်သင်စနစ် (Apprenticeship)၊ လုပ်ငန်းခွင်တွင်း ကျွမ်းကျင်မှုမြှင့်တင်ရေး (In-Company Training) နှင့် နှစ်လမ်းသွားပညာရေး (Dual VET System) လုပ်ငန်းစဉ်များကို တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

NSSA အနေဖြင့် မြန်မာနိုင်ငံအမျိုးသားပညာရေးအဆင့်မူဘောင် (Myanmar National Qualification Framework - MNQF) နှင့်ချိတ်ဆက်ပြီး ပညာရေးကဏ္ဍနှင့် လုပ်ငန်းခွင်ကျွမ်းကျင်မှုတို့ကို တစ်သားတည်းပေါင်းစပ်ပေးနိုင်သော (Lifelong Learning Pathway) စနစ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျွမ်းကျင်လုပ်သားများအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများတွင် မိမိတို့၏ကျွမ်းကျင်မှုကို တရားဝင်အသိအမှတ်ပြုခံရစေရန် (Cross-Border Labour Mobility)၊ ဒေသတွင်းစှန့်မှုများနှင့်ကိုက်ညီစေရေး အကဲဖြတ်စစ်ဆေးမှုများကို ဆောင်ရွက်နိုင်ရန် နိုင်ငံအချင်းချင်း ကျွမ်းကျင်မှုအသိအမှတ်ပြုရေး (Mutual Recognition of MRS)ကိုလည်း အိမ်နီးချင်းထိုင်းနိုင်ငံနှင့် စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ကျွမ်းကျင်လုပ်သားများရရှိရေး ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။ **သတင်းစဉ်**

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပသည့် "အပြည်ပြည်ဆိုင်ရာ ဆောက်လုပ်ရေးသိတင်းပတ်နှင့် အခြေခံအဆောက်အအုံ နည်းပညာဆိုင်ရာ ကုန်စည်ပြပွဲ ၂၀၂၆"သို့ မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၁၁

"အပြည်ပြည်ဆိုင်ရာ ဆောက်လုပ်ရေး သိတင်းပတ်နှင့် အခြေခံအဆောက်အအုံ နည်းပညာဆိုင်ရာ ကုန်စည်ပြပွဲ ၂၀၂၆ (International Construction Week (ICW) and BuildXpo 2026)" ကို နိုဝင်ဘာ ၁၀ ရက်မှ ၁၁ ရက်အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ဦးဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ကြသည်။



မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် "အပြည်ပြည်ဆိုင်ရာဆောက်လုပ်ရေး သိတင်းပတ်နှင့် အခြေခံအဆောက်အအုံ နည်းပညာဆိုင်ရာ ကုန်စည်ပြပွဲ ၂၀၂၆ (International Construction Week (ICW) and BuildXpo 2026)" ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတကာမှ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့်အတူ တက်ရောက်ပြီး ခင်းကျင်းပြသထားသည့် နိုင်ငံတကာမှ အခြေခံအဆောက်အအုံဆိုင်ရာ စီမံကိန်းများနှင့် စွမ်းဆောင်ရည်များ၊ ဆောက်လုပ်ရေးကဏ္ဍဆိုင်ရာ နည်းပညာများနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းပြခန်းများကို လိုက်လံကြည့်ရှုလေ့လာကာ မလေးရှားနိုင်ငံဆောက်လုပ်ရေးဝန်ကြီးက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သောအဖွဲ့နှင့် မလေးရှားနိုင်ငံ ဆောက်လုပ်ရေးဝန်ကြီး Mr. Dato Sri Alexander Nanta Linggi ဦးဆောင်သောအဖွဲ့သည် အလွတ်သဘော သီးသန့်ဆွေးနွေးခဲ့ကြပြီး ICW & BuildXpo Malaysia 2026 သို့ တက်ရောက်ခြင်းမှတစ်ဆင့် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုခိုင်မာစေပြီး ပူးပေါင်းဆောင်ရွက်မှုများကို တိုးချဲ့နိုင်ရန်၊ အင်ဂျင်နီယာများနှင့် လုပ်ငန်းရှင်များအနေဖြင့်အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကျွမ်းကျင်မှုဖလှယ်ရေးအစီအစဉ်များကို နောင်အနာဂတ်တွင် အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရန် မျှော်လင့်ပါကြောင်း။

နည်းပညာနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နှစ်ဦးနှစ်ဖက် ဘုံစိတ်ပါဝင်စားသည့် နယ်ပယ်များကို ဖော်ထုတ်သတ်မှတ်နိုင်ရန်နှင့် နှစ်နိုင်ငံကြား ဆောက်လုပ်ရေးကဏ္ဍ ချိတ်ဆက်မှုလမ်းကြောင်းများကို ပိုမိုအားကောင်းလာစေရန် ရည်ရွယ်ပါကြောင်း၊ ဒေသတွင်း မိတ်ဖက်နိုင်ငံများအနေဖြင့် ချစ်ကြည်ရေး၊ နှစ်ဦးနှစ်ဖက်နားလည်မှုနှင့် အပြန်အလှန် အကျိုးရှိစေမည့် အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ခြင်းသည် ဆောက်လုပ်ရေးကဏ္ဍ၏ စွမ်းဆောင်ရည်၊ ထုတ်လုပ်မှုစွမ်းအားနှင့် ယှဉ်ပြိုင်နိုင်စွမ်းတို့ကို တိုးတက်စေရန် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း။

နှစ်နိုင်ငံအကြား ချစ်ကြည်ရေး ပိုမိုခိုင်မာစေရန်၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍများတွင် ပိုမိုနီးကပ်စွာပူးပေါင်းဆောင်ရွက်ရန်နှင့် အတွေ့အကြုံဗဟုသုတများကို အပြန်အလှန်ဖလှယ်နိုင်ရန် ရှေ့ဆက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ပတ်ဝန်းကျင်တွင် ဆောင်ရွက်ထားရှိသော လမ်း၊ တံတား တည်ဆောက်ရေးနည်းပညာများ၊ မြို့ပြဖွံ့ဖြိုးရေးနှင့် ပတ်ဝန်းကျင်အခြေအနေတို့ကို ကြည့်ရှုလေ့လာပြီး မွန်းလွဲပိုင်းတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့မှ လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာကြရာ ရန်ကုန်မြို့သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

အဆိုပါ "အပြည်ပြည်ဆိုင်ရာ ဆောက်လုပ်ရေး သိတင်းပတ်နှင့် အခြေခံအဆောက်အအုံ နည်းပညာဆိုင်ရာ ကုန်စည်ပြပွဲ ၂၀၂၆ (International Construction Week (ICW) and BuildXpo 2026)"သို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ် (MCEF)၊ မြန်မာနိုင်ငံ လိုင်စင်ရကန်ထရိုက်တာများအသင်း(MLCA)နှင့် မြန်မာမြို့ပြနှင့်အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းရှင်များအသင်း (MDA) တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီအစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၁

နှစ်စဉ် ဒီဇင်ဘာ ၃ ရက်တွင် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အခမ်းအနားကို ကျင်းပလျက်ရှိပြီး ယခု ၂၀၂၆ ခုနှစ်၌ "မသန်စွမ်းသူများ၏ အခွင့်အရေးကို ဆက်လက်မြှင့်တင်၍ ပိုမိုကောင်းမွန်သော အနာဂတ်ကို ဖော်ဆောင်ကြပါစို့" "The CRPD at 20: Building on Progress, Advancing the Future" ဆောင်ပုဒ်ဖြင့် နေပြည်တော်တွင် နိုင်ငံတော်အဆင့် ကျင်းပသွားမည်ဖြစ်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်များတွင်လည်း သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ကျင်းပဆောင်ရွက်ရန် ဆောင်ရွက်နေပါကြောင်း၊ မသန်စွမ်းသူများအတွက် ဆောင်ရွက်သည့်ကိစ္စများနှင့် စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဆက်စပ်ဝန်ကြီးဌာနများအပြင် မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်နှင့် မသန်စွမ်းအဖွဲ့အစည်းများက အပြာသဘော ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုလွင်က ပြောကြားသည်။

ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။



ဆက်လက်၍ လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်သည့် ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်၊ မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ် ဥက္ကဋ္ဌ ဦးသိန်းဟန်သူ၊ ကာကွယ်ရေးနှင့်ပြည်သူ့ဆက်သွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြန်လည်နေရာချထားရေးဌာနမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သိန်းနိုင်နှင့် ဝန်ကြီးဌာနအသီးသီးမှ လုပ်ငန်းကော်မတီဝင်များက မသန်စွမ်းသူများ၏ အခွင့်အရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကိုလည်းကောင်း၊ လုပ်ငန်းကော်မတီဝင် မသန်စွမ်းကိုယ်စားလှယ်များက ဆောင်ရွက်ပေးစေလိုသည့် အချက်များကိုလည်း ကောင်း ရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

ချယ်ရီပန်းတို့ ပွင့်လန်းရာ ရှမ်းပြည်နယ်ဂုဏ်ဆောင် တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲတော်သို့ လှမ်းလာဖို့ဖိတ်ခေါ်

သော်တာနမ့်စန်



၂၀၂၅ ခုနှစ် နိုဝင်ဘာ ၅ ရက်က တောင်ကြီးမြို့၌ တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပစဉ်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားပေါင်းစုံ၊ ဘာသာပေါင်းစုံတို့ အေးအတူ၊ ပူအမျှ အတူယှဉ်တွဲနေထိုင်သည့် ပြည်ထောင်စုကြီးဖြစ်သည်။ အထူးသဖြင့် မတူကွဲပြားသော တိုင်းရင်းသားတို့၏ ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှုတို့ကို တစုတစည်းတည်း ပေါင်းစည်းထားသော ပြည်ထောင်စုကြီး၏ အလှတရားနှင့် ယဉ်ကျေးမှုကြွယ်ဝသော နိုင်ငံတစ်နိုင်ငံလည်း ဖြစ်သည်။

ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှုသည် တိုင်းရင်းသားတစ်မျိုးတည်းအတွက်သာမက ပြည်ထောင်စုတစ်ခုလုံးအတွက် တန်ဖိုးမဖြတ်နိုင်သော အမျိုးသားအမွေအနှစ်တစ်ခု ဖြစ်သည်။ တိုင်းရင်းသားတို့၏ ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှုကို လက်ဆင့်ကမ်းထိန်းသိမ်းဖော်ဆောင်သော ပွဲတော်များစွာရှိရာ ထိုပွဲတော်များအနက် ချယ်ရီပန်းတို့ပွင့်လန်းရာ ရှမ်းပြည်နယ် တောင်ကြီးတန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် မီးပုံးပျံပြိုင်ပွဲသည် အာရာသာမက ကမ္ဘာကပါ အထူးစိတ်ဝင်တစားး လာရောက်လည်ပတ်ကြည့်ရှုအားပေးကြသည့် ပွဲတော်ကြီးတစ်ခုအဖြစ် ယနေ့တိုင် ရှင်သန်လျက်ရှိသည်။

ဘာသာတရား ကိုင်းရှိုင်းမှု၊ စည်းလုံးညီညွတ်မှုနှင့် ချစ်ကြည်ရင်းနှီးမှုကိုပြသသည့် ပွဲတော်ကို ပြပါဆိုလျှင် ထိုပွဲတော်သည် တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲတော်ပင် ဖြစ်သည်။ ၁၈၉၄ ခုနှစ် ကိုလိုနီခေတ်တွင် တောင်ကြီးမြို့၌ ပထမဆုံး မီးပုံးပျံပြိုင်ပွဲများ ကျင်းပခဲ့ပြီး ၁၉၄၀ ပြည့်နှစ်တွင် ကုန်းသာဘုန်းတော်ကြီးကျောင်းဆရာတော် ဦးထာနှင့် လူပုဂ္ဂိုလ်များက ဒေသခံရိုးရာ မီးပုံးပျံကြီးတစ်လုံး လွှတ်တင်ခဲ့ရာမှ ယနေ့ခေတ်တိုင် မီးပုံးပျံပွဲတော် အစဉ်အလာရှိခဲ့ကာ ၁၉၅၀ ပြည့်နှစ်တွင် မီးပုံးပျံပြိုင်ပွဲ လွှတ်တင်ခြင်းကို ပြိုင်ပွဲပုံစံဖြင့် စတင်ကျင်းပ၍ ဆုများချီးမြှင့်သည့် အစဉ်အလာဖြစ်ပေါ်ခဲ့သည်။

နောက်ပိုင်းတွင် ပရိသတ်အထူးစိတ်ဝင်စားသည့် စိန်နားပန် မီးကြီးယှဉ်ပြိုင်မှုနှင့် နေ့လွှတ် မီးပုံးပျံပြိုင်ပွဲတို့ကို ကျောက်တိုင်အားကစားကွင်း၊ ဗိုလ်ချုပ်ပန်း၌၊ ကရင်မရေထွက်နှင့် စူဠာမုဏိ ခြေတော်ရင်းတို့၌ ကျင်းပခဲ့ကြပြီး နောက်ဆုံး အဝေးမီးပုံးပျံကွင်းတွင် ကျင်းပခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်သည်။ တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲတော်သည် ဒေသခံတိုင်းရင်းသားတို့၏ အသွေးအသားထဲသာမက ရိုးတွင်းခြင်ဆီထဲအထိ စိမ့်ဝင်နေသော ရိုးရာဓလေ့ပွဲတော်တစ်ခုဖြစ်ပြီး ပွဲတော်ကာလတွင် နိုင်ငံတစ်ဝန်းမှ လာရောက်ကြည့်ရှုအားပေးကြသည့်အပြင် နိုင်ငံတကာ ခရီးသွားများ နှစ်စဉ်လာရောက်လေ့ရှိသည့် ရှမ်းပြည်နယ်၏ ဂုဏ်ဆောင် တန်ဆောင်တိုင်မီးပုံးပျံပွဲတော်ကြီးဖြစ်သည်။

တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲတော်ကို နေပိုင်းနှင့်ညပိုင်း နှစ်ပိုင်းခွဲ၍ ယှဉ်ပြိုင်ကျင်းပလေ့ရှိသည်။ ယခုနှစ်သည် ယခင်နှစ်များထက် ပြိုင်ပွဲဝင် မီးပုံးပျံအလုံးရေ များလာသောကြောင့် မူလသတ်မှတ်ထားသည့် နိုဝင်ဘာလ ၁၈ ရက်နေ့မှ ၂၄ ရက်နေ့အထိ အစား နိုဝင်ဘာလ ၁၆ ရက်နေ့မှ ၂၅ ရက်နေ့အထိ ပြောင်းလဲသတ်မှတ်၍ ကျင်းပမည် ဖြစ်သည်။ နိုဝင်ဘာလ ၁၆ ရက်နေ့တွင် ကွင်းဖွင့်ပွဲ ကျင်းပပြီး နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ပိတ်ပွဲကို ကျင်းပမည်ဖြစ်သည်။ တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပြိုင်ပွဲကို နိုဝင်ဘာလ ၁၆ ရက်နေ့မှ ၂၄ ရက်နေ့အထိ ၁၀ ရက်တာ ကျင်းပခြင်းဖြစ်ရာ ယခင်နှစ်များထက် ကြာမံပျံမကျ စည်ကားမည်မှာ အမှန်ပင်ဖြစ်သည်။

ပြိုင်ပွဲတွင် ညမီးကြီးမီးပုံးပျံ၊ စိန်နားပန်းမီးပုံးပျံ၊ နေ့လွှတ်အရုပ်ခြေနှစ်ချောင်း၊ နေ့လွှတ်အရုပ်ခြေလေးချောင်းနှင့် နေ့လွှတ်အရုပ်အုပ်စုတို့ ပြိုင်ပွဲဝင်ကြမည်ဖြစ်သည်။ နေ့လွှတ် မီးပုံးပျံများကို နေ့ခင်းပိုင်းတွင် လွှတ်တင်ကြပြီး အရုပ်ပဲသဏ္ဌာန်၊ အနုပညာလက်ရာနှင့် လှပသောဒီဇိုင်း လက်ရာတို့ကို အခြေခံယှဉ်ပြိုင်ကြခြင်းဖြစ်သည်။ ညလွှတ်မီးပုံးပျံ ပြိုင်ပွဲဖြစ်သည့် ညမီးကြီးမီးပုံးပျံပြိုင်ပွဲတွင် မီးရှူးမီးပန်းများဖြင့် အလှဆင်ခြင်းနှင့် ကောင်းကင်ယံတွင် မီးရောင်စုံများ ဖောက်လွှတ်ပြသခြင်းကို ယှဉ်ပြိုင်မည်ဖြစ်သည်။

မီးပုံးငယ်များဖြင့် အလှဆင်ချိတ်ဆွဲခြင်းနှင့် ပုံစံအမျိုးမျိုးဖြင့် အရောင်အသွေးစုံလင်စွာ ဖန်တီးထားသည့် စိန်နားပန်မီးပုံးပျံပြိုင်ပွဲကိုလည်း ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ အထူးသဖြင့် တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပြိုင်ပွဲသည် ပြိုင်ဆိုင်မှုပြင်းထန်ပြီး ညမီးကြီးနှင့် စိန်နားပန်ပြိုင်ပွဲသည် ကြည့်ရှုသူတို့၏ ရင်ခုန်စိတ်လှုပ်ရှားမှုအမြင့်ဆုံး ပြိုင်ပွဲတစ်ခုလည်းဖြစ်သည်။ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်များနှင့် ကြည့်ရှုအားပေးသူများ အသက်ရှူမှေ့ရလောက်အောင် ကြည့်ရှုအားပေးကြသော ပြိုင်ပွဲအမျိုးအစားဖြစ်၍ ပြိုင်ပွဲအတွက် ကြိုးစားအားထုတ်ခဲ့သမျှ အကောင်းဆုံးယှဉ်ပြိုင်မှုကို လက်တွေ့ခုံပြသည့် ပြိုင်ပွဲလည်းဖြစ်သည်။

၂၀၂၆ ခုနှစ် ရှမ်းပြည်နယ် တောင်ကြီးမြို့၏ (၈၅)ကြိမ်မြောက် တန်ဆောင်တိုင် မီးပုံးပျံပြိုင်ပွဲတွင် ညမီးကြီး ၇၁ လုံး၊ စိန်နားပန် ၄၁ လုံး၊ အရုပ်ခြေနှစ်ချောင်း ၂၃၅ လုံး၊ အရုပ်ခြေလေးချောင်း ၁၃၉ လုံးနှင့် အရုပ်အုပ်စု ၇၅ စုတို့ဖြင့် စုစုပေါင်း ၅၆၁ လုံး ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပြိုင်ပွဲ အပြင် ဘုရား/စေတီများဆဲ့ ဆီမီးထွန်းညှိပူဇော်ခြင်း၊ သံဃာတော်များအား ဆွမ်းနှင့်လျှဖွယ်အစုစုတို့ကို လှူဒါန်းခြင်း၊ မသိုးသင်္ကန်းရက်လုပ်ကပ်လှူခြင်း၊ မြို့လုံးကျွတ် မဟာဘုံကထိန်လှည့်လည်ခြင်း၊ ညပိုင်းမီးပခေသာဖြင့် လှည့်လည်ပူဇော်၍ ပြိုင်ပွဲဝင်ခြင်း၊ ဆီမီးထွန်းညှိပူဇော်ခြင်းနှင့် ဘာသာရေးဆိုင်ရာ အလှူဒါန တုသိုလ်ကောင်းမှုတို့ကို အပြိုင်အဆိုင် ကျင်းပကြလေ့ရှိသည်။

မီးပုံးပျံပြိုင်ပွဲကို ယခင်က တောင်ကြီးမြို့တွင်ရှိသည့် ရပ်ကွက်၊ ကျေးရွာများအလိုက် ယှဉ်ပြိုင်ခဲ့ရာမှ ရှမ်းပြည်နယ်အတွင်းရှိ လွှိုင်လင်၊ ဟိုပုံး၊ ပင်တယ၊ ရပ်စောက်၊ ဝွေးလှ၊ အောင်ပန်း၊ အင်းလေး၊ ကလောနှင့် အခြားမြို့တို့မှ လာရောက်ယှဉ်ပြိုင်ကြသည့် ပြည်နယ်ပွဲတော်ကြီးတစ်ခုအဖြစ် အထူးစည်ကားသော ရိုးရာပွဲတော်ကြီးဖြစ်သည်။

ပွဲတော်တွင် ရှမ်းတိုင်းရင်းသားမျိုးနွယ်စု ၃၃ မျိုးထဲမှ တိုင်းရင်းသားများ ဒေသအလိုက် လာရောက်ယှဉ်ပြိုင်ကြရာ ရှမ်းတိုင်းရင်းသားမျိုးနွယ်စုံလင်လှသည့် ရောင်စုံဖူးပွင့်နေသော ပန်းဥယျာဉ်ကြီးသဖွယ် တိုင်းရင်းသားဝတ်စုံ မျိုးစုံဖြင့် ပြည်ထောင်စုဖွားတိုင်းရင်းသားတို့၏ လှပသော ထာဝရသစ္စာ အလှတရားတို့ကို ထင်ဟပ်စေသည့်ပမာ တွေ့မြင်ခံစားကြရမည်ဖြစ်သည်။ ပြိုင်ပွဲဖွင့်ပွဲနှင့် ပိတ်ပွဲနေ့သည် ရှမ်းပြည်နယ်တစ်ဝန်းသာမက အထက်ကောင်းကင်ယံသို့တိုင် တောင်ပေါ်တေးသီချင်းသံတို့ လွှင့်ပျံစေလျက် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့် ငြိမ်းချမ်းမှု၏အနှစ်သာရကို ထဲထဲဝင်ဝင် သိရှိခံစားမိစေသည့် အချိန်ကာလလည်း ဖြစ်သည်။

မီးပုံးပျံပြိုင်ပွဲတွင် လာရောက်ကြည့်ရှုသူအများစု ရင်ခုန်စိတ်လှုပ်ရှားစေသော ပြိုင်ပွဲမှာ ညပိုင်းယှဉ်ပြိုင်လေ့ရှိသည့် ညမီးကြီးနှင့်စိန်နားပန် ပြိုင်ပွဲဖြစ်သည်။ ထိုပြိုင်ပွဲ၌ အဓိကမှာ မီးပုံးပျံတွင် အသုံးပြုသည့် ယမ်းသုံးစွဲမှု အတတ်ပညာရပ်ပင်ဖြစ်သည်။ ထိခိုက်ပျက်စီးမှုမရှိစေရန် ယမ်းထောင်းမှုကို အထူးသတိပြု၍ လုပ်ကိုင်ကြလေ့ရှိသည်။ လွန်ခဲ့သော မီးပုံးပျံပြိုင်ပွဲများတွင် ယမ်းစိမ်း၊ လင်းနို့ချေးနှင့် မီးသွေးရောထောင်းပြီး မီးပုံးပျံအတွက် အသုံးပြုခဲ့ကြပြီး နောက်ပိုင်းတွင် ယမ်းစိမ်း၊ မီးသွေးနှင့် ကန့်ကို အချိုးညီမျှစွာ ရောစပ်၍ သစ်သားဆုံတွင် ထည့်ထောင်းပြီး အသုံးပြုကြလေ့ရှိသည်။

သံဆုံတွင် ထည့်ထောင်းသည့်အခါ အခန့်မသင့်ပါက ပွတ်အားဖြင့် ယမ်းပေါက်ကွဲမှုများ ဖြစ်ပွားလေ့ရှိရာ အန္တရာယ်ဖြစ်ပွားမှုနည်းပါးသည့် သစ်သားဆုံ၌ထည့်၍ ယမ်းထောင်းကြသည်။ ညပိုင်းမီးကြီးနှင့် စိန်နားပန်ပြိုင်ပွဲတို့တွင် အဓိက ယမ်းကို အသုံးပြုခြင်းကြောင့် မြေပြင်၊ မီးပုံးပျံစတင်ချိန်နှင့် ဝါးတစ်ပြန်ကျော်အမြင့်တို့တွင် မီးပန်းများပေါက်ကွဲပါက လူများထိခိုက်ခြင်းနှင့် မီးလောင်မှုတို့ကို တန်ဆောင်တိုင်ပွဲတော်တွင် ကြုံတွေ့ရလေ့ရှိသည်။ ထို့ကြောင့် ပြိုင်ပွဲဒိုင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ အထူးကြပ်မတ် ဆောင်ရွက်ကြလေ့ရှိသည်။

ထိုသို့ အန္တရာယ်ရှိသော ပြိုင်ပွဲဖြစ်သော်လည်း ပြိုင်ပွဲဝင်တို့က မီးပုံးပျံနှင့် ယမ်းအသုံးပြုမှုကို တစ်လ၊ နှစ်လမှ တစ်နှစ်အထိ ကြိုတင်၍ အဖွဲ့လိုက် ပြင်ဆင်ဆောင်ရွက်လေ့ရှိပြီး ထိုသို့ စိတ်နှစ်၍ ဆောင်ရွက်ကြမှုအပေါ် ဂုဏ်ယူကြလေ့ရှိသည်။ လချို၊ နှစ်ချို ကြာမြင့်စွာ မီးပုံးပျံတပ်ဆင်ခဲ့ကြသော ပင်ပန်းခက်ခဲသည့် ဘဝအမောများသည် မိမိတို့ မီးပုံးပျံအဝေးရောက်ငး ကောင်းကင်ယံသို့ အန္တရာယ်ကင်းရှင်းစွာ ယမ်းပေါက်ကွဲအား ကောင်းကောင်းဖြင့် ရောင်စုံမီးပန်းများ လင်းထိန်လျက် တစ်ရှိန်ထိုးတက်သွားသော မိနစ်ပိုင်းအချိန်က မီးပုံးပျံတည်ဆောက်ခဲ့သူတို့၏ ပျော်ရွှင်မှုအထွတ်အထိပ်သို့ ရောက်ရှိသော အချိန်ဖြစ်ရာ ပင်ပန်းခဲ့သမျှ ဘဝအမောများ ပြေပျောက်၍ ပျော်ရွှင်ကခုန်မွေ့ဖက်ကြလေ့ရှိသည်။ ထိုအချိန်သည် နောင်နှစ် တန်ဆောင်တိုင် မီးပုံးပျံပြိုင်ပွဲတွင် ဘာတွေ ကြိုတင်ပြင်ဆင်သွားရမည်ဆိုသည့် အချက်ပေးခေါင်းလောင်းသံတို့ သံပြိုင်မြည်ဟည်းလျက်ရှိကာ ရင်ထဲတွင်လည်း အကောင်းဆုံးထက် အကောင်းဆုံးကို လုပ်ဆောင်သွားကြရန် သန္ဓိဋ္ဌာန်ချမှတ်လေ့ရှိသည့် အချိန်အခါဖြစ်သည်။

တောင်ကြီးမီးပုံးပျံပြိုင်ပွဲသည် နေပိုင်းတွင် မင်းသား/မင်းသမီးအကနှင့် ညပိုင်းတွင် ယက္ခကူမ္ဘဏ်အကဖြင့် ဖျော်ဖြေနေသည့်ပမာ ဆင်တူလှသည်။ နေ့ပိုင်းရောင်စုံအရုပ်မျိုးစုံ လွှတ်တင်သည့် ပြိုင်ပွဲသည် ကကြိုးစုံလင်စွာကပြနေသည့် မင်းသား/မင်းသမီးအကကို ငေးမောကြည့်ရှုရသည့်ပမာ ခံစားရလေ့ရှိပြီး ညပိုင်းမီးကြီးနှင့် စိန်နားပန်ပြိုင်ပွဲသည် ရင်ခုန်စိတ်လှုပ်ရှားဖွယ်ဖြင့် ခပ်ကြမ်းကြမ်း၊ မာန်ဟုန်ပြင်းပြင်းဖြင့် ဖနောင့်ပေါက် ဒူးခြွေကာကာ ကပြနေသည့် ဘီလူးကုမ္ဘဏ်အကကို ရင်တမမနှင့် ကြည့်ရှုခံစားရခြင်းနှင့် ဆင်တူလှသည်။ ထိုခံစားမှုသည် ကြည့်ရှုအားပေးသူတို့ ရင်ခုန်စိတ်လှုပ်ရှားမှု

စာမျက်နှာ ၁၁ သို့

"ဘာသာတရားကိုင်းရှိုင်းမှု၊ စည်းလုံးညီညွတ်မှုနှင့် ချစ်ကြည်ရင်းနှီးမှုကို ပြသသည့် ပွဲတော်ကို ပြပါဆိုလျှင် ထိုပွဲတော်သည် တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲတော်ပင် ဖြစ်သည်။ မီးပုံးပျံပြိုင်ပွဲကို ၁၈၉၄ ခုနှစ် ကိုလိုနီခေတ်တွင် တောင်ကြီးမြို့၌ ပထမဆုံး မီးပုံးပျံပြိုင်ပွဲများ ကျင်းပခဲ့ပြီး ၁၉၄၀ ပြည့်နှစ်တွင် ကုန်းသာဘုန်းတော်ကြီးကျောင်းဆရာတော် ဦးထာနှင့် လူပုဂ္ဂိုလ်များက ဒေသခံရိုးရာမီးပုံးပျံကြီးတစ်လုံး လွှတ်တင်ခဲ့ရာမှ ယနေ့ခေတ်တိုင် မီးပုံးပျံပွဲတော် အစဉ်အလာရှိခဲ့ကာ ၁၉၅၀ ပြည့်နှစ်တွင် မီးပုံးပျံလွှတ်တင်ခြင်းကို ပြိုင်ပွဲပုံစံဖြင့် စတင်ကျင်းပ၍ ဆုများချီးမြှင့်သည့် အစဉ်အလာဖြစ်ပေါ်ခဲ့သည်"

ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းဝင်း ဦးဆောင်သော တပ်မတော်(လေ)ကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်သွားရောက်



နေပြည်တော် နိဝင်ဘာ ၁၁

မြန်မာနှင့် ထိုင်းလေတပ်နှစ်ရပ် အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်ရန်အတွက် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းဝင်း ဦးဆောင်သော တပ်မတော်(လေ) ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Sakesan Kantha ၏ ဖိတ်ကြားချက်အရ နိဝင်ဘာ ၉ ရက် နံနက်ပိုင်းတွင် ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရာ တပ်မတော်(လေ) ကိုယ်စားလှယ်အဖွဲ့အား ထိုင်းနိုင်ငံ ဒွန်မောင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ထိုင်းဘုရင့်လေတပ်ဒုတိယအကြီးအကဲ Deputy Chief of the Air Staff(Civil and Special Affairs) ဖြစ်သူ Air Marshal Theerawat Intarapiroj၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းလေတပ်စစ်သံမှူး Group Captain Trisanat Palakawong Na Ayudhya နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဇော်ဇော်စိုးနှင့် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာစစ်သံရုံးမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ကာကွယ်ရေးဦးစီးချုပ်(လေ) ဦးဆောင်သော တပ်မတော်(လေး) ကိုယ်စားလှယ်အဖွဲ့သည် နိဝင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် ထိုင်းဘုရင့်လေတပ်ဌာနချုပ်သို့ သွားရောက်ရာ ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Sakesan Kantha က ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုပြီး ထိုင်းဘုရင့်လေတပ် အောက်မှေ့ယ်အထိမ်းအမှတ်နေရာ၌ ဂုဏ်ပြုပန်းခွေချ အလေးပြုကြသည်။ (ယာပို့) ထို့နောက် ထိုင်းဘုရင့်လေတပ်ဌာနချုပ် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုး၍ ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်နှင့် နှစ်နိုင်ငံလေတပ်များအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်ရေး ကိစ္စရပ်များနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးကြပြီး အမှတ်တရလက်ဆောင်များ အပြန်အလှန် ပေးအပ်ကြသည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်(လေ) ဦးဆောင်သော တပ်မတော်(လေ) ကိုယ်စားလှယ်အဖွဲ့သည် Air Technical Training School သို့ သွားရောက်ကြရာ Director of Intelligence နှင့် Deputy Director of Education and Training တို့က ကြိုဆို နှုတ်ဆက်ကြသည်။ ထို့နောက် Air Technical Training School မှ တာဝန်ရှိသူတစ်ဦးက သင်တန်းကျောင်း၏ သမိုင်းကြောင်း၊ ဖွဲ့စည်းပုံ၊ ရည်မှန်းချက်တာဝန်၊ သင်ရိုးညွှန်းတမ်း၊ သင်ကြားမှုနည်းစနစ်များ၊ သင်တန်းသား အရည်အချင်း သတ်မှတ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး သင်တန်းကျောင်းအတွင်းရှိ Aircraft Maintenance Simulation Center အား ကြည့်ရှု လေ့လာကြသည်။ ညပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်(လေ) ဦးဆောင်သော တပ်မတော်(လေ) ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ကာကွယ်ရေးဦးစီးချုပ် (လေ) ဦးဆောင်သော တပ်မတော်(လေ) ကိုယ်စားလှယ်အဖွဲ့သည် နိဝင်ဘာ ၁၁ ရက် မွန်းလွဲပိုင်းတွင် RTAF Museum သို့ သွားရောက် လေ့လာကြပြီး ဗန်ကောက်မြို့မှ ပြန်လည်ထွက်ခွာရာ နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိ၍ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တပ်မတော်(လေ)မှ အရာရှိကြီးများက ကြိုဆို နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ကျော်ဟန် ဖလမ်းမြို့ ဆူရဲဘုန်လေဆိပ်နှင့် ရာနှုန်းပြည့်ပြုပြင်ပြီးစီးသည့် ဝန်ထမ်းအိမ်ရာများ ကြည့်ရှုစစ်ဆေး



ဖလမ်း နိဝင်ဘာ ၁၁

အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးသွားသည့် ဆူရဲဘုန်လေဆိပ်အတွင်းရှိ လေဆိပ်အဆောက်အအုံ၊ လေကြောင်းထိန်းမျှော်စင်၊ လေကြောင်းလမ်းညွှန်စက်များ ထားရှိသည့်နေရာတို့တွင် ပျက်စီးမှုများ သန့်ရှင်းရေး ပြန်လည်ဆောင်ရွက်ထားရှိမှုနှင့် လေဆိပ်လုံခြုံရေး ဆောင်ရွက်ထားရှိမှုများ၊ လေယာဉ်ပြေးလမ်း တစ်လျှောက်နှင့် လေယာဉ်ရပ်နားရာနေရာများကို ယနေ့တွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ကျော်ဟန်သည် ချင်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ခင်မောင်ထွေး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကော်မတီဝင်များနှင့် အတူ ကြည့်ရှုစစ်ဆေးပြီး ထပ်မံသန့်ရှင်းရေးဆောင်ရွက်ရန် လိုအပ်သည့်နေရာများတွင် သန့်ရှင်းသပ်ရပ်စွာ ဆောင်ရွက်ထားရှိရေး ပေါင်းစပ်ညှိနှိုင်းမှာကြားသည်။

ထို့နောက် ဖလမ်းမြို့ ဖာရဲထောက်ရပ်ကွက်ရှိ တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့သည့် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန လေးခန်းတွဲ နှစ်ထပ်အိမ်ရာ တစ်လုံးနှင့် နှစ်ခန်းတွဲ နှစ်ထပ်အိမ်ရာနှစ်လုံး ရာနှုန်းပြည့်ပြုပြင်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းမိသားစုများကို နေရာချထားပေးနိုင်ရေးနှင့် အိမ်ရာပတ်ဝန်းကျင်သန့်ရှင်းရေး၊ ရေစီးရေလာ ကောင်းမွန်ရေး ဆောင်ရွက်ရန်မှာကြားသည်။

ဆက်လက်၍ တစ်စိတ်တစ်ပိုင်း ပျက်စီးသွားသည့် ပညာရေးဝန်ထမ်းအိမ်ရာများ ပြုပြင်ပြီးစီး၍ ဝန်ထမ်းမိသားစုများ နေထိုင်နေမှု အခြေအနေများကို ကြည့်ရှုပြီး ဝန်ထမ်းမိသားစုများ စိုက်ပျိုးရေး ဆောင်ရွက်ထားရှိမှု၊ ရေရရှိမှုအခြေအနေများကို ရင်းရင်းနှီးနှီးနှုတ်ဆက်မေးမြန်းကာ လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် ဖလမ်းမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်းရှိ အကြမ်းဖက်ဖြစ်စဉ်များကြောင့် တစ်စိတ်တစ်ပိုင်းပျက်စီးသွားသည့် စာသင်ဆောင်ပြုပြင်ထားရှိမှုအခြေအနေ၊ တစ်စိတ်တစ်ပိုင်း ပျက်စီးသွားသည့် ပင်မစာသင်ဆောင် ရာနှုန်းပြည့် ပြုပြင်ပြီးစီးမှုနှင့် ကျောင်းဆောင်များအား လုပ်ငန်းလည်ကြည့်ရှုစစ်ဆေးကာ ကျောင်းတက်ရောက်နေသည့် ကျောင်းသား၊ ကျောင်းသူများ စာသင်ကြားနေမှုကို ကြည့်ရှုအားပေးပြီး ဆရာ ဆရာမများအား ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

စာမျက်နှာ ၁၀ မှ

အမြင့်ဆုံးအဆင့်သို့ ရောက်ရှိနေချိန်လည်းဖြစ်သည်။

အများအားဖြင့် ညပိုင်းသည် အေးမြသော လေထုနှင့်အတူ ကြည့်ရှုသည့် ပရိသတ်များပြားလေ ရှိပြီး သဘာဝကြောင့်ဖြစ်စေ၊ လူကြောင့်ဖြစ်စေ မီးပုံးပျံပြုလုပ်ခဲ့စဉ်က လိုအပ်မှုတို့ကြောင့် မီးပုံးပျံပျက်ကျပြီး ယမ်းပေါက်ကွဲမီးလောင်မှု ဖြစ်စဉ်တို့ကြောင့် အသက်အန္တရာယ်နှင့် ရင်ဆိုင်ရနိုင်သည်။

သင်္ကြန်ပွဲတော်ကာလတွင်လည်း ထိခိုက်သေဆုံးမှုများ ရှိတတ်သည်ဖြစ်ရာ မီးပုံးပျံပွဲတော်တွင်လည်း ထိခိုက်မှုဖြစ်ပွားတတ်ခြင်းက ဆန်းလှသည်တော့ မဟုတ်ချေ။ သို့သော် အထူးဂရုပြုထိန်းသိမ်းဆောင်ရွက်မှုဖြင့် ပွဲတော်ကို ကျင်းပခဲ့ကြသည်မှာ ယနေ့တိုင်ပင်ဖြစ်သည်။ ယခုနှစ် တောင်ကြီးတန်ဆောင်တိုင်ပွဲတော်သည် ပြိုင်ပွဲအမျိုးအစားနှင့် လာရောက်ကြည့်ရှုအားပေးကြမည့် ပြည်တွင်း/ပြည်ပခရီးသွားများ ယခင်နှစ်များထက် စံချိန်တင်များပြားမှုကို ခရီးသွားပို့ဆောင်ရေးနှင့် ဟိုတယ်၊ တည်းခိုခန်းများပြည့်နေမှုက ပြသနေသည်။

တောင်ကြီးတန်ဆောင်တိုင်ပွဲတော်နှင့် မီးပုံးပျံပွဲတော်ကို နှစ်စဉ် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိပြီး တန်ဆောင်တိုင်ပွဲတော်ကို ကျင်းပခြင်းသည် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်ပေးသည့်အပြင် အနာဂတ် မျိုးဆက်သစ်တို့ထံ ယဉ်ကျေးမှုအမွေအနှစ်များ လက်ဆင့်ကမ်းပေးသည့် ပွဲတော်တစ်ခုလည်း ဖြစ်သည်။

မီးပုံးပျံပွဲတော်ကို ကျင်းပခြင်းမှာ မြန်မာ့ရိုးရာ မီးပုံးပျံပညာရပ်ကို မပျောက်ပျက်စေရန်၊ မီးပုံးပျံပြုလုပ်သူတို့၏ လက်မှုပညာကို မြှင့်တင်ပေးရန်၊ အနုပညာဖန်တီးမှုစွမ်းရည် တိုးတက်လာစေရန်နှင့် မျိုးဆက်သစ်လူငယ်တို့ထံ ရိုးရာပညာရပ်များ လက်ဆင့်ကမ်းနိုင်ရန်ဖြစ်ပြီး မြတ်ဗုဒ္ဓ၏ အဆုံးအမများကို လိုက်နာကျင့်သုံးခြင်း၊ ကုသိုလ်ကောင်းမှုပြုလုပ်ခြင်းနှင့် ရှုမ်းပြည်နယ်၏ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်ခြင်းကိုလည်း ပေါ်လွင်စေသည်။

အထူးသဖြင့် ဘာသာသာသနာကို ကြည်ညိုလေးစားခြင်း၊ မြန်မာ့ရိုးရာမီးပုံးပျံပညာကို ထိန်းသိမ်းခြင်း၊ ရှုမ်းပြည်နယ်၏ ရိုးရာယဉ်ကျေးမှုကို ဖော်ထုတ်ခြင်း၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ပြသခြင်းနှင့် ဒေသတွင်းခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေခြင်းတို့ကို တောင်ကြီးတန်ဆောင်တိုင်ပွဲတော်က ထည်ဝါခန့်ညားစွာ ပြသလျက်ရှိသည်။

တောင်ကြီးမြို့သည် တောင်ပေါ်မြို့ဖြစ်၍ နေ့ချင်စဖွယ် မြို့တစ်မြို့ဖြစ်သည်။ နေ့ပိုင်းတွင် အေးမြသော လေထုကိုခံစားရပြီး ညပိုင်းတွင် ချမ်းအေးသည့် တောင်ပေါ်ရာသီဥတုကို ပိုင်ဆိုင်ထားသောကြောင့် မီးပုံးပျံပြိုင်ပွဲနှင့် လိုက်ဖက်ညီသည့် တောင်ပေါ်မြို့ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏ ဂုဏ်သိက္ခာကို လက်နက်အင်အား၊ စီးပွားရေးအင်အားဖြင့် တည်ဆောက်နိုင်သည့်အပြင် ယဉ်ကျေးမှုအမွေအနှစ်၊ ရိုးရာဓလေ့၊ အနုပညာလက်ရာနှင့် ဖန်တီးနိုင်မှုစွမ်းရည်တို့ဖြင့်လည်း တည်ဆောက်နိုင်သည်။

ပုဂံယဉ်ကျေးမှုနယ်မြေကို ကမ္ဘာကသိရှိသည့်အပြင် တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပွဲတော်ကိုလည်း အသိအမှတ်ပြုထား၍ တိုင်းရင်းသားတို့၏ ရိုးရာအမွေအနှစ်ကို ကမ္ဘာ့အလယ်တွင် ထည်ဝါစွာ ချပြခွင့်ရှိခြင်းမှာ နိုင်ငံနှင့်လူမျိုးအတွက် ဝမ်းမြောက်ဂုဏ်ယူဖွယ်ဖြစ်သည်။

တောင်ကြီး တန်ဆောင်တိုင် မီးပုံးပျံပြိုင်ပွဲကြီး စတင်ပါတော့မည်။

ပြိုင်ပွဲတွင် ရှမ်းပြည်နယ်၏ မြို့အသီးသီးမှ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ရာ ထိုသို့သော ယှဉ်ပြိုင်မှုသည် ပြည်ထောင်စုဖွားတိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှုကို ပြသနေသည့်အပြင် ပြည်ထောင်စုကြီး ရေရှည်တည်တံ့ခိုင်မြဲမှုကိုလည်း အထောက်အပံ့ဖြစ်စေလျက်ရှိသည်။ သို့ဖြစ်၍ ဆောင်းရာသီကာလ ချယ်ရိုပန်းများနှင့်အပြိုင် လှပနေသည့် တောင်ကြီးမြို့၏ တန်ဆောင်တိုင်မီးပုံးပျံပြိုင်ပွဲသို့ နိုင်ငံတစ်ဝန်းမှ ပြည်သူများ လာရောက်ကြည့်ရှု လည်ပတ်ရင်း တောင်ပေါ်လေအေးအေးနှင့်အတူ ရှမ်းအစားအစာ စုံလင်လှသည့် ချယ်ရီမြေသို့ အရောက်လှမ်းခဲ့ပါရန် တိုင်းရင်းသားညီအစ်ကိုများ၏ နွေးထွေးသော လက်များက ကမ်းလိုက်ဆိုနေပါကြောင်း ရေးသားလိုက်ရပါသည်။ ။

(၅) ကြိမ်မြောက် မြန်မာ-ဘရာဇီး နိုင်ငံရေးရာဆွေးနွေးပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၁

မြန်မာ-ဘရာဇီး နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန များအကြား (၅) ကြိမ်မြောက် နိုင်ငံရေးရာဆွေးနွေးပွဲ ကို နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကို ကျော်နှင့် ဘရာဇီးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှနှင့် ပစိဖိတ်ရေးရာအတွင်းဝန် (ဒုတိယဝန်ကြီး အဆင့်) ဖြစ်သူ သံအမတ်ကြီး မစ္စစ် ဆူနေ် ကလီဘန့် တို့ ဦးဆောင်၍ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ M Gallery ဟိုတယ်၌ ကျင်းပပြုလုပ်သည်။(ယာဝုံ)

အစည်းအဝေးတွင် နှစ်ဖက်ကိုယ်စားလှယ်များသည် မြန်မာနိုင်ငံနှင့် ဘရာဇီးနိုင်ငံတို့အကြား လက်ရှိပူးပေါင်းဆောင်ရွက်မှုများ၏ တိုးတက်မှုအခြေအနေများ၊ အထူးသဖြင့် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးရေး၊ နည်းပညာပူးပေါင်းဆောင်ရွက်မှု၊ ယဉ်ကျေးမှုနှင့် ကောင်စစ်ရေးရာကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

ထို့ပြင် နှစ်ဖက်အကျိုးစီးပွားဖြစ်ထွန်းစေမည့် ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုများဖြင့်တင်ရေး၊ အဆင့်တိုင်းတွင် ထိတွေ့ဆက်ဆံမှုများကို ပိုမိုပြုလုပ်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုနက်ရှိုင်းစေရေးတို့ကို ဆွေးနွေးသဘောတူညီခဲ့ကြသည်။

ထို့နောက် မြန်မာနိုင်ငံနှင့် ဘရာဇီးနိုင်ငံတို့၏ ဖြစ်ပေါ်တိုးတက်မှုများနှင့်ပတ်သက်၍ ဆွေးနွေးကြပြီး ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များ အပေါ်တွင်လည်း အမြင်ချင်းဖလှယ်ကြသည်။

အစည်းအဝေးအပြီးတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်က ဧည့်သည်တော် ဘရာဇီးနိုင်ငံခြားရေးဝန်ကြီးဌာန အတွင်းဝန်နှင့် ပစိဖိတ်ရေးရာ အတွင်းဝန်သည် ခရီးစဉ်အတွင်း ကိုယ်စားလှယ်အဖွဲ့အား M Gallery Hotel ၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။



ဘရာဇီးနိုင်ငံခြားရေးဝန်ကြီးဌာန အာရှနှင့် ပစိဖိတ်ရေးရာ အတွင်းဝန်သည် ရန်ကုန်မြို့၌ ရှေတိုဂုံစေတီတော်နှင့် နေပြည်တော်၌ မာရိဝေယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတို့သို့ သွားရောက်ဖူးမြော်ခဲ့ကြောင်း သိရှိရသည်။

သတင်းစဉ်

လူငယ်ရေးရာဗဟိုကော်မတီနှင့် ရှမ်းပြည်နယ်လူငယ်ရေးရာကော်မတီတို့ ပူးပေါင်းကျင်းပသည့် လူငယ်အသိပညာပေးဟောပြောပွဲ ကျင်းပ

တောင်ကြီး နိုဝင်ဘာ ၁၁

လူငယ်များ အသိပညာဗဟုသုတများ ပိုမိုတိုးပွားလာစေရန်၊ ဗလငါးတန်နှင့် ပြည့်စုံသည့် လူငယ်လူရွယ်များ ဖြစ်ပေါ်လာစေရန်နှင့် အယ်နီညို ဖြစ်စဉ်များကြောင့် ဖြစ်ပေါ်လာမည့် ဘေးထွက်ဆိုးကျိုးများကို သိရှိနားလည်ပြီး ကြိုတင်ကာကွယ်နိုင်ရန် ရည်ရွယ်



ကျင်းပသည့် လူငယ်အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက တောင်ကြီးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဒေါ်ခင်သိန်းခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြန်မာနိုင်ငံ လူငယ်ရေးရာ ဗဟိုကော်မတီ အတွင်းရေးမှူး၊ လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစစ်နိုင်က လူငယ်များတွင် စူးစမ်းလေ့လာလိုစိတ်၊ နည်းပညာအသုံးချနိုင်စွမ်းနှင့် အဖွဲ့အစည်းအလိုက် ပူးပေါင်း ဆောင်ရွက်နိုင်သည့် အားသာချက်များ ရှိပါကြောင်း၊ အဆိုပါ အားသာချက်များကို ရာသီဥတု ပြောင်းလဲမှုများနှင့် သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ လုပ်ငန်းများတွင် အသုံးချနိုင်မည် ဆိုပါက ဘေးအန္တရာယ်ကို ခံနိုင် ရည်ရှိသော လူ့အဖွဲ့အစည်းကို တည်ဆောက်ရာတွင် အဓိက အခန်းကဏ္ဍမှ ပါဝင်လာနိုင်မည် ဖြစ်ပါကြောင်း ပြောကြားပြီး ဒုတိယဝန်ကြီး ဦးစစ်နိုင်က အားကစားပစ္စည်းများကို ပေးအပ်ရာ(ဝဲဝုံ) ပြည်နယ်ပညာရေးမှူးက လည်းကောင်း၊ မြန်မာလူငယ် ဖွံ့ဖြိုးရေးအသင်း အမှုဆောင် ရှမ်းပြည်နယ်တာဝန်ခံ ဦးဉာဏ်ထိန်လင်းက အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း အတွက် ကျောင်းသုံးဗလာစာအုပ်များပေးအပ်လှူဒါန်းရာ ကျောင်း အုပ်ဆရာမကြီးက လည်းကောင်း လက်ခံရယူသည်။

ဆက်လက်၍ Myanmar Youth Fellowship (MYF) လူငယ် လှုပ်ရှားမှု Video Clip ကိုပြသပြီး ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဒေါက်တာမင်းယုအောင်က "စူပါအယ်နီညို ဘေးဒဏ် ကြံ့ကြံ့ခံတုံ့ပြန်နိုင်ရေး လူငယ်များက ဖော်ဆောင်ပေး" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Myanmar Youth Fellowshipမှ Mind Specialist ဦးဂျာလက လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေး အတွက်လည်းကောင်း အသိပညာပေး ဟောပြောကြသည်။

မင်းသန့်
(ပြန်/ဆက်)

ဥရောပအာရှစီးပွားရေးကော်မရှင်နှင့် စက်မှုနှင့် MSME များ၊ Agro-based Industries များဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၁၁

စက်မှုနှင့် အသေးစား၊ အလယ်စား နှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျသည် ဥရောပအာရှစီးပွားရေးကော်မရှင်မှ အဖွဲ့ဝင်နိုင်ငံများ၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို စောင့်ကြည့် လေ့လာခြင်းနှင့် ဆန်းစစ်သုံးသပ်ခြင်းဌာနခွဲမှူးဖြစ်သူ Mr. Dmitry Fesenko ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် ရုံးအမှတ် (၃၀) အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံဆွေးနွေးသည်။

ဆွေးနွေးစဉ် မြန်မာနိုင်ငံနှင့် ဥရောပအာရှစီးပွားရေး ကော်မရှင် တို့အကြား စက်မှုနှင့် MSMEs ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် လက်တွေ့ကျကျ ပူးပေါင်း ဆောင်ရွက်နိုင်မည့် အခွင့်အလမ်း များအား ပိုမိုဖော်ဆောင်ဖြင့်တင် နိုင်ရေး၊ မြန်မာနိုင်ငံ၏ စက်မှုနှင့် MSMEs ကဏ္ဍများ ဖွံ့ဖြိုးတိုးတက် မှုကို ပိုမိုအရှိန်မြှင့်တင်နိုင်ရေး အတွက် စိုက်ပျိုးမွေးမြူရေး ဒေသ ထွက်ကုန်ကြမ်းအခြေပြု တန်ဖိုး မြှင့်ထုတ်ကုန် ကွင်းဆက်များ ပိုမိုဖော်ဆောင်နိုင်စေရေး၊ စက်မှု လုပ်ငန်းများ ခေတ်မီဖွံ့ဖြိုး တိုးတက်ရေးနှင့် နည်းပညာ အသုံးပြုမှုဖြင့်တင်ရေး၊ အထူး သဖြင့် ဝါ၊ ဝါး၊ ရော်ဘာ၊ ဆန်၊ ဆီထွက်သီးနှံများနှင့် ကော်ဖီ လုပ်ငန်းများ စသည့် Agro-based Industries ၊ စက်ယန္တရားနှင့် စက်ပစ္စည်းထုတ်လုပ်မှု၊ ဆေးဝါး နှင့် ဆေးဘက်ဆိုင်ရာပစ္စည်း ထုတ်လုပ်မှု၊ သံမဏိ၊ အစား အသောက်လုပ်ငန်း၊ အထည် အလိပ်လုပ်ငန်းနှင့် အခြားကုန် ထုတ်လုပ်မှုကဏ္ဍများတွင် ဥရောပ အာရှ စီးပွားရေးသမဂ္ဂအဖွဲ့ဝင် နိုင်ငံများ၏ အတွေ့အကြုံ၊ နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုများ ကို အခြေခံ၍ ပူးပေါင်းဆောင်ရွက် နိုင်မည့် အခွင့်အလမ်းများနှင့်



ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရေး၊ နည်းပညာ လွှဲပြောင်းရယူရေး၊ ကျွမ်းကျင်လုပ်သားများ လေ့ကျင့် မွေးထုတ်ရေး၊ နှစ်ဖက်စက်မှု စီးပွားလုပ်ငန်းရှင် များအကြား အကျိုးတူပူးပေါင်းနိုင်မြှုပ်နှံမှုများ ဖော်ဆောင်ရေးနှင့် တန်ဖိုးမြှင့် ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ် မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး တို့ကို အပြန်အလှန်ရင်းနှီးပွင့်လင်း စွာဆွေးနွေးကြသည်။

ယခုတွေ့ဆုံဆွေးနွေးမှုသည် မြန်မာနိုင်ငံနှင့် ဥရောပအာရှ စီးပွားရေးကော်မရှင်၊ ဥရောပ အာရှ စီးပွားရေးသမဂ္ဂအဖွဲ့ဝင် နိုင်ငံများအကြား စက်မှုကဏ္ဍ၊ MSMEs နှင့် Agro-based Industries များ ဖွံ့ဖြိုးတိုးတက် ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု များအား အကျိုးရှိထိရောက် အောင် မြှင့်တင်နိုင်ရေးအတွက် အထောက်အကူ ပြုနိုင်မည့် ခြေလှမ်းတစ်ရပ်အဖြစ် ဆွေးနွေး နိုင်ခဲ့ကြောင်း သိရသည်။သတင်းစဉ်

ခရမ်းမြို့ အထက (၁) နှင့် (၂) ကျောင်းသား ကျောင်းသူဟောင်းများ၏ (၃၅)ကြိမ်မြောက် ကျောက်စိမ်းရတု အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၁

ခရမ်းမြို့ အထက(၁)၊အထက(၂)ကျောင်းသား ကျောင်းသူဟောင်းများ၏ (၃၅)ကြိမ်မြောက် ကျောက်စိမ်းရတု အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၉ နာရီတွင် သက္ကမာရဓိန်သွန်းဘုရားကြီး သာသနာ့ဓိဓာန်တော် မဟာဒုက်ခမွှာရုံ၌ ကျင်းပသွားမည် ဖြစ်သည်။

အာစရိယပူဇော်ပွဲအတွက် ပါဝင်လှူဒါန်းလိုပါက ဦးအောင်လွင် ဖုန်း ၀၉၄၂၀၀၂၃၉၇၃၊ ဦးမြင့်သက်ဦး ဖုန်း ၀၉၄၄၈၀၁၈၉၁၀၊ ဦးဇော်ဝင်း ဖုန်း ၀၉၉၆၆၈၉၃၉၉၉၊ ဦးသက်ထွန်းဦး ဖုန်း ၀၉၄၂၀၀၂၄၀၀၀၊ ဦးစိန်းယု ဖုန်း ၀၉၄၅၀၀၄၆၀၇၄၊ မမွန်မွန်လင်း (90) ဖုန်း ၀၉၄၂၀၁၉၂၂၃၅၊ ဦးအောင်လေး (92) ဖုန်း ၀၉၇၈၂၆၁၄၁၆၂၊ ဒေါ်ဇာဇာမင်း (95) ဖုန်း ၀၉၇၉၅၃၆၃၆၃၇၂၊ ဦးထားဝယ် (96) ဖုန်း ၀၉၇၉၀၁၃၆၃၇၈၊ မဝါဝါလှိုင် (97) ဖုန်း ၀၉၇၅၅၅၁၄၄၁၀၄၊ ကိုထွန်းထွန်းနိုင် (98) ဖုန်း ၀၉၉၅၀၄၄၅၄၄၅၊ ကိုအောင်ကျော်ဇော (99) ဖုန်း ၀၉ ၇၈၆၅၅၈၃၅၅၊ ကိုဖြိုးကြီး (2000) ဖုန်း ၀၉ ၇၉၉၃၇၃၃၉၉ ၊ ကိုဝေဖြိုးကျော် (2002) ဖုန်း ၀၉၉၇၈၈၅၅၁၁၁၊ ကိုမျိုးဇော်လင်း (2003) ဖုန်း ၀၉ ၄၂၈၁၄၉၉၅၊ မနန်းအိအိလွင် (2004) ဖုန်း ၀၉ ၇၉၅၄၉၉၃၉ ၊ ကိုအောင်မင်းခိုင် (2005) ဖုန်း ၀၉ ၇၉၉၃၇၅၅၆၀ ၊ ကိုထက်အောင်ကျော် (2009) ဖုန်း ၀၉၄၂၀၀၂၃၉၄၉၊ မမြတ်မွန်ဆွေ (2010)ဖုန်း ၀၉ ၇၉၆၂၆၉၃၀၆၊ ဦးဇော်လင်း(ရန်ကုန်) ဖုန်း ၀၉၅၅၀၂၀၁၁၊ ဦးသန့်ဇော်မြ(ရန်ကုန်) ဖုန်း ၀၉ ၅၁၉၄၉၈၁၁ ၊ ဒေါ်ယဉ် ယဉ်သန်း(ရန်ကုန်) ဖုန်း ၀၉ ၅၁၉၀၈၁၃ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်



ချင်းပြည်နယ်အစိုးရအဖွဲ့က အစိုးရစက်မှုလက်မှုသိပ္ပံ (တီးတိန်)အဖွဲ့အား ဂုဏ်ပြုဧည့်ခံမြှင့်ပေးအပ်

တီးတိန် နိုဝင်ဘာ ၁၁

ချင်းပြည်နယ်အစိုးရအဖွဲ့၏ အစိုးရစက်မှုလက်မှုသိပ္ပံ(တီးတိန်)အဖွဲ့အား ဂုဏ်ပြုချီးမြှင့်ဧည့်ခံပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းက တီးတိန်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဂုဏ်ပြုချီးမြှင့်ဧည့်ခံခြင်းကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဇော်နိုင်ဦးက ပေးအပ်ကာ အစိုးရစက်မှုလက်မှုသိပ္ပံ(တီးတိန်) ကျောင်းအုပ်ဆရာကြီး ဦးထန်ကိမိုးနိုင်က လက်ခံရယူသည်။

တီးတိန်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသော အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းမှ စက်မှုကျောင်းသား ကျောင်းသူများ အစိုးရစက်မှုလက်မှုသိပ္ပံ(တီးတိန်)သို့ လေ့လာရေးခရီးသွားရောက်ရာတွင် တာဝန်များကို တက်ကြွစွာရှာဖွေထမ်းဆောင်နေသော အစိုးရစက်မှုလက်မှုသိပ္ပံ(တီးတိန်)အဖွဲ့အား ချင်းပြည်နယ်အစိုးရအဖွဲ့က ဂုဏ်ပြုဧည့်ခံသိန်း ၂၀ ချီဖြင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

❖ *ကျောဖုံးမှ*

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ ဌာနဆိုင်ရာများမှ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အရာထမ်း/အမှုထမ်းများ၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးသည်။

ယနေ့ ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ အမျိုးသား ပထမအဆင့် အုပ်စုပတ်လည် ပွဲစဉ်များအဖြစ် ပြည်ထဲရေး ဝန်ကြီးဌာနအသင်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပြည်ထဲရေး ဝန်ကြီးဌာနအသင်းက မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းကို သုံးပွဲ – တစ်ပွဲဖြင့် လည်းကောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းက သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို သုံးပွဲ–တစ်ပွဲဖြင့်လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန အသင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ နယ်စပ်ရေးရာ ဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာန အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဆက်လက်၍ အမျိုးသမီး ပထမအဆင့် အုပ်စုပတ်လည် ပွဲစဉ်များအဖြစ် ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

၂၀၂၆ ခုနှစ် နိုဝင်ဘာ ၁၂ ရက်နေ့က ၉ နာရီမှစတင်၍ "၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ" အမျိုးသားပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် အားကစားရေးရာဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် သာသနာရေးဝန်ကြီးဌာနအသင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအသင်း၊ အမျိုးသမီးပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနအသင်းနှင့် အားကစားရေးရာ ဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများ အနေဖြင့် မည်သူမဆို "အခမဲ့" လာရောက် ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်

■ *ကျောဖုံးမှ*

ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။

ထိုသို့ဥပဒေဘောင်အတွင်း လက်နက်/ခဲယမ်းမှုံးနှင့်အတူ ပြန်လည်ဝင်ရောက်လာကြသည့် KIA ၊ KPDF နှင့် PDF အဖွဲ့ဝင်များအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဗလမင်းထင်ခန်းမ၌ ပြုလုပ်ရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ တိုင်းမှူး ဗိုလ်ချုပ် အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက ဥပဒေဆိုင်ရာအသိပညာပေးစကားများ ရှင်းလင်းပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် M-79 LL ၄၀ မမ ဆုံလည်သေနတ် တစ်လက်၊ K-25 သေနတ် နှစ်လက်၊ KA သေနတ် တစ်လက်၊ ၄၀ မမ ဗုံးသီး အလုံး ၂၀ ၊ လက်ပစ်ဗုံး တစ်လုံး၊ ၇ ဒသမ ၆၂ ကျည်အတောင့် ၂၇၀ ၊ ကျည်အိမ်မျိုးစုံ ငါးခု၊ ကျည်ကာအင်္ကျီတစ်ထည်နှင့် ဆက်စပ်ပစ္စည်းများကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်နက်၊ ခဲယမ်းမှုံးနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား M-79 LL ၄၀ မမ ဆုံလည်သေနတ်တစ်လက်အတွက် ငွေကျပ် ၇၅ သိန်း၊ မောင်းပြန်ရိုင်ဖယ်သေနတ် သုံးလက်အတွက် ငွေကျပ်သိန်း ၁၅၀၊ ၄၀ မမ ဗုံးသီးအလုံး ၂၀ အတွက် ငွေကျပ်သိန်း ၆၀၊ လက်ပစ်ဗုံး တစ်လုံးအတွက် ငွေကျပ် သုံးသိန်း၊ ကျည်ကာအင်္ကျီ တစ်ထည်အတွက် ငွေကျပ် နှစ်သိန်း၊ အလင်းဝင်ရောက်လာသူများ ခြောက်ဦးအတွက် ငွေကျပ်သိန်း၉၀ တို့ကို ပေးအပ်ပြီး ဥပဒေဘောင်အတွင်းဝင်ရောက်လာသူ တစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ခံဝန်ကတိလက်မှတ်ရေးထိုးစေကာ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးသည်။


အဆိုပါ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာကြသည့် KIA ၊ KPDF နှင့် PDF အဖွဲ့ဝင်များသည် မိသားစုဝင်ဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မစုဆောင်းခံကြရသူများဖြစ်ပြီး အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြားမှု အချင်းချင်းစိုလိုကျနိုပ်စက်၊ သတ်ဖြတ်ခြင်း၊ အမမှုမကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကိုခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နှစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်၍ ယခုကဲ့သို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။


ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရသည်။ ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းမှုံးအတွက် ဆုကြေးငွေများကို ထိုက်တန်စွာ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်–

အင်တာဗျူး (၁)

သင်တန်းကတော့ နှစ်လတက်ခဲ့ရပါတယ်။ သင်တန်းဆင်းပြီးနောက်





တာဝန်ထမ်းဆောင်တဲ့အခါ ဂိတ်ကိုပို့တယ်။ ဂိတ်ကနေပြီးတော့ ဒီအပေါ်ကို ပါခဲ့တာပါ။ အဖွဲ့အစည်းကလည်း အဆင်မပြေဘူး။ သူတို့ပြောတာ တစ်မျိုး၊ လုပ်တာတစ်မျိုး၊ လုပ်ရပ်တွေကမဟုတ်ဘူး။ အဲဒါကြောင့် ကျွန်တော်မကြိုက်လို့ ဒီဘက်ကို လာရောက်ပြီးတော့ အလင်းဝင်ရောက်ခြင်းဖြစ်ပါတယ်။ ဟိုဘက်မှာအခက်အခဲတွေ ကြုံတွေ့တာရှိပါတယ်။ အခက်အခဲတွေကတော့ ကြမ်းတမ်းတယ်။ တစ်ခါတလေ မသွားချင်တဲ့ လမ်းလည်းလွှတ်တယ်။ လွှတ်တဲ့လမ်းကိုတော့ သွားခဲ့ရပါတယ်။ စိတ်မပါလည်း သွားရတယ်။ ကိုယ်ကမလုပ်ချင်လည်း လွှတ်တာပဲ။ အဲဒါကြောင့် သူတို့ကိုလည်းမကြိုက်လို့ ဒီဘက်ကို လာရခြင်းဖြစ်တယ်။ သူငယ်ချင်းတွေ အမြင်မှန်ရပြီးတော့ ဒီလိုလေး အလင်းဝင်ပေးဖို့ပေါ့နော်။ နောက်ထပ်ပြောချင်တာက ကျွန်တော်တို့ကို ကြည့်ပေါ့၊ နွေးနွေးထွေးထွေးကြိုဆိုတဲ့အကြောင်းကို မှာကြားချင်ပါတယ်။

အင်တာဗျူး (၂)

ပဲခင်းမှာ ပေါင်းနှတ်နေတုန်း PDF အဖွဲ့အစည်းက လာပြီး ခေါ်ဆောင်ဖမ်းဆီးသွားပြီး သင်တန်းတွေပေးပြီးတော့ ဒီလိုရှေ့တန်းတွေ ဘာတွေ ပို့ခံရတာပေါ့။ အခက်အခဲတွေကတော့ ရှိပါတယ်။ ဘယ်လိုအခက်အခဲတွေလဲဆိုတော့ သူတို့ တစ်ယောက်နဲ့တစ်ယောက် မတူညီမှုတွေ နောက်ပြီးတော့ လူမျိုးရေးခွဲခြားတာတွေပေါ့။ အဲဒီလိုမျိုးတွေလည်း ရှိတယ်။ တစ်ယောက်နဲ့တစ်ယောက် အထက်ကအငယ်ကို နှိပ်စက်တာမျိုးတွေပေါ့။ ဒါမျိုးတွေ အများကြီးရှိပါတယ်။

အလင်းဝင်လာတဲ့ အကြောင်းရင်းက သူတို့တွေ အဲဒီလိုနှိပ်စက်တာတွေလည်း ပါလာတယ်။ နောက်ပြီးတော့ ရိက္ခာပိုင်း ဘာညာတွေလည်း နောက်ဆုံး အဆင်မပြေတော့ဘူး။ သူတို့ နှိပ်စက်တာတွေ ဘာတွေနဲ့ဆိုတော့ သူတို့နဲ့သဘောထားချင်းကလည်း တအားကွဲလွဲတော့ ဒီဘက်ကို အလင်းဝင်လာဖြစ်တာပေါ့။ ကျွန်တော့်သူငယ်ချင်းနဲ့ နှစ်ယောက် လာခဲ့ပါတယ်။ သူက သက်သက်တစ်နေရာပေါ့နော်။ ကျွန်တော်က တစ်နေရာ အတူတူစုပြီးတော့ တိုင်ပင်ခဲ့ကြတာပေါ့။ သူငယ်ချင်း အတူသွားမလား ဘယ်လိုဘယ်သွားပေါ့။ ဒီဘက်မှာကတော့ စိတ်ချမ်းသာပါတယ်။ ဂရုတစိုက်လည်း ကြိုဆိုသလို ဝမ်းမြောက်ဝမ်းသာနဲ့ အကုန်လုံးဂရုတစိုက်လုပ်ပေးတော့ စိတ်ချမ်းသာပါတယ်။ ဝမ်းလည်း သာပါတယ်။

ဟိုဘက်က ပြောတဲ့ မင်းတို့တွေကို အလင်းဝင်ရင် သတ်ပစ်မယ်တွေ၊ ထောင်ချထားမှာတွေ အဲလိုတွေပြောတာတွေ မယုံကြပါနဲ့လို့။ နိုင်ငံတော်ကလည်း လူငယ်တွေအတွက် အကုန်လုံး အလုပ်ကအစ အကုန်လုံးတာဝန်ယူပြီးတော့ လုပ်ဆောင်ပေးနေတဲ့ အချိန်မှာ အလင်းမြန်မြန်ဝင်ဖို့ ပြောချင်ပါတယ်။

သတင်းစဉ်

◆ *ကျောဖုံးမှ*

လေးဂိုးပြတ်ဖြင့် ဦးဆောင်နိုင်ခဲ့သည်။ ဒုတိယပိုင်းတွင် မြဝတီအသင်း ချေပဂိုးရရှိရန် ထိုးဖောက်ကစားခဲ့ပြီး ပွဲချိန် မိနစ် ၇၀ တွင် ကျော်ဇေယျာခန့်နှင့် ၈၉ မိနစ်တွင် ဖိုးချစ်လုံးတို့က ချေပဂိုး နှစ်ဂိုးပြန်လည် သွင်းယူခဲ့သော်လည်း ပွဲအပြီးတွင် ISPE အသင်းက လေးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ပွဲစဉ်အကောင်းဆုံးကစားသမား ဆုကို ISPE အသင်းမှ ကျောနံပါတ် (၆) မာန်ရဲလေးက ရရှိခဲ့သည်။

ISPE အသင်းသည် အပတ်စဉ် (၂၃) ပွဲစဉ်များအပြီး အမှတ်ပေး ဇယား အဆင့်(၂)နေရာတွင် ရပ်တည်လျက်ရှိပြီး အဆင့်(၁) နေရာမှ ရန်ကုန်ယူနိုက်တက် အသင်းကို ဖိအားပေးလျက်ရှိကာ လက်ကျန်ပွဲစဉ်များ၌ နိုင်ပွဲများ ထပ်မံရရှိရေး ကြိုးပမ်းလျက် ရှိသည်။

နေမျိုး
ဓာတ်ပုံ–MFF

✪ *ကျောဖုံးမှ*

မင်္ဂလာဒုံစီးတီးအသင်းကို ၃၃ ဂိုး– နှစ်ဂိုးနှင့် YCDC Dream Team အသင်းက United City အသင်းကို ခုနစ်ဂိုး–လေးဂိုးတို့ဖြင့် အသီးသီးအနိုင်ရခဲ့ပြီး Gold Dream အသင်း နှင့် JV အသင်းပွဲစဉ်တွင် တစ်ဖက် နှစ်ဂိုးစီဖြင့် သရေကျခဲ့သည်။

အပတ်စဉ်(၁၉) ပွဲစဉ်များ အပြီးတွင် MIU FC က ၅၂ မှတ်ဖြင့် ထိပ်ဆုံး၌ ရပ်တည်ခဲ့ပြီး Pacific Sun Far နှင့် YRG FC ၄၉ မှတ်စီ၊ YCDC Dream Team ၄၁ မှတ်၊ Gold Dream ၃၇ မှတ်၊ ULAD FC ၃၃ မှတ်၊ United City နှင့် JV FC ၂၁ မှတ်စီ၊ Royal Noka ၁၈ မှတ်၊ ရွှေပြည်သာယူနိုက်တက် ၁၁ မှတ်၊ မင်္ဂလာဒုံစီးတီး သုံးမှတ်နှင့် Burmese Warriors အသင်းက တစ်မှတ်ရရှိထားသည်။

နေမျိုး
ဓာတ်ပုံ–MFF

အမေရိကန် ရီပတ်ဘလစ်ကန်ပါတီက လွှတ်တော်နှစ်ရပ်တွင် လူနည်းစုပါတီခေါင်းဆောင်များ ရွေးချယ်တင်မြှောက်



ဝါရှင်တန် နိုဝင်ဘာ ၁၁

အမေရိကန်နိုင်ငံတွင် ယခုလကျင်းပခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲ၌ လွှတ်တော်နှစ်ရပ်စလုံး၏ အများစု နေရာများကို ဆုံးရှုံးခဲ့ရသည့် ရီပတ်ဘလစ်ကန်ပါတီသည် လာမည့်ဇန်နဝါရီလတွင် စတင်တာဝန်ယူမည့် ဒီမိုကရက်တစ်ပါတီ ထိန်းချုပ်ထားသော ကွန်ဂရက်လွှတ်တော်၌ ပါတီကိုယ်စားပြု ဦးဆောင်မည့် ခေါင်းဆောင်များကို ရွေးချယ်တင်မြှောက်ခဲ့သည်။

ယမန်နေ့က အောက်လွှတ်တော် ရီပတ်ဘလစ်ကန်အမတ်များက သမ္မတ ဒေါ်နယ်ထရမ့်နှင့် နီးစပ်သူ၊ ရှေးရိုးစွဲ ဝါဒီတစ်ဦးလည်းဖြစ် သဘောထား တင်းမာသူလည်းဖြစ်သည်ဟု အမေရိကန် မီဒီယာများက ဖော်ပြထားသည့် အောက်လွှတ်တော်အမတ် ဂျင်မ်ဂျော်ဒန်ကို လူနည်းစုပါတီခေါင်းဆောင်အဖြစ် ရွေးချယ်ခဲ့ကြသည်။ ၎င်းသည် လက်ရှိ အောက်လွှတ်တော် အများစု ပါတီ ခေါင်းဆောင် စတိဗ်စကာလစ်ကို အနိုင် ရရှိခဲ့ခြင်းဖြစ်ပြီး အောက်လွှတ်တော် ဥက္ကဋ္ဌ မိုက်ဂျွန်ဆင်မှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်း မရှိပေ။

အထက်လွှတ်တော်တွင်မူ ရီပတ်ဘလစ်ကန်ပါတီသည် လက်ရှိပါတီ ခေါင်းဆောင်မှုအဖွဲ့ကိုပင် ပြန်လည် ရွေးချယ်ခဲ့ပြီး အထက်လွှတ်တော်အမတ် ဂျွန်သွန်းကို ပါတီခေါင်းဆောင်အဖြစ် ဆက်လက်တာဝန်ပေးခဲ့သည်။ သတင်း ထောက်များနှင့် တွေ့ဆုံရာတွင် ဂျင်မ် ဂျော်ဒန်က ရီပတ်ဘလစ်ကန်ပါတီအနေ ဖြင့် အမေရိကန်မိသားစုများ၏ အကျိုး စီးပွားအတွက် တိုက်ပွဲဝင်သွားမည်ဖြစ်ပြီး ဒီမိုကရက်များက အစိုးရ၏အခန်းကဏ္ဍ ကို ပိုမိုချဲ့ထွင်ရန် ကြိုးပမ်းပါက ၎င်းတို့ အနေဖြင့်လွှတ်လပ်ခွင့်ကို ပိုမိုအလေးထား တင်ပြသွားမည်ဟု ပြောကြားခဲ့သည်။

ရီပတ်ဘလစ်ကန်ပါတီ၏ လွှတ်တော် ခေါင်းဆောင်သစ်များအတွက် အဓိက စိန်ခေါ်မှုမှာ ရွေးကောက်ပွဲရှုံးနိမ့်ပြီး နောက် ပါတီတွင်း စည်းလုံးညီညွတ်မှုကို ထိန်းသိမ်းနိုင်ရေးနှင့် ပါတီ၏ အင်အား ပြန်လည်တည်ဆောက်ရေးတို့ ဖြစ်သည်။

အင်န်အိတ်ချ်ကေ

အစ္စရေးက ပေါင် ၁၀၀၀ အလေးချိန်ရှိ ထိပ်ဖူးတပ်ဆင်နိုင်သော တာဝေးပစ်ခရုဒ်ဒုံးကျည်တစ်စင်း မိတ်ဆက်



ကျေရှဆလင် နိုဝင်ဘာ ၁၁

အစ္စရေးနိုင်ငံပိုင် ကာကွယ်ရေး နည်းပညာကုမ္ပဏီ Rafael Advanced Defense Systems သည် ပေါင် ၁၀၀၀ အလေးချိန်ရှိ ထိပ်ဖူး တပ်ဆင်နိုင်သော တာဝေး ပစ်ခရုဒ် ဒုံးကျည်သစ် တစ်စင်းကို နိုဝင်ဘာ ၁၁ ရက်တွင် မိတ်ဆက် ပြသခဲ့ကြောင်း သိရသည်။

ယင်းဒုံးကျည်သည် အလွန် ဝေးကွာသည့် အကွာအဝေးရှိ အရေးကြီးသည့် ပစ်မှတ်များကို ပစ်ခတ်တိုက်ခိုက်ရန် ဒီဇိုင်း ထုတ်ထားကြောင်း၊ Super Ice ဟု အမည်ပေးထားသော အဆိုပါ ဒုံးကျည်ကို ဝေဟင်၊ မြေပြင်နှင့် ပင်လယ်ပြင်တို့မှ ပစ်ခတ်နိုင် ကြောင်း သိရသည်။

Super Ice သည် တာဝေးပစ် ပုံထိန်းခရုစ်ဒုံးကျည်များဖြစ်သည့် ရာဖေးလ်ကုမ္ပဏီထုတ် Ice Breaker အုပ်စုဝင် ဖြစ်လာခဲ့ပြီး ယင်းဒုံးကျည်တွင် အလိုအလျောက် လမ်းကြောင်းရှာဖွေနိုင်သည့်စနစ်၊ အနိမ့်ပိုင်းပျံသန်းနိုင်သည့် စနစ်၊ ရာသီဥတုမရွေး တာဝန် ထမ်းဆောင်နိုင်စွမ်းနှင့် ပစ်မှတ် များကို ခွဲခြားသတ်မှတ်ရန် ပုံရိပ် တူညီမှုကို တိုက်ဆိုင်စစ်ဆေး သည့် နည်းပညာအသုံးပြုသော အဆင့်မြင့် လမ်းညွှန်စနစ်ပါဝင် သည်။

ဆင်ဟွာ

အေအိုင်နည်းပညာသုံး လူပုံစံတူ စက်ရုပ်ကို ချီဘာမြို့နည်းပညာပြပွဲ၌ ပြသ

တိုကျို နိုဝင်ဘာ ၁၁

နောက်ဆုံးပေါ် အေအိုင်နည်းပညာသုံး လူပုံစံတူ စက်ရုပ်ကို တိုကျိုမြို့ အနီး ချီဘာမြို့၌ပြုလုပ်သည့် ပြပွဲတွင် ပြသထားသည်။ ဂျပန် ပြည်တွင်း နှင့်နိုင်ငံရပ်ခြားမှ အဖွဲ့အစည်းနှင့်ကုမ္ပဏီပေါင်း သုံးဆယ်ခန့်သည် ၎င်းတို့၏ နောက်ဆုံးပေါ် နည်းပညာများကို အဆိုပါပြပွဲ၌ လာရောက် ပြသကြသည်။

လုပ်ငန်းခွင်တွင် စက်ယန္တရားကြီးများကို စီမံခန့်ခွဲနိုင်မည့် စက်ရုပ် တစ်ရုပ်ကို ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုက တီထွင်လျက်ရှိရာ အဆိုပါ စက်ရုပ်ကို အေအိုင်ဖြင့် မည်သို့မောင်းနှင်ရမည်ကို သင်ကြားပေးခဲ့ခြင်း ဖြစ်သည်။ ၎င်း၏ အရှိန်မြှင့်မောင်းနှင်နိုင်မှုနှင့် ဘရိတ်အုပ်နိုင်မှုစွမ်းရည် တို့ကြောင့် လာရောက်ကြည့်ရှုသူများကိုဆွဲဆောင်နိုင်ခဲ့သည်။ လွန်ခဲ့ သည့်နှစ်လမှစတင်၍ အဆိုပါစက်ရုပ်တီထွင်မှုကို စတင်ခဲ့ပြီး ဆောက်လုပ် ရေးလုပ်ငန်းခွင်တွင် အလုပ်သမားရှားပါးမှုကို ဖြေရှင်းနိုင်မည်ဟု မျှော်လင့်ထားသည်။

တရုတ်နိုင်ငံ အခြေစိုက် စက်ရုပ်ထုတ်လုပ်ရေးကုမ္ပဏီတစ်ခုက လည်း အမျိုးအစားနှင့်အရွယ်အစားကို ခွဲခြားနိုင်စွမ်းရှိသည့် စက်ရုပ်ကို မိတ်ဆက်ထားပြီး ယင်းက ကုန်စည်ပို့ဆောင်ရေးနှင့် ဖြန့်ဖြူးရေး လုပ်ငန်းခွင်တွင် ဝင်ရောက်နေကြောင်းနှင့် လူပုံစံတူစက်ရုပ်ထုတ်လုပ် ရေးလုပ်ငန်းမှာ လက်ရှိတွင် ကနဦးအဆင့်တွင်သာ ရှိသေးကြောင်း အဆိုပါ ကုမ္ပဏီကပြောကြားသည်။ ယင်းပြပွဲကို နိုဝင်ဘာ ၁၃ရက် အထိ ကျင်းပသွားမည်ဟု သိရသည်။

အင်န်အိတ်ချ်ကေ

လစ်ဗျာနိုင်ငံ၏ စီးပွားရေးတည်ငြိမ်မှုအပေါ် ခြိမ်းခြောက်မှုများရှိနေကြောင်း ကုလသမဂ္ဂ သတိပေး

ထရီပိုလီ နိုဝင်ဘာ ၁၁

လစ်ဗျာနိုင်ငံတွင် ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှု အားနည်းခြင်း၊ နိုင်ငံရေးအရ ဝင်ရောက် စွက်ဖက်ခြင်းအပြင် စက်သုံးဆီ မှောင်ခိုကူး ခြင်းနှင့် ငွေကြေးဝေါချခြင်းကဲ့သို့ တရားမဝင် လုပ်ရပ်များကြောင့် အမေရိကန်ဒေါ်လာ ဘီလီယံနှင့်ချီသောငွေကြေးများသည် လစ်ဗျာ ပြည်သူများ၏ အကျိုးစီးပွားအတွက် အသုံးပြု နိုင်ခြင်းမရှိဘဲ အခြားနေရာများသို့ လွှဲပြောင်း ရောက်ရှိနေဆဲဖြစ်ပြီး နိုင်ငံ၏ စီးပွားရေးနှင့် ဘဏ္ဍာရေးတည်ငြိမ်မှုကို ပျက်ပြားစေကြောင်း ကုလသမဂ္ဂက နိုဝင်ဘာ ၁၀ရက်တွင် သတိပေး ပြောကြားထားသည်။

လစ်ဗျာနိုင်ငံဆိုင်ရာ အထောက်အကူပြု မစ်ရှင် (UNSMIL) သည် လစ်ဗျာနိုင်ငံတွင် အရေးတကြီး ဖြေရှင်းဆောင်ရွက်ရန် လိုအပ် သော စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ စိန်ခေါ် မှုများနှင့် အဖွဲ့အစည်းများ ဦးဆောင်သော ပြုပြင်ပြောင်းလဲမှုများအတွက် ညှိနှိုင်းပူးပေါင်း ပုံပိုးပေးနိုင်မည့် နည်းလမ်းများကို ဆွေးနွေးရန် စီးပွားရေးဆိုင်ရာ ဘာလင်လုပ်ငန်းစဉ်အဖွဲ့ တိုးချဲ့အစည်းအဝေးကို မြို့တော်ထရီပိုလီတွင် ကျင်းပခဲ့ကြောင်း သိရသည်။

လစ်ဗျာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအတွင်း ရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်နှင့် UNSMIL အကြီးအကဲ ဟန်နာတက်တေးက ၎င်း၏ အဖွဲ့အမှာစကားတွင် ယခုနှစ်အတွင်း စွမ်းအင်ဈေးနှုန်းများ ကောင်းမွန်မှုရှိသော်လည်း လစ်ဗျာနိုင်ငံသည် ပြည်သူ့အသုံးစရိတ် မြင့်တက်လာခြင်း၊ လစ်ဗျာငွေကြေး ဒီနာ တန်ဖိုး ကျဆင်းခြင်း၊ ဝယ်ယူနိုင်စွမ်း ကျဆင်း ခြင်းအပါအဝင် မြင့်တက်လာသော စီးပွားရေး ဆိုင်ရာ ဖိအားများနှင့် ဆက်လက်ရင်ဆိုင်နေ ကြရဆဲဖြစ်ပြီး သာမန်ပြည်သူများမှာ အဆိုး ရွားဆုံး ဝန်ထုပ်ဝန်ပိုးနှင့် ကြုံတွေ့နေရကြောင်း ထည့်သွင်းပြောကြားသည်။

ဆင်ဟွာ

အီတလီနိုင်ငံတစ်ဝန်းရှိ ရာပေါင်းများစွာသောကျောင်းများ ဗုံးခွဲတိုက်ခိုက်မည်ဟု ခြိမ်းခြောက်ခံရ

ရောမ နိုဝင်ဘာ ၁၁

ဗုံးခွဲ တိုက်ခိုက်ခံရမည်ဟု ခြိမ်းခြောက်ခံခဲ့ရသဖြင့် အီတလီ နိုင်ငံတစ်ဝန်းရှိ ကျောင်းရာပေါင်း များစွာ၌ ကျောင်းသူကျောင်းသား များနှင့် ဆရာ ဆရာမများကို နိုဝင်ဘာ ၁၁ ရက်က ဘေးလွတ်ရာ သို့ အရေးပေါ် ရွှေ့ပြောင်းပေးခဲ့ရ ကြောင်းဒေသတွင်းမီဒီယာများက ဖော်ပြသည်။ အဆိုပါ ခြိမ်းခြောက် မှုသည် ရောမ၊ မီလန်၊ ဖလောရင့်စ် စသည့် အဓိကမြို့ကြီးများ အပါ အဝင် နိုင်ငံတစ်ဝန်းရှိ ကျောင်း အုပ်ချုပ်ရေးအဖွဲ့များထံ အီးမေးလ် များ ပေးပို့ခဲ့ခဲ့ရခြင်းမှ စတင်ခဲ့ ခြင်းဖြစ်သည်။

ဗုံးခြိမ်းခြောက်ခြင်းကို ကျောင်း ပေါင်း အနည်းဆုံး ၃၀၀ ခန့်ခံခဲ့ရ ပြီး အရေအတွက် ထပ်မံမြင့်တက် လာနိုင်ကြောင်း အီတလီပညာရေး ဝန်ကြီး ဂျူဆက်ပီ ဗယ်လ် ဒီတာရာ၏ ပြောကြားချက်ကို ကိုးကားး၍ La7 ရုပ်သံဌာနက ဖော်ပြသည်။ ရောမ၊ မီလန်နှင့် နေပယ်မြို့များအပါအဝင် တူရင်၊ ဘာရီ၊ ပါလာဗိုနှင့် အခြားမြို့ များ ရှိ မူလတန်းကျောင်းများ၊ မူကြို ကျောင်းများလည်း ခြိမ်းခြောက် စာ လက်ခံရရှိခဲ့ကြသည်။

ရဲတပ်ဖွဲ့နှင့် ကာရာဘီနီယာရီ လုံခြုံရေးတပ်ဖွဲ့များက ဖောက်ခွဲ ရေးပစ္စည်း ရှာဖွေရေးကျွမ်းကျင်သူ များနှင့် ပူးပေါင်းကာ သက်ဆိုင်ရာ ကျောင်းများတွင် လုံခြုံရေး စစ်ဆေးမှုများ ပြုလုပ်လျက်ရှိ သည်။ လက်ရှိအချိန်အထိ ဗုံးရှိ ကြောင်း သက်သေအထောက် အထားမတွေ့ရှိရသေးသော်လည်း ကြိုတင်ကာကွယ်သည့်အနေဖြင့် ကျောင်းများကို ပိတ်သိမ်းကာ ကျောင်းသားများနှင့်ဆရာ ဆရာမ များကို နေအိမ်သို့ ပြန်လွှတ်ခဲ့ သည်။

ဝန်ကြီးချုပ် ဂျော်ဂျီယာ မယ်လိုနီကလည်း အခြေအနေ ကို အရေးပေါ်ဆွေးနွေးရန် အစိုးရအဖွဲ့အစည်းအဝေး ခေါ်ယူ ထားကြောင်း သတင်းများက ဆိုသည်။

ဆင်ဟွာ

ကိုလံဘို ဆိပ်ကမ်းမြို့၌ ပထမဆုံးအကြိမ် လျှပ်စစ်စွမ်းအင်သုံး ခရီးသည်တင်ဒရုန်း စမ်းသပ်ပျံသန်း

ကိုလံဘို နိုဝင်ဘာ ၁၁ – သီရိလင်္ကာနိုင်ငံသည် ခရီးသည်သယ်ယူပို့ဆောင်ရေးနှင့် ခရီးသွားလုပ်ငန်းအတွက် လျှပ်စစ်စွမ်းအင်သုံး ဒေါင်လိုက် ပျံသန်းဆင်းသက်နိုင်သော (eVTOL) ဒရုန်းကို မိတ်ဆက်အသုံးပြုနိုင်ရန် ရည်ရွယ်ကာ ကိုလံဘို ဆိပ်ကမ်းမြို့တွင် လျှပ်စစ်စွမ်းအင်သုံး ခရီးသည်တင်ဒရုန်းကို နိုဝင်ဘာ ၁၁ ရက်တွင် ပထမဆုံးအကြိမ် စမ်းသပ်ပျံသန်းမှု လုပ်ဆောင်ခဲ့ကြောင်း သိရသည်။ ယင်းခရီးသည်တင်ဒရုန်းစမ်းသပ် ပျံသန်းမှုတွင် ဆိပ်ကမ်းနှင့် အရပ်ဘက်လေကြောင်းဆိုင်ရာ ဝန်ကြီး အနုရာကာရုနာသီလာကာ လိုက်ပါ စီးနင်းခဲ့သည်။ အဆိုပါဒရုန်းကို ဗဟိုထိန်းချုပ်ရေးစင်တာမှတစ်ဆင့် အဝေးမှ ထိန်းချုပ်မှုစနစ်ဖြင့် မောင်းနှင် နိုင်သည်။ ထို့အပြင် အရေးပေါ်အခြေအနေ သို့မဟုတ် ဆက်သွယ်ရေးစနစ်များ ပြတ်တောက်မှုဖြစ်ပေါ်လာပါက ဘေးကင်းလုံခြုံရေးဆိုင်ရာ အစီအမံများကိုလည်း အလိုအလျောက်လုပ်ဆောင်နိုင်ရန် ဒီဇိုင်းထုတ်ထားကြောင်း သိရသည်။

ဆင်ဟွာ

နောက်ဆုံးရ နိုင်ငံတကာသတင်းတိုများ

ရေနံတင်သင်္ဘောနှစ်မြှုပ်မှုကြောင့် သင်္ဘောသားခြောက်ဦးပျောက်ဆုံး

ထိုင်းနိုင်ငံအရှေ့ပိုင်း ချန်ဘူရီပြည်နယ် ကမ်းရိုးတန်းတွင် နိုဝင်ဘာ ၁၁ ရက်က ရေနံတင်သင်္ဘောတစ်စင်းနစ်မြုပ်ခဲ့ရာ သင်္ဘောသား ခြောက်ဦး ပျောက်ဆုံးလျက်ရှိသည်ဟု ထိုင်းတော်ဝင်ရေတပ်က ပြောသည်။

ဆင်ဟွာ

ကျောင်းသားများလိုက်ပါလာသည့်ဘတ်စ်ကား ရေကန်အတွင်း ထိုးကျ

ကမ္ဘောဒီးယားနိုင်ငံ၌ ကျောင်းသား ၂၆ ဦး လိုက်ပါလာသည့် ဘတ်စ် ကားတစ်စီး လမ်းဘေး၌ ရေကန်အတွင်း ထိုးကျတိမ်းမှောက်ခဲ့ရာ ကျောင်းသားငယ် ငါးဦး သေဆုံးခဲ့ကြောင်း သိရသည်။ အဆိုပါ ယာဉ် မတော်တဆမှုသည် ယမန်နေ့က ကန်ဒယ်ပြည်နယ်တွင် ဖြစ်ပွားခဲ့ ခြင်းဖြစ်သည်။ ယာဉ်တိမ်းမှောက်မှုတွင် ကျောင်းသား ၂၁ ဦးကို အသက်ရှင်လျက် ကယ်ဆယ်နိုင်ခဲ့သော်လည်း ဒဏ်ရာများ ရရှိခဲ့ ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အင်န်အိတ်ချ်ကေ

အဲအိန်ဒီယလေယာဉ်တစ်စင်း ပြန်ပေးဆွဲခံရမည်ဟု ခြိမ်းခြောက်ခံရ

ကိုလံကာတားမှ မွန်ဘိုင်းသို့ပျံသန်းမည့် အဲအိန်ဒီယမှ လေယာဉ် တစ်စင်းသည် နိုဝင်ဘာ ၁၁ရက် ပျံတက်ချိန်မတိုင်မီ မိန်ခိအနည်းငယ် အလိုတွင် လေယာဉ်ပေါ်ရှိ သန့်စင်ခန်းတစ်ခု၏ မှန်ပေါ်၌ လေယာဉ် ပြန်ပေးဆွဲမည်ဟု ခြိမ်းခြောက်ထားသော စာတစ်စောင်ကိုတွေ့ရှိခဲ့ သည်။ ထို့ကြောင့် ယင်းလေယာဉ်ကို သီးခြားနေရာသို့ ရွှေ့ပြောင်းခဲ့ပြီး ခရီးသည်များအားလုံးကို လေယာဉ်ပေါ်မှ ဆင်းသက်စေခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိဝင်ဘာ ၁၁

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင်လုံးဝပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်း မရှိစေရန် အဆိုပါ အဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ်အဆောက်အအုံ ၁ လုံးအား ယနေ့အထိ ၉၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၆ ထပ်အဆောက်အအုံ ၁ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာ ယနေ့အထိ ၃၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် အဆောက်အအုံ ၆၃ လုံးအနက် ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆ လုံး စုစုပေါင်း အဆောက်အအုံ ၁၀ လုံး တို့ကို စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ပြီး ကျန်ရှိသည့် တရားမဝင် ဆက်လက်ဖြိုချ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း အဆောက်အအုံ ၅၃ လုံးကိုလည်း စနစ်တကျ သတင်းရရှိသည်။ (၁၀၀)



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှုပြမြေပုံ။

ဖြိုချဖျက်ဆီးမှု



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ၅ထပ် အဆောက်အအုံများ စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှုကို တွေ့ရစဉ်။

ယန္တရားဖြင့် ဖြိုချဖျက်ဆီးမှု



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ၆ထပ် အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှုကို တွေ့ရစဉ်။

❐ *ကျောဖုံးမှ*

ထိုသို့ ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက ယနေ့ မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုဖြို့ စစ်ကဲကြီးရပ်ကွက်ရှိ ဖြို့နယ်ပြည်သူ့ဆေးရုံသို့ ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်ဖြင့် Drop Bomb ချတိုက်ခိုက်ခဲ့ရာ ဆေးရုံဝင်းအတွင်းရှိ သံဃာကုသဆောင်နှင့် ဆေးရုံအစည်းအဝေးခန်းမနေရာများသို့ ကျရောက်ပေါက်ကွဲမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ Drop Bomb ကျရောက်ပေါက်ကွဲမှုကြောင့် ဆေးရုံအဆောက်အအုံရှိ ပြတင်းပေါက်မှန်တံခါးများ၊ မျက်နှာကြက်များ၊ အဆောက်အအုံနံရံများ၊ ရေပိုက်လိုင်းများနှင့် အခြားပရိဘောဂပစ္စည်းများ ဗုံးစထိမှန်ပျက်စီးခဲ့ပြီး ဆေးရုံတက်ရောက် ကုသမှုခံယူလျက်ရှိသည့် ဒေသခံပြည်သူများနှင့် ကျန်းမာရေးဝန်ထမ်းများ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

ယခုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သော ဒေသခံတိုင်းရင်းသားပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးလျက်ရှိသည့် ဆေးရုံအား ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်ဖြင့် တိုက်ခိုက်ခြင်းသည် ဂျီနီဗာဥပဒေပုဒ်မများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime)ကို ကျူးလွန်ခြင်းဖြစ်ပြီး ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များအပေါ် ဒေသခံပြည်သူများက စက်ဆုပ်ရွံရှာစွာ ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့်လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ဝန်းသိုဖြို့ရှိ ပြည်သူ့ဆေးရုံအား PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက Drop Bomb ချ တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်နေရာပြမြေပုံ။



အကြမ်းဖက်သောင်းကျန်းသူများမှ Drop Bomb ချတိုက်ခိုက်ခဲ့မှုကြောင့် ဝန်းသိုဖြို့ ပြည်သူ့ဆေးရုံအတွင်း အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့မှုကို တွေ့ရစဉ်။

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် နိဝင်ဘာ ၁၁

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၆ခုနှစ် နိဝင်ဘာလ ၁၀ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ်မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် " Moe That " TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် (၃)မိုင် မြို့သစ် အောင်ချမ်းသာ (၄) ရပ်ကွက်နေ အောင်စည်သူ(ခ)မိုးသက်အား မွန်းလွဲ ၁ နာရီ ၅၅ မိနစ်တွင် (၃) မိုင်နယ်မြေရဲစခန်း(ပ)၂၉/၂၀၂၆၊ ရာဇသတ်ကြီး ပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။ သတင်းစဉ်

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်သည့် စီမံကိန်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု ညှိနှိုင်းစည်းဝေး

မုံရွာ နိုဝင်ဘာ ၁၁



စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်သည့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးအတွင်း ပြည်ထောင်စု/တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့်ဌာနဆိုင်ရာ ၅၄ ခုမှ တာဝန်ရှိသူများက မိမိတို့ဌာနများအလိုက် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များ၌ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်နေသည့် လုပ်ငန်းအခြေအနေများအား ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု/ တိုင်းဒေသကြီး ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် တိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား သတ်မှတ် ဘဏ္ဍာနှစ်အတွင်း စီရင်နိုင်မည့်နည်းမျိုး အရည်အသွေး ကောင်းမွန်စွာဖြင့် တည်ဆောက်ပြီးစီးရေး၊ တာဝန်ရှိသူအားလုံးအနေဖြင့်လည်း တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာသို့ မြေပြင်အထိ ကွင်းဆင်းကာ စီစစ်ကြပ်မတ် ဆောင်ရွက်သွားရေး၊ ဌာနဆိုင်ရာများကလည်း ဘဏ္ဍာနှစ်အလိုက် ရရှိထားသည့် ရန်ပုံငွေများအား ပြည်သူများ အမှန်တကယ် အကျိုးရှိစေမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အလေအလွင့်မရှိအောင် စနစ်တကျသုံးစွဲသွားရေးနှင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အခက်အခဲများရှိပါက မိမိတို့တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြသွားရေးနှင့် လိုအပ်သည်များအား ပိုင်းလန်းပုံပိုးကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားကာ အစည်းအဝေးသို့ တက်ရောက်လာကြသူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

တောင်တွင်းကြီးမြို့နယ် ကျောင်းကုန်းကျေးရွာ ဥစားကြက်မွေးမြူရေးခြံမှ တစ်ရက်လျှင် ကြက်ဥအလုံးရေ ၈၀၀၀ ထွက်ရှိ



မကွေး နိုဝင်ဘာ ၁၁

တောင်တွင်းကြီးမြို့နယ် ခင်တဲအုပ်စု ကျောင်းကုန်းကျေးရွာရှိ ပိုင်ရှင် ဦးကျော်ဇင်ထွန်း၏ ဥစားကြက်မွေးမြူရေးခြံတွင် ဥစားကြက်ကောင်ရေ ၁၁၀၀၀ မွေးမြူထားပြီး ကာကွယ်ခြင်း၊ ကုသခြင်းအပိုင်းတို့အား စနစ်တကျဆောင်ရွက်၍ ကြက်ဥထုတ်လုပ်ရရှိမှုအနေဖြင့် တစ်ရက်လျှင်အလုံးရေ ၈၀၀၀ ထွက်ရှိကာ ကြက်ဥတစ်ရက် ရောင်းရငွေ ၃၂သိန်းရရှိပြီး တစ်ရက်အစာကုန်ကျစရိတ် ၂၇ သိန်း၊ အထွေထွေနှင့်လုပ်သားစရိတ် ၂ ဒသမ ၇ သိန်း၊ ထုတ်လုပ်မှု ကုန်ကျစရိတ် ၂၉ ဒသမ ၇ သိန်းဖြစ်ပြီး တစ်ရက်အကျိုးအမြတ်ရရှိမှုမှာ ၂ ဒသမ ၃ သိန်းရရှိ၍ ဈေးကွက်ဖြန့်ဖြူးမှုအနေဖြင့် တောင်တွင်းကြီးမြို့နယ်နှင့် မြို့သစ်မြို့နယ်တို့သို့ ဖြန့်ဖြူးတင်ပို့လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဥစားကြက်မွေးမြူရေးခြံဆောင်ရွက်မှု အခြေအနေများအား ယမန်နေ့နံနက်ပိုင်းက မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကိုနှင့် တိုင်းဒေသကြီးဝန်ကြီးများ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ထပ်မံတိုးချဲ့မွေးမြူနိုင်ရေး လိုအပ်သည့်ပံ့ပိုးမှုများ ဆောင်ရွက်ပေးသည်။

ဆက်လက်၍ တောင်တွင်းကြီးမြို့ စန်းသီရိဝါစက်နှင့်ဆီစက်လုပ်ငန်း သို့ရောက်ရှိပြီး လုပ်ငန်းပိုင်ရှင် ဦးသိန်းထွန်းဦးက A အဆင့်ဝါဂွမ်း အရှည် ၃၆/၃၂ လက်မနှင့်အထက်၊ B အဆင့်ဝါဂွမ်းအရှည် ၃၄/၃၂ လက်မနှင့်အထက်၊ C အဆင့် ဝါဂွမ်းအရှည် ၃၄/၃၂ လက်မအောက် အဆင့်ခွဲခြားထားမှုအခြေအနေနှင့် ဝါစေ့မှ ဆီထုတ်ယူသည့် အခြေအနေတို့အား ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဝါကြိတ်စက်ရုံလည်ပတ်မှု အခြေအနေအား လှည့်လည်ကြည့်ရှုရှု လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့မှတစ်ဆင့် မြို့သစ်မြို့နယ် ပုလင်းကြီးကျေးရွာအုပ်စု တောင်သူ ဦးဘိုထွန်း၏ အောင်နိုင်တိုး မိုးစပါး အထွက်တိုး စံပြစိုက်ခင်း ငါးဇက စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံ တောင်သူများနှင့် တွေ့ဆုံ၍ စိုက်ပျိုးရေးလုပ်ငန်းများကို ခေတ်စနစ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ပြီး စိုက်ပျိုးနည်းစနစ်မှန်ကန်စွာဖြင့် စိုက်ပျိုးကြရန် အထူးလိုအပ်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **မောင်နိုင်မင်း(ပြန်/ဆက်)**

နည်းပညာတက္ကသိုလ်(စစ်တွေ) ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ စာသင်ခန်းများ၊ ကျောင်းသား ကျောင်းသူအိပ်ဆောင်များ၊ ဝန်ထမ်းအိမ်ရာများ ကြည့်ရှုစစ်ဆေး



စစ်တွေ နိုဝင်ဘာ ၁၁

နည်းပညာတက္ကသိုလ် (စစ်တွေ)၌ ပြည်နယ်အစိုးရအနေဖြင့် တက္ကသိုလ်ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး၊ စာသင်ခန်းများ သန့်ရှင်းသာယာရေး၊ ကျောင်းသား ကျောင်းသူဆောင်များ သန့်ရှင်းသာယာရေးတို့ကို ပိုင်းဝန်းပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်းနှင့် ခေတ်နှင့်လျော်ညီသော သင်ထောက်ကူပစ္စည်းများ အသုံးပြုနိုင်ရေးအတွက် လိုအပ်သည်များ ရှိပါကလည်း တင်ပြပေးကြစေလိုကြောင်း ယနေ့နံနက်ပိုင်းက နည်းပညာတက္ကသိုလ် (စစ်တွေ) အစည်းအဝေးခန်းမ၌ နည်းပညာတက္ကသိုလ်(စစ်တွေ)မှ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံစဉ် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးက ပြောကြားသည်။

ထို့နောက် နည်းပညာတက္ကသိုလ်(စစ်တွေ) ဒုတိယပါမောက္ခချုပ်(ကိုယ်စား) တွဲဖက်ပါမောက္ခ အင်ဂျင်နီယာ ရူပဗေဒဌာနမှ ဒေါ်မြတ်သူစံက တက္ကသိုလ်ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါ်ပေါက်သည့်နှင့်ပြေလည်စေရန် ပူးပေါင်းဆောင်ရွက်ရန် ညွှန်ကြားသည်။

ယင်းနောက် ဆရာဆရာမများအိမ်ရာ၊ ကျောင်းသား ကျောင်းသူများ၏ အိပ်ဆောင်၊ ကျောင်းဈေးတန်း၊ ဘက်စုံသုံးအားကစားခန်းမနှင့် တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ စစ်တွေမြို့နယ် ရေချမ်းပြင် ပုစွန်သားဖောက်စခန်း သို့သွားရောက်ကြည့်ရှုစစ်ဆေးကြရာ ငါးလုပ်ငန်း ဦးစီးဌာန ပြည်နယ် ဦးစီးမှူးနှင့် တာဝန်ရှိသူများက ရေချမ်းပြင် ပုစွန်သားဖောက်စခန်းတွင် ပုစွန်နှင့်ငါးများ သားဖောက်ခြင်းလုပ်ငန်း ဆောင်ရွက်ရန် စီမံဆောင်ရွက်နေမှုနှင့် ပတ်သက်၍ လိုက်လံရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကိုမှာကြားကာ စခန်းအတွင်းရှိ သားဖောက်ရုံ၊ ပို့သတ်ကန်နှင့် မွေးမြူရေးကန်တို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။ **တင်ထွန်း(ပြန်/ဆက်)**

၂၀၂၆ ခုနှစ် လန်ချန်း-မဲခေါင် ဒေသန္တရအစိုးရများ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်နှင့် ယဉ်ကျေးမှုထင်ရှားသော သမိုင်းဝင်မြို့များအကြား ဆွေးနွေးပွဲတက်ရောက်



ရန်ကုန် နိုဝင်ဘာ ၁၁

၂၀၂၆ ခုနှစ် လန်ချန်း-မဲခေါင် ဒေသန္တရအစိုးရများ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်နှင့် ယဉ်ကျေးမှုထင်ရှားသော သမိုင်းဝင်မြို့များအကြား ဆွေးနွေးပွဲကို နိုဝင်ဘာ ၁၀ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီချန်မြို့ ပြည်နယ် လွဲရှန်းမြို့ C Plaza လွဲရှန်းဟိုတယ်၌ ကျင်းပသည်။

ဖိုရမ်ဖွင့်ပွဲအခမ်းအနားတွင် တရုတ်ကွန်မြူနစ်ပါတီ စီချန်ပြည်နယ်ကော်မတီ၏ ဒုတိယအတွင်းရေးမှူးနှင့် စီချန်ပြည်နယ်အုပ်ချုပ်ရေးမှူး Madam Shi Xiaolin က အဖွင့်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ တရုတ်နိုင်ငံ ပြည်ပနှင့်ချစ်ကြည်ရေးအသင်းချုပ် ဥက္ကဋ္ဌ၊ ထိုင်းနိုင်ငံ ချစ်ကြည်ရေးအသင်း၊ နန္ဒန်ရတ်ချာစီမာခရိုင် အုပ်ချုပ်ရေးမှူး၊ ကမ္ဘောဒီးယားနိုင်ငံ ယဉ်ကျေးမှုနှင့် အနုပညာဝန်ကြီးဌာန၏ အမြဲတမ်းအတွင်းဝန်၊ လာအိုနိုင်ငံမှ ဒုတိယဝန်ကြီး၊ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို)ဒုတိယဥက္ကဋ္ဌ ဦးရန်နိုင်ထွန်းနှင့် ဒုတိယဥက္ကဋ္ဌ ရုံးခွဲ(မူဆယ်)တာဝန်ခံ ဦးရှင်ဖူး၊ တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာဌာနမှ အကြံပေးပုဂ္ဂိုလ်၊ စီချုပ်ပြည်နယ် အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ချုံချင့်မြို့နှင့်ချန်ဒူးမြို့ အခြေစိုက် နိုင်ငံခြား သံတမန်များ၊ ချုံချင့်မြို့ မြန်မာကောင်စစ်ဝန်ချုပ် အပါအဝင် နိုင်ငံခြား ကောင်စစ်ဝန်ချုပ်ရုံးများမှ ကောင်စစ်ဝန်ချုပ်များနှင့် သံတမန်များ၊ အခြားဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ အဖွဲ့ဝင်နိုင်ငံများမှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ထို့နောက် ဒေသန္တရအစိုးရများ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်၏ စက်မှုလုပ်ငန်းနှင့် ပညာရေးပေါင်းစပ်ဆောင်ရွက်မှု၊ ဆင်းရဲနွမ်းပါးမှုလျော့ချရေးနှင့်ပယ်ဖျောက်ရေး (Industry-Education Integration and Poverty Reduction and Alleviation) ခေါင်းစဉ်ဖြင့် ဆွေးနွေးသည့် ကဏ္ဍတွင် မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း (ဗဟို) ဒုတိယဥက္ကဋ္ဌ ဦးရန်နိုင်ထွန်း ပါဝင်ဆွေးနွေးပြီး ဂုဏ်ပြုညစာစားပွဲ အခမ်းအနားတွင် အမှာစကားပြောကြားသည်။ **သတင်းစဉ်**

ရွှေညောင်မြို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ရာ ရေဘေးသင့်ပြည်သူများအား ရေဘေးလွတ်ရာသို့ ပြောင်းရွှေ့

ရွှေညောင် နိဝင်ဘာ ၁၁

အချိန်အခါမဟုတ် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နိဝင်ဘာ ၁၀ရက်က တောင်ကြီးမြို့နယ် ရွှေညောင်မြို့ မင်္ဂလာရွှေဘိုရပ်ကွက်နှင့် ရတနာရပ်ကွက်တို့တွင် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ရာ ပြည်သူများ ရေဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း သိရသည်။

အဆိုပါ ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေး ဆောင်ရွက်နိုင်ရန် ယနေ့ နံနက်ပိုင်းက ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ရေကြီးရေလျှံဖြစ်ပွားသည့် ရွှေညောင်မြို့ နယ်မြေ(၁) မင်္ဂလာရွှေဘိုရပ်ကွက်သို့ သွားရောက်ပြီး ပြည်သူများအား နေအိမ်မှ ရေဘေးလွတ်ရာနေရာသို့ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် တာဝန်ရှိသူများ စုပေါင်း၍ စက်လှေများဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုကြပြီး လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့မှတစ်ဆင့် ရွှေညောင်မြို့ ကုန်းလှိုင် ဇေယျသိရီဓမ္မာရုံ၌ ရေဘေးကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားရှိရာသို့ သွားရောက်ကြည့်ရှုကြပြီး ရေဘေးသင့်ပြည်သူများကို တွေ့ဆုံအားပေးစကား ပြောကြားကာ ရေဘေးသင့် အိမ်ထောင်စု ၁၀၆ စုနှင့် လူဦးရေ ၃၈၈ ဦးကို စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကြသည်။



အဆိုပါ ရွှေညောင်မြို့ ကုန်းလှိုင် ဇေယျသိရီဓမ္မာရုံ၌ အိမ်ထောင်စု ၁၀၆ စု၊ လူဦးရေ ၃၈၈ ဦးခန့်ကို ရေဘေးကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားရှိပြီး မြို့နယ်ကျန်းမာရေးအဖွဲ့နှင့် တပ်မတော်ဆေးကုသရေးအဖွဲ့မှ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ညောင်ရွှေမြို့ ကံသာယာရှေ့ရပ်ကွက်ရှိ ပြည်သူများအား မီးသတ်တပ်ဖွဲ့မှ ကယ်ဆယ်ရေးလှေများ၊ စက်လှေများဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

ထို့နောက် ကျီးဖြူကန်အား သွားရောက်ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ကန်အတွင်းရှိရေများ သတ်မှတ်ရေအမြင့်ပေထက် ကျော်လွန်ရောက်ရှိခဲ့မှု အခြေအနေ၊ ယနေ့ညနေပိုင်းတွင် သတ်မှတ်ရေအမြင့်ပေသို့ ပြန်လည်ကျဆင်းနေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ယင်းနောက် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တောင်ကြီးမြို့ အဆင်းလမ်း အင်ကြင်းတောင်အနီး၌ မြေကြီးပြိုကျမှုများဖြစ်ပွားခဲ့သဖြင့် စက်ယန္တရားများဖြင့် ဖယ်ရှားနေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းမှာကြားခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E.Mr.Abhay Thakur နှင့် ကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံ

ပဲခူး နိဝင်ဘာ ၁၁

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E.Mr.Abhay Thakur နှင့် ကိုယ်စားလှယ်အဖွဲ့အား ယမန်နေ့ မွန်းလွဲပိုင်းက ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား စိုက်ပျိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



အာဆီယံအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့၏ (၂၂) ကြိမ်မြောက် အကြီးအမှူးများ အစည်းအဝေးဆက်လက်ကျင်းပ

နေပြည်တော် နိဝင်ဘာ ၁၁

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပသည့် အာဆီယံအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့၏ (၂၂) ကြိမ်မြောက် အကြီးအမှူးများ အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Jasmine Naypyitaw Hotel ၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးကျော်ဝင်းသိန်း၊ ဦးဝင်းဇော်မိုး၊ ဦးတင်အောင်ဝင်းနှင့် ဦးလွန်းဘော်၊ ဘရူနိုင်းနိုင်ငံနှင့် စင်ကာပူနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဗျူရို၊ ကမ္ဘောဒီးယားနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့၊ အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် တီမောလက်စ်တေနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်၊ လာအိုနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံ အစိုးရ စုံစမ်းစစ်ဆေးရေးဌာနနှင့် ဖိလစ်ပိုင်နိုင်ငံ တိုင်ကြားစာများ စုံစမ်းစစ်ဆေးရေးဌာနတို့မှ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ မလေးရှားနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်မှ တာဝန်ရှိသူတစ်ဦးက ကုလသမဂ္ဂ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကွန်ဗင်းရှင်း (UNCAC) ဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များ၊ ASEAN-PAC တရားဝင်သီချင်းနှင့် Web Portal တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေး အဆိုပြုတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက် လာကြသူများက အာဆီယံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့ (ASEAN-PAC) ၏ လုပ်ငန်းဆောင်ရွက်မှုများ၊ အဖွဲ့ဝင်နိုင်ငံများ အကြား ဆက်သွယ်ညှိနှိုင်း ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိသည့် လုပ်ငန်းစဉ်များ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဆိုင်ရာ မူဝါဒနှင့်လုပ်ငန်းစဉ်များ၊ ဆွေးနွေး ဆုံးဖြတ်ချက်များကို ဆွေးနွေးကြသည်။

ယင်းနောက် ဖိလစ်ပိုင်နိုင်ငံ တိုင်ကြားစာများ စုံစမ်းစစ်ဆေးရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ASEAN-PAC ၏ (၂၃) ကြိမ်မြောက် အကြီးအမှူးအစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်မှုများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့်ပြစ်မှုဆိုင်ရာရုံး (UNODC)နှင့် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အာဏာပိုင်များအသင်း(IAACA) တို့က လုပ်ငန်းအတွေ့အကြုံများနှင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ၊ ပူးပေါင်းဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်း ဆွေးနွေးကြပြီး ASEAN-PAC ၏ (၂၂) ကြိမ်မြောက် အကြီးအမှူးများ အစည်းအဝေး သဘာပတိဖြစ်သည့် မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်းက နိဂုံးချုပ် အမှာစကားပြောကြား၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေး အပြီးတွင် ကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်းက ASEAN-PAC ၏ (၂၂) ကြိမ်မြောက် အကြီးအမှူးများ အစည်းအဝေးနှင့် စပ်လျဉ်း၍ သတင်း ထုတ်ပြန်ချက်နှင့် ပတ်သက်၍ လူငယ်များအကြား ဖြောင့်မတ် တည်ကြည်မှုကို မြှင့်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် ဒေသတွင်းအဂတိလိုက်စားမှုကင်းစင်ပြီး ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှုရှိသော အာဆီယံအဖွဲ့အစည်း ဖြစ်လာစေရန် လိုအပ်ကြောင်း ပြောကြားသည်။

အဆိုပါ အစည်းအဝေးကို အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေး ဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရန်နှင့် အလေ့အထကောင်းများကို မျှဝေနိုင်ရန်ရည်ရွယ်၍ နိဝင်ဘာ ၁၀ ရက်မှ ယနေ့အထိ ကျင်းပခဲ့ခြင်း ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရာတွင် ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမို မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် ဒေသတွင်း အဂတိလိုက်စားမှု တိုက်ဖျက် အဖွဲ့အစည်းတစ်ခုဖြစ်သည့် ASEAN-PAC သို့ ၂၀၁၃ ခုနှစ် နိဝင်ဘာ ၁၄ ရက်တွင် ၁၀ နိုင်ငံမြောက်အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ASEAN-PAC ၏ (၂၂) ကြိမ်မြောက် အကြီးအမှူးများ အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အကြီးအကဲများနှင့် တာဝန်ရှိသူများသည် နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ အမျိုးသားပြတိုက်၊ အမျိုးသား စာကြည့်တိုက်နှင့် ဥပုဒ်တသွန်္ဒ စေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ ရတနာဆင်ဖြူတော်ဆောင်တို့ကို လေ့လာကြည့်ရှုခဲ့ကြပြီး ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ပုဒ္ဓရုပ်ပွားတော်များအနက် ဥာဏ်တော်အမြင့်ဆုံး ဖြစ်တော်မူသည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်လေ့လာဖူးမြော် ကြည်ညိုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

❖ ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။

❖ ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။

ညောင်တုန်းမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံအပ်ချုပ်သင်တန်းဖွင့်

ညောင်တုန်း နိုဝင်ဘာ ၁၁

ညောင်တုန်းမြို့နယ်၌ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံအပ်ချုပ်စက်သင်တန်း (၂/၂၀၂၆) ဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက သက်ရင်းချောင်းကျေးရွာ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးကျော်နှင့် မြို့နယ်အမျိုးသမီးရေးရာ



အဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းစိုးအောင်တို့က အခြေခံအပ်ချုပ်စက်သင်တန်းကို စနစ်တကျ လေ့လာသင်ယူပြီး အကျိုးရှိစွာ အသုံးပြုရန် လိုကြောင်းပြောကြား၍ တာဝန်ရှိသူများက သင်တန်းသားများထံ သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

အဆိုပါသင်တန်းကို သင်တန်းသား ၂၀ တက်ရောက်သင်ကြားပြီး ဒီဇင်ဘာ ၂၄ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

ပန်းတောင်းမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်စေရေး ပြည်သူ့စကားဝိုင်းကျင်းပ

ပန်းတောင်း နိုဝင်ဘာ ၁၁

ပန်းတောင်းမြို့နယ်၌ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်စေရေး ပြည်သူ့စကားဝိုင်းကို နိုဝင်ဘာ ၉ ရက်က ဆင်တဲကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်သည်။



ဦးစွာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးသင်းက အယ်နီညီလာသီဥတုဖြစ်စဉ်နှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးပြီး ဆီထွက်ပဲပုပ်၊ နေကြာ၊ ကြက်သွန်နီ တိုးချဲ့စိုက်ပျိုးရေး၊ မိုးစပါးရိတ်သိမ်းအပြီး လမ်းဘေးဝဲယာ လယ်မြေများတွင် ဆောင်းသီးနှံများအတန်းလိုက် စိုက်ရေး၊ ဆောင်းသီးနှံများတွင် နွားကျင်ငယ်ရည်ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲရေး၊ တားမြစ်ပိတ်ပင်ထားသော ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများ မသုံးစွဲရေး ဆွေးနွေးခဲ့သည်။

ထို့နောက် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက မိမိတို့ဌာနအလိုက် ဆောင်ရွက်ပေးလျက်ရှိသော ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ပြောကြားရာ တက်ရောက်လာကြသူများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့ကြကြောင်း သိရသည်။

လပြည့်လင်း (ပြန်/ဆက်)

ဟုမ္မလင်းမြို့၌ ဝက်သက်၊ ကျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်းလုပ်ငန်း စတင်ဆောင်ရွက်

ဟုမ္မလင်း နိုဝင်ဘာ ၁၁

ဟုမ္မလင်းမြို့၌ ဝက်သက်၊ ကျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်းလုပ်ငန်း စတင်ဆောင်ရွက်ခြင်း အထိမ်းအမှတ်အခမ်းအနားကို နိုဝင်ဘာ ၉ ရက်က ဟုမ္မလင်းမြို့နယ် ပြည်သူ့အားကစားခန်းမ၌ ပြုလုပ်ရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဟိန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဝက်သက်၊ ကျိုက်သိုးရောဂါ ကာကွယ်ဆေးထိုးနှံခြင်း၊ သန်ချဆေး၊ ဗီတာမင်အေ တိုက်ကျွေးခြင်းနှင့် ခန္ဓာကိုယ်အလေးချိန် တိုင်းတာပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး ကလေးငယ်များအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

ဟုမ္မလင်းမြို့နယ်အတွင်းရှိ အသက် ၅ နှစ်အောက်၊ ၉ လမှ ၅၉ လအထိ ကလေးငယ် ၁၄၁၂၄ ဦးကို နိုဝင်ဘာ ၉ ရက်မှ ၁၃ ရက်အထိ သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအလိုက် သတ်မှတ်စုရပ် ၁၇၅ နေရာတွင် ဝက်သက်၊ ကျိုက်သိုးကာကွယ်ဆေးများ ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

လင်းခေးမြို့နယ်၌ အယ်လ်နီညိုဖြစ်စဉ်နှင့်ပတ်သက်၍ အသိပညာပေးဟောပြော



လင်းခေး နိုဝင်ဘာ ၁၁

လင်းခေးမြို့နယ် သစ်တောဦးစီးဌာနက အယ်လ်နီညိုဖြစ်စဉ်နှင့်ပတ်သက်၍ လူထုအသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်မဟာဝိဟာရပရိယတ္တိစာသင်တိုက် သုံးထပ်ကျောင်းဆောင်၌ ကျင်းပရာ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးကျော်မျိုးနိုင်က ရာသီဥတုပြောင်းလဲမှုနှင့် အယ်လ်နီညိုကြောင့် ထိခိုက်နိုင်မှုအခြေအနေများ၊ လက်ရှိ အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးများကို ကြိုတင်ကာကွယ်ရေးဆောင်ရွက်ရန်များ၊ ရောသယ်ဇာတများနှင့် ရေကိုစနစ်တကျ ချွေတာသုံးစွဲရေးအကြောင်းနှင့် မီးခိုးမြူငွေ့များ တားဆီးကာကွယ်ရေး၊ ကျန်းမာရေးအပေါ် သက်ရောက်မှုများအကြောင်းနှင့် သစ်တောဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် အယ်လ်နီညို ကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးလုပ်ငန်းများကို အသိပညာပေး ဟောပြောခဲ့ပြီး တက်ရောက်လာသူများထံ မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြသည်။

စိုင်းဇော်လတ်(လင်းခေး)

ကျောက်တံခါးမြို့နယ်၌ အယ်လ်နီညိုရာသီဥတုဒဏ် ကြိုတင်ကာကွယ်ရေး အသိပညာပေး

ကျောက်တံခါး နိုဝင်ဘာ ၁၁

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် သောက်သုံးရေရှားပါးပြတ်လပ်မှုမရှိစေရေးနှင့် ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက နန္ဒင်းမြောင်ကျေးရွာ၌ ကျင်းပရာ မြို့နယ်ဦးစီးမှူးဒေါ်ပိုးအိဖြူကိုက ဒေသခံပြည်သူများအနေဖြင့် ရေရှားပါးမှုဒဏ်မှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ရေစုကန်များနှင့် ရေအရင်းအမြစ်များကို စနစ်တကျထိန်းသိမ်းသုံးစွဲရန်နှင့် အယ်လ်နီညိုရာသီဥတုပြောင်းလဲမှုဖြစ်စဉ်နှင့် ပတ်သက်၍ အသိပညာပေး ဆွေးနွေးပြောကြားပြီး သတိပေးနှိုးဆော်ချက် လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။

နိုလာ





လပွတ္တာမြို့နယ်အတွင်း စူပါအယ်လ်နီညို ရာသီဥတုဖြစ်စဉ်ကြောင့် မီးလောင်မှုနှင့် မီးလန့်မှုများ မဖြစ်ပေါ်စေရေးနှင့် စက်သုံးဆီအရောင်းဆိုင်များကို ဆီသိုလှောင်မှုနှင့် ဆီရောင်းချမှု စနစ်တကျရှိစေရေး အတွက် နိုဝင်ဘာ ၁၀ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိမ်းကိုကိုနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းစစ်ဆေးစဉ်။

ခရိုင် (ပြန်/ဆက်)



ဇမ္ဗူသီရိမြို့နယ် သမဝါယမအသင်းစု လီမိတက်၏ အမှုဆောင်အဖွဲ့ ရွေးချယ်ပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၁

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ပွဲကို ဇမ္ဗူသီရိမြို့နယ် သမဝါယမဦးစီးဌာနမှ၌ ယမန်နေ့နံနက်ပိုင်းက ကျင်းပရာ အမှုဆောင်ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာများကို ဖတ်ကြားခဲ့ပြီး အမှုဆောင်အဖွဲ့၊ အသင်းသားစာရင်းစစ်တို့ကို ရွေးချယ်ခဲ့ကြကြောင်း သိရသည်။

နီလာ (ပြန်/ဆက်)



တာချီလိတ်မြို့နယ်၌ ကလေးတိုင်း စာဖတ်သူ ဖြစ်စေရမည် အစီအစဉ်ဆောင်ရွက်

တာချီလိတ် နိုဝင်ဘာ ၁၁

တာချီလိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျွန်ုပ်တို့စာကြည့်တိုက်၊ ကျွန်ုပ်တို့ကမ္ဘာလှပ်ရှားမှုအစီအစဉ် စာကြည့်တိုက်ဆိုင်ရာလှုပ်ရှားမှုတွင် ကလေးတိုင်းစာဖတ်သူဖြစ်စေရမည် အစီအစဉ်ဖြင့် ပုံပြင်ပြောပွဲနှင့် ပုံပြင်နားထောင်ပြီး ပုံဆွဲခြင်းများကို နိုဝင်ဘာ ၉ ရက်က ကျင်းပရာ အထက (တာချီလိတ်)ကျောင်းမှ ကျောင်းသား ကျောင်းသူ ၂၀ အား ဌာနတာဝန်ရှိသူက စည်းလုံးခြင်းသည်ခွန်အား ပုံပြင်စာအုပ်ဖြင့် ပုံပြင်ပြောပြခဲ့ပြီး ပုံဆွဲခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

ရွှေမြိုင်သူ (ပြန်/ဆက်)



ရောဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်၌ နိုဝင်ဘာ ၈ ရက်က မီးလောင်မှုနှင့် မီးလန့်မှုများမဖြစ်ပေါ်စေရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးမင်းအောင်နှင့် တပ်ဖွဲ့ဝင်များ ဘုန်းတော်ကြီးကျောင်းများနှင့် ဌာနဆိုင်ရာရုံးများသို့ သွားရောက်၍ မီးဘေးလုံခြုံရေးကွင်းဆင်းစစ်ဆေးစဉ်။

အောင်သူ (ပြန်/ဆက်)

ဇလွန်မြို့နယ်၌ ကျေးရွာတွင်းကွန်ကရစ်ဘီးလမ်းခင်းခြင်း ဆောင်ရွက်

ဇလွန် နိုဝင်ဘာ ၁၁

ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ခေတ်မီစံပြကျေးရွာထူထောင်ခြင်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အဗျဉ်းလယ်ဦးကျေးရွာ



၌ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်မေမျိုးဟန်နှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ လိုအပ်သည်များ မှာကြားခဲ့သည်။

အဆိုပါ အဗျဉ်းလယ်ဦးကျေးရွာ၌ တစ်ဖက်လျှင် အရှည် ၂၂၅ ပေ၊ အကျယ် သုံးပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်းကို နိုင်ငံတော်ထောက်ပံ့ငွေကျပ် ၁၀သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အောက်တိုဘာ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

နေ့လူး

ကျိုက်လတ်မြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောခြင်းနှင့် သရုပ်ပြသခြင်းများ ဆောင်ရွက်

ကျိုက်လတ် နိုဝင်ဘာ ၁၁

ကျိုက်လတ်မြို့နယ်၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ယနေ့နံနက်ပိုင်းက တပေတမော့ကျေးရွာ ကျိုက်လတ်-မအူပင်ကားလမ်းဘေးရှိ သာမည(ဖြိုး) စက်သုံးဆီအရောင်းဆိုင်၌ မြို့နယ်မီးသတ်ဦးစီးမှူး ဦးနိုင်လင်းက မီးဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရမည့် လုပ်ငန်းများ၊ လိုက်နာရမည့်အချက်များ၊



မီးဘေးအန္တရာယ် ဖြစ်ပေါ်လာပါက အလျင်အမြန် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးအသုံးပြုပုံအဆင့်ဆင့်ကို ရှင်းလင်းပြောကြားပြီး ဆီမီးလောင်မှုအား မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်မှုများကို လက်တွေ့သရုပ်ပြသခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

ချောင်းဆုံမြို့နယ်၌ အယ်လ်နီညိုဖြစ်စဉ်ကြောင့် အပူဒဏ်အန္တရာယ်ကာကွယ်ရေး အသိပညာပေးဟောပြော

ချောင်းဆုံ နိုဝင်ဘာ ၁၁

ချောင်းဆုံမြို့နယ်၌ အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် အပူဒဏ်အန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ကွမ်ရိုက် (အထက-၌)ကျောင်းပတ္တမြားရတုခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြတင်က အသိပညာပေးဟောပြောပွဲနှင့် ပတ်သက်၍ ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မိသူဇာနှင့် မြို့နယ်အားကစားမှူး ဒေါ်သက်ငံဖူးတို့က သတိပြုရမည့် အပူဒဏ်အန္တရာယ်များအကြောင်း၊ ကြိုတင်ကာကွယ်ရမည့်အချက်များ၊ ရှုးဦးပြုစုခြင်းနှင့် ရှောင်ကြဉ်ရမည့်အချက်များကို ဟောပြောခဲ့ပြီး အယ်လ်နီညိုရာသီဥတုဖြစ်စဉ် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ကိုကျော်(ချောင်းဆုံ)



ကလေးမြို့၌ နေကြာသီးနှံပန်းတိုင်အထွက်နှုန်းရရှိရေး အသိပညာပေးဟောပြော

ကလေး နိုဝင်ဘာ ၁၁

ကလေးမြို့၌ နေကြာသီးနှံပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် သဘာဝ



မြေဩဇာပြုလုပ်သုံးစွဲနည်း အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်စိုက်ပျိုးရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကလေးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးထက်နှင့် တာဝန်ရှိသူများက နေကြာသီးနှံအတန်းလိုက်စိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများ၊ နေကြာသီးနှံစိုက်ပျိုးခြင်း၏ ရည်ရွယ်ချက်များနှင့် သဘာဝမြေဩဇာပြုလုပ် သုံးစွဲနည်းများကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာကြသော ဒေသခံတောင်သူများ၏ တင်ပြချက်များကို တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြသည်။

ခရိုင်(ပြန်/ဆက်)

မော်ဘီမြို့နယ်၌ ကျေးလက်လမ်းဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

မော်ဘီ နိုဝင်ဘာ ၁၁

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် (တည်ဆောက်ရေး) ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံ ဦးဇော်မိုးဦးသည် နိုဝင်ဘာ ၉ ရက်က ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် လုပ်ငန်းများဆောင်ရွက်လျက်ရှိသော မိုးကြိုးပစ်-လှည်းကူးစု-လယ်ပြင်စုလမ်းပေါ်ရှိ ပေ ၈၀ တံတားတည်ဆောက်ခြင်းနှင့် ကျွန်းချောင်း(အရှေ့)-ကျွန်းချောင်း(အနောက်) လမ်းအရှည် ပေ ၁၆၀၀၊ အကျယ် ၁၂ ပေအား Granular/ Laterite Sub-grade ခင်းရန်၊ Granular Mixed Sub-base ခင်းရန်၊ ကွန်ကရစ်ခင်းခြင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး အရည်အသွေးပြည့်မီစေရေး၊ အချိန်မီပြီးစီးသိရသည်။

နိုင်ရေး မှာကြားခဲ့ကြောင်း

ကောင်းမြတ်သူ(မော်ဘီ)



ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

ရွှေဘိုမြို့၌ ကလေးတိုင်းစာဖတ်သူဖြစ်စေရေးမည် အစီအစဉ်ဖြင့် ပုံပြင်ပြောပွဲကျင်းပ

ရွှေဘို နိုဝင်ဘာ ၁၁

ရွှေဘိုခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်တွင် ကလေးများအတွက် ကလေးတိုင်း စာဖတ်သူဖြစ်စေရမည် အစီအစဉ်ဖြင့် ပုံပြင်ပြောပွဲများကို နိုဝင်ဘာ ၉ ရက်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်စောလပြည့်ဝင်းက စာဖတ်သူလူငယ်များ၏ အနာဂတ်တောက်ပရမည့်အစီအစဉ်ဖြင့် လူငယ်များနှင့် စာပေကလပ်ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး လေ့လာရေးအတွက် စာကြည့်တိုက်အသုံးပြုနည်းနှင့် သတင်းအချက်အလက်မှန်ကန်မှုစစ်ဆေးနည်းများကို ပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက ပုံပြင်ပြောပွဲ၌ ပါဝင်ခဲ့သည့် ကလေးငယ်များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

အောင်ထွန်းနိုင်(ပြန်/ဆက်)



ချောက်မြို့နယ် ရေတွင်းကျေးရွာ၌ မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှု လျော့နည်းစေရေး အသိပညာပေးဟောပြော

ချောက် နိုဝင်ဘာ ၁၁

ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မီးခိုးမြူငွေ့လေထုညစ်ညမ်းမှု လျော့နည်းစေရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ရေတွင်းကျေးရွာ၌ ကျင်းပသည်။

ဦးစွာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ တာဝန်ရှိသူများက မီးခိုးမြူငွေ့အန္တရာယ်အကြောင်း သိကောင်းစရာများ၊ မီးခိုးမြူငွေ့အန္တရာယ်ကြောင့် နောက်ဆက်တွဲဖြစ်ပွားလာနိုင်သည့် ဆိုးကျိုးများ၊ အမှိုက်များကို အမျိုးအစားခွဲခြား၍ စနစ်တကျစွန့်ပစ်ခြင်း၊ ပတ်ဝန်းကျင်လေထုညစ်ညမ်းမှု ကြိုတင်ကာကွယ်ရေးနည်းလမ်းများနှင့် ဆောင်ရန်၊ ရှောင်ရန် အချက်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှု လျော့နည်းစေရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။

အထွေး



ထားဝယ်ခရိုင် လူထုအခြေပြုဗဟိုဌာန၌ သီးနှံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာ ဖြန့်ဝေ

ထားဝယ် နိုဝင်ဘာ ၁၁

တနင်္သာရီတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ သီးနှံအခြေခံတန်ဖိုးဖြင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ထားဝယ်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်စိုးက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး သင်တန်းနည်းပြဆရာမ ဒေါ်ဆုသက်ဌေးက သင်ကြားပေးမည့် သီးနှံအမျိုးအစားကို အခြေခံ၍ ယိုထိုးနည်းဘာသာရပ်များနှင့် တာရှည်ခံဆေး သုံးစွဲနည်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ သီးနှံသင်တန်းသူ စုစုပေါင်း ၂၀ ကို နိုဝင်ဘာ ၁၇ ရက်အထိ စာတွေ့ လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ငွေဇင်ယော်(ထားဝယ်)

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေးလှုပ်ရှားမှု ပွဲတော်ကျင်းပ



ရန်ကုန် နိုဝင်ဘာ ၁၁

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်တွင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေး လှုပ်ရှားမှုပွဲတော်ကို ယနေ့ နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်း (မြို့မ)၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေး၊ ကယ်ဆယ်ရေးနှင့်သာသနာရေးဝန်ကြီး ဦးနေလင်းထွန်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသား စာပေဆုရှင် စာရေးဆရာ ကောင်းသန့်က "စာဖတ်ခြင်းသည် လူတိုင်းနှင့်ဆိုင်သည်" ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ကာ ဥဏှစွမ်းရည်ပြိုင်ပွဲများနှင့် ဂိမ်းကစားနည်းပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဧင်မင်းထိုက်(ပြန်/ဆက်)

ပြည်တက္ကသိုလ်၌ သုတေသနစာတမ်းဖတ်ပွဲ ကျင်းပ



ပြည် နိုဝင်ဘာ ၁၁

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ပြည်တက္ကသိုလ် (၂၇)နှစ်မြောက် အထိမ်းအမှတ် "Bridging Perspectives on Innovations and Socio-Economic Development" (တီထွင်ဖန်တီးမှုများနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ အမြင်သစ်များ) ခေါင်းစဉ်ဖြင့် သုတေသနစာတမ်းဖတ်ပွဲ (ပထမနေ့) အခမ်းအနားကို ယမန်နေ့က ပြည်တက္ကသိုလ်၌ ကျင်းပရာ ပြည်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဇော်က ပြည် တက္ကသိုလ်သည် ယနေ့ ၂၀၂၆ ခုနှစ် နိုဝင်ဘာ ၁၁ ရက်တွင် (၂၇) နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း၊ အထိမ်းအမှတ်အဖြစ် သုတေသန စာတမ်းဖတ်ပွဲများ၊ ပို့စတာပြိုင်ပွဲများ၊ ပြည်မြို့ရှိ MSME လုပ်ငန်းများမှ ဒေသထွက်ကုန် အရောင်းပြခန်းများ၊ အနုပညာ ဖျော်ဖြေပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ထိုသုတေသန စာတမ်းဖတ်ပွဲ၌ တက္ကသိုလ် အသီးသီးမှ ပါဝင်တင်သွင်းကြမည့် သိပ္ပံဘာသာရပ်ဆိုင်ရာ သုတေသနစာတမ်း အစောင် ၄၀ နှင့် ပို့စတာသာသာရပ်ဆိုင်ရာ သုတေသန စာတမ်း ၂၇ စောင် စုစုပေါင်း သုတေသနစာတမ်း ၆၇ စောင် တို့ကို အလှည့်ကျ တင်သွင်းဖတ်ကြားသွားမည် ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့ပြင် တင်သွင်းလာသော စာတမ်းများနှင့် ပို့စတာပြိုင်ပွဲများ အနက်မှ သိပ္ပံနှင့် ဝိဇ္ဇာဘာသာရပ် အလိုက် အကောင်းဆုံးဆုများကို ရွေးချယ် ချီးမြှင့်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ဝဏ္ဏထွန်း (ပြန်/ဆက်)

ချောက်မြို့၌ အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်းပွဲကျင်းပ

ချောက် နိုဝင်ဘာ ၁၁

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၌ အခွန်ထမ်းလုပ်ငန်းရှင်များအား တည်ဆဲအခွန်ဆိုင်ရာ ဥပဒေများ၊ ပြေစာများပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်း ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်းသည့် အခွန်ဆိုင်ရာအသိ ပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့ နံနက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစစ်ဇြိမ်းအေးက အခွန်ဆိုင်ရာ ဆွေးနွေးပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးကျော်သက်နိုင်က ပြေစာများပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် အခွန်ထမ်းဆောင်ရန် ပျက်ကွက်သူများထံမှ ရသင့်ရထိုက်သောအခွန်များ ရရှိစေရေး အခွန်ထမ်း မှတ်ပုံတင်ခြင်းနှင့် လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်စစ်ဆေးခြင်း စနစ် (M- TRACES) စနစ်အား ရှင်းလင်းဆွေးနွေးပြောကြားသည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်များ ၄၈ ဦး တက်ရောက်ကြပြီး ၎င်းတို့ ၏ သိရှိလိုသော မေးမြန်းချက်များအပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြောင်း သိရသည်။

ကိုမိုး(ပြန်/ဆက်)

တမူးမြို့၌ ဝက်သက်၊ ဂျိုက်သိုးရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံ

တမူး နိုဝင်ဘာ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့၌ အသက် ကိုးလမှ အသက် ငါးနှစ်အောက်ကလေးငယ်များအား ဝက်သက်၊ ဂျိုက်သိုးရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်းကို နိုဝင်ဘာ ၉ ရက်က ဆောင်ရွက်ခဲ့ရာ ဆေးထိုးစုရပ်များဖြစ်သည့် ဈေးတန်းရပ်ကွက်ရှိ ပြည်သူ့ဝန်ဆောင်မှုရုံး(OSS)၊ မိခင်နှင့်ကလေးကျန်းမာရေးဌာနနှင့် စော်ဘွားအင်းရပ်ကွက်ရှိ ဧမာနွေလ ဘုရားကျောင်းတို့၌ ကလေးငယ် ၅၈၀ တို့အား ထိုးနှံပေးသည်။

အဆိုပါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်းလုပ်ငန်းများ အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးဝင်းကိုကိုနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့ကြပြီး ကာကွယ်ဆေးထိုးနှံခြင်းကို နိုဝင်ဘာ ၁၃ ရက်အထိ မြို့ပေါ်ရပ်ကွက်များအလိုက် ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရတနာ(တမူး)



ဆင်ပေါင်ဝဲမြို့နယ်၌ အယ်လ်နီညိုအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မီးဘေးလုံခြုံရေး အသိပညာပေးဟောပြော

ဆင်ပေါင်ဝဲ နိုဝင်ဘာ ၁၁

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် မီးသတ်ဦးစီးဌာနမှ အယ်လ်နီညိုရာသီဥတု ဖြစ်စဉ်ကြောင့် ပူပြင်းခြောက်သွေ့မှုများ ဖြစ်ပေါ်လာပါက မီးဘေးအန္တရာယ် မဖြစ်ပွားစေရန်နှင့် ကြိုတင်ကာကွယ်နိုင်ရန်အတွက် မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ မြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းဝင်း၊ ဒုတိယမီးသတ်ဦးစီးမှူးတို့က ကျောင်းသား ကျောင်းသူများအား အယ်လ်နီညိုဖြစ်စဉ်ကြောင့် မီးလောင်လွယ်သော အခြေအနေများ၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရန် ဆောင်ရန်/ရှောင်ရန် အချက်အလက်များ၊ မီးသတ်ဆေးဘူး အသုံးပြုနည်းများနှင့် မီးလောင်မှုဖြစ်ပွားပါက အရေးပေါ် တုံ့ပြန်ဆောင်ရွက်ရမည့် နည်းလမ်းများကို စနစ်တကျ အသိပညာပေးဟောပြောခဲ့ပြီး အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ခန့်ဝင်း(ဆင်ပေါင်ဝဲ)



အယ်လ်နီညိုအန္တရာယ် ကာကွယ်ရေးနှင့် သောက်သုံးရေစနစ်တကျသုံးစွဲရေး အသိပညာပေးဟောပြော

မော်လမြိုင် နိုဝင်ဘာ ၁၁

မွန်ပြည်နယ်ရှိ မြို့နယ်အသီးသီးတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရပ်ကွက်၊ ကျေးရွာများ၌ အယ်လ်နီညိုအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် သောက်သုံးရေများစနစ်တကျသုံးစွဲရေး အသိပညာပေးခြင်းကို နိုဝင်ဘာ ၈ ရက်က ပြုလုပ်ရာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးများက အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ကျရောက်လာနိုင်သည့် အခြေအနေများ၊ အကျိုးသက်ရောက်နိုင်မှုများ၊ ကြိုတင်ပြင်ဆင်ရမည့်အချက်များနှင့် ဖြစ်ပေါ်လာပါက တုံ့ပြန်ရမည့်အချက်များ၊ ရေကိုအလေအလွင့်မရှိ စနစ်တကျ အသုံးပြုရန်နှင့် ရေအရင်းအမြစ်များ ထိန်းသိမ်းကာကွယ်ရေး၊ သောက်သုံးရေကြိုတင်စုဆောင်းထားရှိရေးနှင့် ရေကိုလိုအပ်သလောက်သာ သုံးစွဲရေးတို့ကို ရှင်းလင်းဆွေးနွေးပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)



မူဆယ်မြို့၌ ၂၀၂၆ ခုနှစ် ကျောင်းပေါင်းစုံ ဘင်ခရာပြိုင်ပွဲ ကျင်းပ

မူဆယ် နိုဝင်ဘာ ၁၁

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့တွင် ၂၀၂၆ ခုနှစ် မူဆယ်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား ကျောင်းပေါင်းစုံဘင်ခရာပြိုင်ပွဲကို ယမန်နေ့က မူဆယ်မြို့ မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် မူဆယ်မြို့ရှိအခြေခံပညာ အထက်တန်းကျောင်းသုံးကျောင်းနှင့် ကိုယ်ပိုင်အထက်တန်းကျောင်း တစ်ကျောင်းတို့မှ အသင်းလေးသင်းတို့က ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲဆက်လက်ကျင်းပရာ ပထမဆုရရှိသည့် အထက ၃ အသင်း၊ ဒုတိယဆုရရှိသည့် အထက ၂ အသင်း၊ တတိယဆုရရှိသည့် အထက ၁ အသင်းနှင့် နှစ်သိမ့်ဆုရရှိသည့် အောင်ကိုယ်ပိုင် အထက်တန်းကျောင်းအသင်းတို့အား ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစန်းမင်းနှင့် တာဝန်ရှိသူများက ဆုချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



သဃ်န်းကျွန်းမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ဆွေးနွေး



ရန်ကုန် နိုဝင်ဘာ ၁၁

ရန်ကုန် တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်၌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များ ဦးစီးဌာန ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများ အရ ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားအား ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးလှမျိုးနှင့် တာဝန်ရှိသူများက ဆွေးနွေးသည်။ အဆိုပါဆွေးနွေးပွဲသို့ ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင် အခွန်ထမ်း စုစုပေါင်း ၁၃၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဇော်မိုး**

မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင်ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA)ဖြင့် အခမဲ့ထုတ်လွှင့်လျက်ရှိရာ (MRTV-HD Channel)နှင့် (MRTV Entertainment Channel)တို့မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ မကြာမီ တန်ဆောင်တိုင်ကာလသို့ ရောက်ရှိမည်ဖြစ်၍ (၁၃-၁၁-၂၀၂၆)ရက်၊ သောကြာနေ့ညတွင် တန်ဆောင်တိုင်ပွဲတော်ကာလနှင့် သက်ဆိုင်သည့် တေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ပြင်ပ/ဌာနအဆိုရှင်များ စုပေါင်း၍ **"မြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင်"** တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့အသုံးပြုမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်-

(၁၃-၁၁-၂၀၂၆)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ "မြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင်" တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၀)ပုဒ်

စဉ်	သီချင်းအမည်	အဆိုရှင်
၁။	အိပ်မက်ဆောင်းည	ဌာနအဆိုရှင်
၂။	ရှမ်းရိုးမကအိုးစည်သံ	ပြင်ပအဆိုရှင်
၃။	ကျွန်တော်မပါရင်ပွဲမစည်	ပြင်ပအဆိုရှင်
၄။	ပွဲပြီးရင်လွမ်းရတော့မယ်	ပြင်ပအဆိုရှင်
၅။	ဘုံကထိန်	ပြင်ပအဆိုရှင်
၆။	ကြည်နူးခွင့်	ပြင်ပအဆိုရှင်
၇။	ကောင်းကင်ကမ္ဘာ	ပြင်ပအဆိုရှင်
၈။	စံပယ်	ပြင်ပအဆိုရှင်
၉။	တောင်ကြီးထာဝရလှသော တန်ဆောင်တိုင်	ပြင်ပအဆိုရှင်
၁၀။	မြိုင်မြိုင်ဆိုင်ဆိုင်လတန်ဆောင်တိုင်	Group Song

တစ်ဦးတည်းဖြစ်ပါကြောင်း

အမရပူရမြို့၊ မှန်တန်းအုပ်စု၊ မြေပဲတန်းရပ်၊ မမ-၁၈၁ နေ ဦးအောင်ကျော်ထွန်း ၏သမီး မမေကဥ္စနာထွန်း ၉/သပက(နိုင်)၀၈၃၃၉၆ နှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်လက်မှတ် မှ မမေကဥ္စနာထွန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **မမေကဥ္စနာထွန်း(ခ)**
မမေကဥ္စနာထွန်း

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3B/4143 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7Q/2664 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)

ဒီကရီအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
(တရားမကျင့်ထုံးဥပဒေအမိန့်- ၂၁၊ နည်းဥပဒေ ၂၂)
အောင်မြေသာစံခရိုင်တရားရုံးတော်
၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၅၅
၂၀၂၆ ခုနှစ်၊ တရားမဇာရီမှုအမှတ် - ၄၄

ဦးအောင်ညီဟိန်း **နှင့်** ဦးသော်စံလှ(၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဦးတူးလွမ်)

(ဒီကရီအနိုင်ရသူ) **(တရားရှုံး)**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၂၉ လမ်း၊ ၇၆x၇၇ လမ်းကြား၊ အမှတ်(၁၆၇) နေ ဦးသော်စံလှ (ဘ) ဦးလှထွန်း၊ ၅/မရန(နိုင်)၀၁၁၅၆၉ ၎င်း၏အထူး ကိုယ်စားလှယ်စာရသူ ဦးတူးလွမ် (ဘ) ဦးချန်းဂီ ၁/ဝမန(နိုင်)၀၃၁၇၁၂) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၅၅ တွင်ကျရှိသည့် ဒီကရီ အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက် မွန်းမတည့်မီ ၉:၃၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်နှင်းမြတ်)
ဒုတိယခရိုင်တရားသူကြီး(၆)
အောင်မြေသာစံခရိုင်တရားရုံး

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3D/7319 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး၊ မိတ္ထီလာ**

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေအမိန့်၅၊ နည်းဥပဒေ၂၀)
သဃ်န်းကျွန်းမြို့နယ်တရားရုံးတော်
၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၅

ဦးစိုးဝင်း **နှင့်** ၁။ ဒေါ်စန်းဝင်း
၂။ ဒေါ်သန်းတင်
၃။ ဒေါ်စု
၄။ C.B.စီ

(တရားလို) **(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (ဃ)ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ်-၄ ရပ်နေ (၂)တရားပြိုင် ဒေါ်သန်းတင်၊ (၃)တရားပြိုင် ဒေါ်စု၊ (၄)တရားပြိုင် S.B.စီ (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊၂၀၂၆ခုနှစ်၊ နိုဝင်ဘာလ (၂၇)ရက် (၁၃၈၈ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၃ရက်) မွန်းမတည့်မီ (၁၁:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်တို့မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့်စာမှတ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည် တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည် သို့မဟုတ် သင်တို့၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၆ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(နေမျိုးအောင်)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
သဃ်န်းကျွန်းမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ ကွင်းအမှတ်(၁၂/၁ က၊ စီတာပူတောင်)၊ ဦးပိုင်အမှတ်(၂၀၄)၊ မြေဧရိယာ(၀ဒသမ၀၈၃)ကေရှိမြေကွက်သည် မူလက ဒေါ်ခင်ဖြူဝင်း အမည်ဖြင့် (၃၀-၆-၂၀၂၀)ရက်အထိ မြေငှားဂရန်သက်တမ်းရရှိခဲ့ပြီး၊ (၂၅-၅-၁၉၉၃) ရက်တွင် ဒေါ်ခင်ဖြူဝင်းထံမှ ဦးလဝေါလန့်နော် က လည်းကောင်း၊ ဦးပိုင်(၂၀၄/က)၊မြေဧရိယာ(၀ဒသမ၀၉၄)ကေအပိုင်းကို (၅-၁၀-၂၀၁၃)ရက်တွင် ဦးလဝေါလန့်နော် ထံမှ ဒေါ်ဂျာဘန်နှင့် မောင်ဒဘော့ဆွတ်ခေါင်တို့(၂)ဦးကလည်းကောင်း နှစ်ဦးသဘောတူခြမ်မြေကွက် အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဒေါ်ဂျာဘန် ၁/မကန (နိုင်)၁၀၃၅၀၀နှင့် မောင်ဒဘော့ဆွတ်ခေါင် ၁/မကန(နိုင်)၂၁၈၄၅၆ အမည်ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း မြေငှားဂရန်အသစ် ရရှိရေးအတွက် (၁-၉-၂၀၂၆)ရက်စွဲပါကျမ်းကျိန်လွှာအမှတ်(၈၄၇/၂၀၂၆)ကို (၄-၉-၂၀၂၆)ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်(၅၈၀/၂၀၂၆) ပြုဆိုတင်ပြလျှက် ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ပေ (၅၀) လမ်း၊ အမှတ်(၂၄) နေ ဦးဇေယျာမိုးမြင့် (၁၂/ဗဟန(နိုင်)၀၁၀၄၀၃)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်-

ဦးဇေယျာမိုးမြင့် (၁၂/ဗဟန(နိုင်)၀၁၀၄၀၃)နှင့် ဒေါ်လင်းလင်းလတ် (၁၂/ကမရ(နိုင်)၀၄၉၈၀၉) တို့သည် မြန်မာ/ဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး (၁၁-၁၁-၂၀၀၀) ရက်တွင် တရားဝင် အကြင်လင်မယားအဖြစ်ပေါင်းသင်းနေထိုင်ခဲ့ပြီး ယခုအခါ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားခြင်း တိုက်ဆိုင်မှုမရှိတော့သည့်အပြင် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိကြတော့သဖြင့် (၁၀-၁၁-၂၀၂၆) ရက်စွဲပါ "နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှကွာရှင်းပြတ်စဲခြင်းကတိစာချုပ်"ကို မြန်မာ့ဓလေ့ထုံးဥပဒေနှင့်အညီ တရားဝင်လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြပြီး တရားဝင်ကွာရှင်းပြတ်စဲခဲ့ကြပါသည်။ ယခုကဲ့သို့ တရားဝင်ကွာရှင်းပြတ်စဲပြီးသည့်အချိန်မှစ၍ တစ်ဦးနှင့်တစ်ဦးမည်သို့မျှဆက်စပ်သက်ဆိုင်ခြင်းမရှိတော့ပါကြောင်းနှင့် တစ်ဦး၏စီးပွားရေး၊ လူမှုရေး(သို့မဟုတ်)အခြားမည်သည့်ကိစ္စရပ်များနှင့်မဆို ကျန်တစ်ဦးတွင် လုံးဝလုံးဝသက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်ဆုမွန်အောင်(LL.B,LL.M)
တရားလွှတ်တော်ရှေ့နေ
(စဉ်-၁၉၆၈၇/၇-၇-၂၀၂၅)
အမှတ်-၁၉၆၊ စိန်မေရီဝင်း၊ ကျွန်းတောလမ်း၊
စမ်းချောင်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၄၃၁၇၄၆၄၈

ဒေါ်ရီရီသိန်း B.A(LAW), (LL.B)
တရားလွှတ်တော်ရှေ့နေ
(စဉ်-၂၅၅၄/၃၀-၃-၁၉၈၄)
အမှတ်-၅၃၊ ကွမ်းရွံတန်းလမ်း၊
ဈေးကြီးအရှေ့ရပ်ကွက်၊
ကြည့်မြင်တိုင်မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၄၂၆၆၁၀၀၉၂

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 61W/89442, Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖြိုးသီရိမွန် ၉/မတရ(နိုင်)၁၃၃၇၈၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/86931, Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမင်းသိန်း ၉/နထက(နိုင်)၁၃၇၀၁၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေအမိန့်၅၊ နည်းဥပဒေ၂၀)
သဃ်န်းကျွန်းမြို့နယ်တရားရုံးတော်
၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၄

ဦးစိုးဝင်း **နှင့်** ၁။ ဒေါ်စန်းဝင်း
၂။ ဒေါ်သန်းတင်
၃။ ဒေါ်စု
၄။ မိုဟာမက်အဗ္ဗဒူလာ
၅။ မခေင်

(တရားလို) **(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (ဃ)ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ်-၄ ရပ်နေ (၂) တရားပြိုင် ဒေါ်သန်းတင်၊ (၃) တရားပြိုင် ဒေါ်စု၊ (၄) တရားပြိုင် မိုဟာမက်အဗ္ဗဒူလာ နှင့် (၅)တရားပြိုင် မခေင် (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ၊ (၂၇)ရက် (၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၃ရက်) မွန်းမတည့်မီ (၁၁:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန်ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့်စာမှတ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည် တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည် သို့မဟုတ် သင်တို့၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၆ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(နေမျိုးအောင်)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
သဃ်န်းကျွန်းမြို့နယ်တရားရုံး

ကွာရှင်းပြတ်စဲကြောင်း အများသိစေရန် ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ မြို့ဦးရပ်နေ ဦးကျော်ဦး ၅/ဒပယ(နိုင်) ၀၀၂၆၈၉ သည် မယားငယ်ဖြင့် ထွက်ပြေးသွားသည်မှာ အချိန်တစ်ခုကြာမြင့်ခဲ့ပါ၍ ကျွန်မ မဝင်းမာမှ လင်ခန်းမယားခန်း ပြီးဆုံးသွားပါ၍ လင်ယောကျာ်း အဖြစ်မှ ကွာရှင်းပြတ်စဲပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ဝင်းမာ၊၅/မရန(နိုင်)၁၂၄၅၉၂
မြို့ဦးရပ်၊ အလုံရပ်ကွက်၊ မုံရွာမြို့နယ်
စစ်ကိုင်းတိုင်းဒေသကြီး

အများသိစေရန်နှင့် ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ အောင်နန်းရိပ်သာရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၃၆/၁၊ ဝက်ကုန်းမြောက်)၊ ဦးပိုင်အမှတ်(၁၇၂)၊ မြေဧရိယာ(၀ဒသမ၁၁၀)ကေရှိ မြေကွက်သည် မူလက ဒေါ်တီ အမည်ဖြင့် (၂၀-၂-၂၀၁၁) ရက်အထိ (၁၅)နှစ်မြေငှားဂရန် ရရှိခဲ့ပါသည်။ ဂရန်ရှင်နှင့် ခင်ပွန်းဦးတုတ်(၂)ဦးသည် ကွယ်လွန်သွားခဲ့ပြီးဖြစ်၍ ၎င်း၏ သား/သမီးများဖြစ်သည့် ဦးကြည်စိုး၊ ဒေါ်ကြည်ရွှေ၊ ဒေါ်စမ်းစမ်းအေး (၃)ဦးတို့က တရားဝင်စာချုပ်စာတမ်းမှတ်ပုံတင်ဖြင့် အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီး အမွေဆိုင်(၃)ဦးက(၁၂-၁၀-၂၀၂၆)ရက်စွဲပါစာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၃၈၆/ ၂၀၂၆) အရ မူလမြေဧရိယာ(၀ဒသမ၁၁၀)ကေအနက် အရှေ့ဘက်အခြမ်း ဧရိယာ(၀ဒသမ၀၅၅)ကေအား ဦးပိုင်ခွဲစိတ်၍ ဒေါ်နွယ်နှင်းဖြူသိန်း ၁/မကန(နိုင်)၂၁၁၅၃၀ ထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ အဆိုပါမြေကွက်အား ဒေါ်နွယ်နှင်းဖြူသိန်း အမည်ဖြင့် မြေငှားဂရန်(ဦးပိုင်ခွဲ/အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်တင်ပြသူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ်(၁၅/၃-၂အုတ်ကျင်းအနောက်)၊ဦးပိုင်အမှတ်(၈၀)၊ မြေဧရိယာ (၀.၁၈၄)ကေရှိမြေကွက်သည်မူလက ဦးအုန်းကျော်အမည်ဖြင့် (၃၀-၆-၂၀၂၀)ရက်ထိ မြေငှားဂရန်သက်တမ်းရရှိခဲ့ပြီး၊ ဂရန် အမည်ပေါက်သူဦးအုန်းကျော်ထံမှ ဦးပိုင်(၈၀/ခ)၊ မြေဧရိယာ (၀.၁၅၁) ကေအပိုင်းကို ဒေါ်အေးအေးဝင်း က (၁-၁၀-၁၉၉၂)ရက်တွင်လည်းကောင်း၊ ဒေါ်အေးအေးဝင်း ထံမှ ဦးနော်ဆန့် က (၁၇-၉-၂၀၂၂)ရက်တွင်လည်းကောင်း၊ ဦးနော်ဆန့်ထံမှ ဒေါ်တင်တင်မိုး က(၃၀-၁၁- ၂၀၂၂) ရက်တွင်လည်းကောင်း၊ ဒေါ်တင်တင်မိုးထံမှ ဒေါ်မာကိုင် က (၆-၂-၂၀၂၃)ရက်တွင် လည်းကောင်း၊ ဒေါ်မာကိုင် ထံမှ ဦးတန်ဂွန်းက(၂၀-၄-၂၀၂၃)ရက်တွင်လည်းကောင်း၊ ဦးတန်ဂွန်း ထံမှ ဦးမရန်နော်ဂျာ က(၁၇-၈-၂၀၂၃)ရက်တွင်လည်းကောင်း၊ ဦးမရန်နော်ဂျာ ထံမှ ဦးဂျပ်ပနီးဆင် က (၃၀-၆-၂၀၂၆)ရက်စွဲပါနှစ်ဦးသဘောတူမြေကွက် အရောင်းအဝယ်ကတိစာချုပ်ဖြင့် အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ယခုအခါ ဦးဂျပ်ပနီးဆင် ၁/မကန(နိုင်)၁၃၈၇၈၆ အမည်ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း မြေငှားဂရန် အသစ်ရရှိရေးအတွက်(၁၃-၇-၂၀၂၆)ရက်စွဲပါကျမ်းကျိန်ဆိုလွှာ အမှတ်(၆၄၆/၂၀၂၆)ကို (၄-၈-၂၀၂၆) ရက်စွဲပါကျမ်းကျိန်ဆိုလွှာမှတ်ပုံတင်အမှတ် (၄၈၂/၂၀၂၆) ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအားဆောင်ရွက်မပေးသင့်ကြောင်းယခုကြော်ငြာစာပါသည့်ရက်မှစ၍(၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန် ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3K/6804 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)

အကြင်လင်မယား အဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာချက်

မြစ်ကြီးနားမြို့ အေးစေတီရပ်ကွက် အမှတ်(၅၄)နေ အင်န်အာမွလ္လာ (ခ) မောင်မင်းသန့် (ဘ) ဦးစိုးလတ် ၁/မကန(နိုင်)၂၄၃၄၆၂ နှင့် မြစ်ကြီးနားမြို့ ရွှေညောင်ပင်ရပ်ကွက် ၊ အမှတ် (၁၄၄)နေဇိုလိုင်ခါ(ခ)ဂျူလိုင်မိုး (ဘ) ဦးလှမိုး ၁/မကန(နိုင်)၂၈၀၇၆၁ တို့သည်(၁-၆-၂၀၂၆) ရက်စွဲပါနှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်းစာချုပ်ချုပ်ဆို၍ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေ ညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
အင်န်အာမွလ္လာ(ခ)မောင်မင်းသန့်
၁/မကန(နိုင်)၂၄၃၄၆၂

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဇော်ဇော် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၉၈၄)
အမှတ်-(၂၇၀)အောင်နန်းရပ်ကွက်၊
ဖုန်း-၀၉-၄၄၀၀၀၅၄၉၈

အများသိစေရန်ကြော်ငြာခြင်း

ရောဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ (၃)ရပ်ကွက်၊ စမ်းချောင်း(၁)လမ်း၊ အိမ်အမှတ်(၄၄၇)နေ ဒေါ်ဇင်မာဝင်း(၁၄/ မမန(နိုင်)၂၀၀၉၃၄)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်အမှုသည်၏ဖခင် ဦးဝင်းဗိုလ်နှင့် မိခင် ဒေါ်လှလှဝင်းတို့သည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး သမီးကြီး ဒေါ်ဇင်မာဝင်း၊ သမီးအလတ် ဒေါ်သန္တာဝင်း၊ သားငယ် ဦးသန့်ဇင်ဝင်း တို့ သားသမီး(၃)ဦး မွေးဖွားခဲ့ပါသည်။

ကျွန်ုပ်အမှုသည်၏ မိခင် ဒေါ်လှလှဝင်းနှင့် ညီမအလတ်ဖြစ်သူ ဒေါ်သန္တာဝင်း တို့မှာ (၇-၉-၂၀၂၅) ရက်တွင် တပြိုင်တည်းဆုံးပါးသွားခဲ့ပါသည်။ ကျွန်ုပ်အမှုသည်၏မိခင် ဒေါ်လှလှဝင်း ဆုံးပါးချိန်တွင် ဦးဝင်းဗိုလ် နှင့် ဒေါ်လှလှဝင်းတို့၏ လက်ထက်ပွားပစ္စည်းများအဖြစ် အောက်ပါပစ္စည်းများ ကျန်ရှိခဲ့ပါသည်-

၁။ ကျွန်ုပ်အမှုသည်၏ဖခင် ဦးဝင်းဗိုလ်(၁၄/မမန(နိုင်)၀၀၈၈၈၆)အမည်ဖြင့် ဝယ်ယူထားသော ရောဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ (၃)ရပ်ကွက်၊ စမ်းချောင်း (၁)လမ်း၊ အိမ်အမှတ်(၁၀၅)၊ အကျယ်အဝန်းပေ (၄၀x၆၀)ရှိ မြေနှင့် ၎င်းမြေပေါ်ရှိ (၁ ၃)ထပ် အဆောက်အအုံ(၁)လုံး

၂။ ကျွန်ုပ်အမှုသည်၏ဖခင် ဦးဝင်းဗိုလ်(၁၄/မမန(နိုင်)၀၀၈၈၈၆)အမည်ဖြင့် ဝယ်ယူထားသော ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ဆိပ်ကြီး အရှေ့ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ်(၂/၅)၊ အကျယ်အဝန်း (၁၀x၃၀)ပေရှိ ဈေးဆိုင်ခန်း(၁)ခန်း

၃။ အောင်ဝင်းဗိုလ်အမည်ဖြင့် ပြေးဆွဲနေသော မော်တော်ရေယာဉ်(၁)စီး

ထို့ပြင် ကျွန်ုပ်အမှုသည်၏ဖခင်ဖြစ်သူ ဦးဝင်းဗိုလ်(၁၄/ မမန(နိုင်)၀၀၈၈၈၆) မှာ ၎င်း၏ဇနီးဖြစ်သူ ဒေါ်လှလှဝင်း သေဆုံးချိန်မှ စတင်၍ ယခုအချိန်ထိ တရားဝင် အိမ်ထောင် ထပ်မံထူထောင်ခြင်းလည်းမရှိပါ။

သို့ဖြစ်ပါ၍ အထက်ပါ မရွှေ့မပြောင်းနိုင်သောပစ္စည်းများနှင့်ပတ်သက်ပြီး ကျွန်ုပ်၏အမှုသည် ဒေါ်ဇင်မာဝင်း (၁၄/မမန(နိုင်)၂၀၀၉၃၄)၏ ခွင့်ပြုချက်တစ်စုံ တစ်ရာ မရှိဘဲ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်း၊ လွှဲပြောင်းခြင်း၊ စွန့်လွှတ်ခြင်း၊ ပေါင်နှံခြင်း၊ လှူဒါန်းခြင်း၊ အာမခံတင်သွင်းခြင်း၊ တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်း မပြုလုပ်ပါရန်နှင့် အကယ်၍ ကျွန်ုပ်အမှုသည် ဒေါ်ဇင်မာဝင်း၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ ပြုလုပ်ပါက သက်ဆိုင်ရာ တည်ဆဲဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဇင်မာဝင်း (၁၄/မမန(နိုင်)၂၀၀၉၃၄) ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဆုမြတ်ကျော်စိုး(LLB, D.I.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၆၆၅)
တိုက်(၅)၊ ထီးလှိုင်ရှင်အိမ်ရာ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၅၀၀၀၇၉၅၅

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း နှင့် ကံဘဲ့လမ်းထောင့် The Central Boulevard၊ ဆိုင်အမှတ်-၅ရှိ GREEN URBAN VENTURES CO.,Ltd ထံမှ ဝယ်ယူထားသော Tower-3၊ Level-7၊ Unit-B အခန်းနှင့်ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဒေါ်ခင်မေအေး (၁၄/ပသန(နိုင်)၀၅၆၄၇၁) သည် GREEN URBAN VENTURES Co.,Ltd ၏ The Park Yangon(Project)အား ၂၀၃၀-ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈)ရက်နေ့တွင် နောက်ဆုံးထား အပ်နှံမည်ဖြစ်ကြောင်း ကတိပြု ရောင်းချသည်ကိုယုံကြည်၍ Tower-3၊ Level-7,Unit-B ကွန်ဒိုအခန်းအား ရောင်းချသူ Developer ဘက်မှသတ်မှတ်ထားသည့် တန်ဖိုးအတိုင်း ပေးသွင်း ဝယ်ယူခဲ့ပါသည်။ ကျွန်ုပ်၏မိတ်ဆွေမှ ရောင်းဖိုးငွေများကို (၆၀%) ပေးသွင်းပြီးသည်အထိ ရောင်းချသူဘက်မှ ကတိပြုထားသည့်အတိုင်း ယနေ့တိုင်အကောင်အထည်ဖော် ဆောင်ရွက်မှုမရှိသည့် အတွက်လည်းကောင်း၊ လက်ရှိဖြစ်ပေါ်နေသည့် ကိစ္စရပ်များ ကြောင့်လည်းကောင်း၊ (၅-၁၀-၂၀၂၆) ရက်က ရောင်းသူဘက်မှ ထုတ်ပြန်ကြေညာချက်၌ ၂၀၂၇-ခုနှစ်တွင်မှ အစိုးရထံတင်ပြ လျှောက်ထားရန်မျှော်မှန်းထားကြောင်းနှင့် Tower-3ကို ၂၀၂၈-ခုနှစ်၊ (၆)လပိုင်းခန့်တွင် စတင်ဆောက်လုပ်မည်ဖြစ်ကြောင်း ဖော်ပြထားချက်အရ ကျွန်ုပ်မိတ်ဆွေ၏ ပေးသွင်းငွေမှာ ၆၀% ရှိပြီဖြစ်၍ ရောင်းသူ ဘက်မှ အဆောက်အအုံ စတင်ဆောင်ရွက်ချိန်အထိ ခေတ္တရပ်ဆိုင်းထားလိုပြီး တာဝန်ရှိသူနှင့်တွေ့ဆုံ ညှိနှိုင်းခွင့်ပြုပါရန် ကုမ္ပဏီ၏ Emailမှ လည်းကောင်း၊ စာတိုက်မှလည်းကောင်း အကြောင်းကြားစာပေးပို့တောင်းဆိုပါသော်လည်း ရောင်းချသူဘက်မှ ယနေ့အချိန်အထိ တိကျသေချာသော အကြောင်းပြန်ကြားချက်မရရှိခဲ့ပါ။ ထို့ကြောင့် ကျွန်ုပ်၏မိတ်ဆွေဘက်မှများစွာ စိုးရိမ်ပူပန်လျက်ရှိနေပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေဘက်မှ ရောင်းဖိုးငွေများပေးသွင်းထားသော အထက်ဖော်ပြပါ ကွန်ဒိုအခန်းအား အရောင်းအဝယ်အတည်ဖြစ်နေစဉ် ကာလအတွင်း ကျွန်ုပ်မိတ်ဆွေသိရှိခြင်း၊ သဘောတူညီမှုမရှိပါဘဲ မျက်ကွယ်၌ ပေးသွင်းထားသော ရောင်းဖိုးငွေများနှင့်ပတ်သက်၍ တစ်ဖက်သတ်စာချုပ် ဖျက်သိမ်းခြင်း၊ ထပ်ဆင့် ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်းစသည့် တစ်နည်းနည်းဖြင့်လွှဲပြောင်း ခြင်းတို့ကို ပြုလုပ်ခွင့်မရှိပါကြောင်း GREEN URBAN VENTURES CO.,Ltd နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်မေအေး၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သီဂီအောင် (LL.B)	ဒေါ်ဇင်မာမြင့် (LL.B,DBL)	ဦးနေဝင်းနိုင်(LL.B)
တရားလွှတ်တော်ရှေ့နေ	တရားလွှတ်တော်ရှေ့နေ	အထက်တန်းရှေ့နေ
(စဉ်-၁၇၇၀၀)	(စဉ်-၁၆၂၉၇)	(စဉ်-၁၈၈၅၂)

အမှတ်(C-1)၊ အခန်း(၃၀၁)၊ နှင်းဆီလမ်း၊ Highway Complexအိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၅၇၇၇၇၃၉၈

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
အောင်မြေသာစံခရိုင်တရားရုံးတော်
၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၁၁

ဦးကျော်စိုးမိုး(ခ)ကန်နား (တရားလို) နှင့် မောင်ဘခိုင်(ခ)ဦးဘခိုင် (တရားပြိုင်)

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အကွက်အမှတ်(၃)၊ လမ်း ၂၀ x ၆၃ လမ်း၊ အနိုပ်တော်ရပ်ကွက်နေ မောင်ဘခိုင်(ခ)ဦးဘခိုင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးကျော်စိုးမိုး(ခ)ကန်နားက အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက်အမှတ်(၃)၊ ဦးပိုင်အမှတ်(၁၁၂)၊ ဧရိယာ(၀.၀၂၅)ဧက အကျယ်အဝန်းရှိ အခလွတ်မြေကွက်အား ပဋိညာဉ်အတိုင်း အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက် (၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ်၊ ၃ ရက်) မွန်းမတည့်မီ ၉:၃၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့် အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်နှင်းမြတ်)
ဒုတိယခရိုင်တရားသူကြီး(၆)
အောင်မြေသာစံခရိုင်တရားရုံး

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၆သယ/၈၄၁၀၂ ၏ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6P/1918 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့်ယခင်ထုတ်ပေးခဲ့သည့်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၄/ရွှေပေါက်ကံ၊ ကျောင်းလမ်း၊ မြေကွက်အမှတ် ၇၇၂၊ အလျား ပေ ၄၀ x အနံ ပေ ၆၀ရှိသည့်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက် မျက်နှာမူလျှင် လက်ယာဘက်အခြမ်း၏ အလျား ပေ ၂၀ x အနံ ပေ ၆၀ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ၁၁-၁၁-၂၀၂၆ ရက်စွဲပါ "နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ် ကတိစာချုပ်" ဖြင့် နှစ်(၆၀)ဂရန် အမည်ပေါက် ဦးကျော်သန်း (ဘ)ဦးပါ ၁၂/မရက(နိုင်)၀၄၁၁၉၃၏ ၁၅/၉၅၂၃ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးသောင်းတန် (ဘ)ဦးချစ်ပို ၁/မကတ(နိုင်) ၀၄၄၅၂၀ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးကျော်နိုင်ထွန်း (ဘ)ဦးမောင်ထွန်းစိန် ၁၁/ ကတန(နိုင်)၁၀၃၆၃၆မှ အပြီးအပိုင် ဝယ်ယူ၍ ပိုင်ဆိုင်သူဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သန္တာမြင့်ဝင်း(LL.B,DBL,DIL,DML,DIPL)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၄၃၈)
ဖုန်း-၀၉-၂၅၀၅၂၈၆၁၆

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ဆ၊ ကရဝိတ်-၃လမ်း၊ မြေကွက်အမှတ်-၄၉၇၊ အလျားပေ ၄၀ x အနံပေ ၆၀ ရှိသည့် အနက်မှ တရားဝင်မခွဲစိတ်ရသေးသောမြေကွက်မျက်နှာမူလျှင် လက်ယာဘက် အခြမ်း၏ အလျား ၂၇ပေ x အနံပေ ၆၀ရှိအိမ်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုး ခံစားခွင့်အရပ်ရပ်အားလုံးကို အမွေဆက်ခံသူများ ၁။ ဦးတင်ဝေ(ဘ) ဦးမြင့် (၁၂/ ဥကမ(နိုင်)၀၁၀၃၄၈)၊ ၂။ ဒေါ်ခင်မာဝေ (၁၂/ဥကမ(နိုင်)၀၃၃၂၈၈)၊ ၃။ ဦးမြင့်ဆွေ (၁၂/ဥကမ(နိုင်)၀၁၄၃၈၁)၊ ၄။ ဦးရဲထွဋ် (၁၂/ဥကမ(နိုင်)၀၃၃၂၇၉)၊ ၅။ ဒေါ်မြင့်မြင့် ကြည် (၁၂/ဥကမ(နိုင်)၀၁၁၂၆၇)၊ ၆။ ဦးတင်ထွဋ် (၁၂/ဥကမ(နိုင်)၀၁၀၃၅၂)၊ ၇။ ဒေါ်နွယ်နွယ်ဝေ(၁၂/ဥကမ(နိုင်)၀၃၃၃၁၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေများမှ အပြီးအပိုင် ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက (၁၄) ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် လူကိုယ်တိုင် ကျွန်ုပ်ထံလာ ရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သန္တာမြင့်ဝင်း (LL.B, DBL, DIL, DML, DIPL)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၃၈)
ဖုန်း-၀၉-၂၅၀၅၂၈၆၁၆

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 20U/2897, TVS Leing 200 T/W အားစစ်တွေမြို့၊ ချေဝတီရပ်ကွက်နေ မောင်ဦးသန်း ၁၁/စတန(နိုင်)၀၉၆၃၄၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး (စစ်တွေ)သို့ လူကိုယ်တိုင် လာရောက် လျှောက်ထားနိုင်ပါသည်။

ကညန၊ပြည်နယ်ရုံး(စစ်တွေ)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/91186, Suzuki Smash 112, M/C အား၊ စစ်တွေမြို့၊ လှမချေကျေးရွာနေ အေးနာမုလ်ဟာဆောန် ၁၁/စတန(နိုင်)၁၇၁၃၈၃ က (ကမ-၃)ပျောက်ဆုံး ကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှစ၍ ရက် (၃၀) အတွင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး (စစ်တွေ)သို့ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး (စစ်တွေ)

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
ချမ်းမြသာစည်မြို့နယ်တရားရုံးတော်
၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၂၆၉

ဦးစောလှမင်း (တရားလို) နှင့် ဦးမောင်ကို (၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဦးရန်ကျင်းရောင်(ခ)ဦးခင်မောင်ဌေး) (တရားပြိုင်)

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အကွက်(၃၇၃)နေ ဦးမောင်ကို (၎င်း၏ အထွေထွေကိုယ်စားလှယ်စာရသူ ဦးရန်ကျင်းရောင်(ခ)ဦးခင်မောင်ဌေး ၁/မကန (ဧည့်) ၀၀၀၃၇၈ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဦးစောလှမင်းက မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် (ဘဘ-၆)၊ ဦးပိုင်အမှတ်(၄၂)၊ ဧရိယာ (၀.၀၅၁) ဧက အကျယ်အဝန်းရှိ မြေကွက်ရောင်းဝယ်မှုအား မှတ်ပုံတင် အရောင်းအဝယ် စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှု နှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ် တို့ကို ချေပ ပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့် ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက် (၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံး သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေသည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေး လိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင့်နှင့်အတူ ယူဆောင် လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ် ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်း ရမည်။

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဇင်မာဝေ)
မြို့နယ်တရားသူကြီး
ချမ်းမြသာစည်မြို့နယ်တရားရုံး

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 88W/4583 ယာဉ် လက်ဝယ်ရှိသူ ဒေါ်မွန်ရတနာသိမ့် ၉/ရမသ(နိုင်)၂၁၉၂၉၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(ရမည်းသင်း)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 19U/9717, Bajaj 200, T/W အား၊ စစ်တွေမြို့၊ မောလိပ် ရပ်ကွက်နေ ဦးဇော်ဝင်းထွန်း ၁၁/စတန (နိုင်)၀၅၅၀၇၆ က (ကမ-၃)ပျောက် ဆုံးကြောင်း လျှောက်ထားလာပါ သဖြင့် ကန့်ကွက်လို သူများသည် ခိုင်လုံသော အထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှစ၍ ရက် (၃၀)အတွင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန၊ ပြည်နယ်ရုံး (စစ်တွေ)သို့ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး
(စစ်တွေ)

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ ကျွန်းပင်သာရပ်ကွက်၊ ကွင်းအမှတ်(၃၂၊ ကချင်စုတောင်ရပ်)၊ ဦးပိုင်အမှတ်(၃၂၇)၊ မြေဧရိယာ (၀ဒသမ၁၁၀)ဧကရှိမြေကွက်သည် မူလက ဒေါ်လယောင်ကိုင် အမည်ဖြင့် (၃၀-၆-၂၀၂၂)ရက်နေ့ အထိမြေငှားဂရန် သက်တမ်းရရှိခဲ့ပြီး၊ (၂၅-၁-၁၉၉၇)ရက်တွင် ဒေါ်လယောင်ကိုင်ထံမှ ဦးအင်ခွမ်တူးနှင့် ဒေါ်ကွန်ရိန်ခေါ်ဖေးတို့ကလည်းကောင်း၊ ဦးပိုင်(၃၂၇/ခ)၊ မြေဧရိယာ (၀ဒသမ၀၅၅)ဧကအပိုင်းကို ဒေါ်ကွန်ရိန်ခေါ်ဖေး ထံမှ ဦးထွန်းဖေကလည်းကောင်း နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ဦးထွန်းဖေ၁/ဝမန(နိုင်)၀၅၈၉၅၃ အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန်အသစ်ရရှိရေးအတွက် (၁၆-၇-၂၀၂၀)ရက်စွဲပါကျမ်းကျိန်လွှာအမှတ်(၇၈၄/၂၀၂၀)ကို (၁၇-၇-၂၀၂၀)ရက်စွဲပါ ကျမ်းကျိန်လွှာ မှတ်ပုံတင်အမှတ်(၃၆၄/၂၀၂၀) ပြုဆိုတင်ပြလျက် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍(၁၅)ရက်အတွင်း ကန့်ကွက် နိုင်ကြောင်းနှင့် ကန့်ကွက် မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက် များနှင့်အညီဂရန် ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါ ကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ၊ မြစ်ကြီးနားမြို့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အမှုထမ်းရပ်ကွက်၊ ခွာညိုလမ်း၊ အကွက်အမှတ် (၂၇၊ ကျိုက်ဖောခိ တောင်ကွက်)၊ ဦးပိုင်အမှတ် (က/၇)၊ မြေကွက်အမှတ် (N-၂၄)၊ အလျားxအနံပေ (၄၀x၆၀) အကျယ်ရှိ ဂရန်အမှု တွဲအမှတ် – RPNO – ၁၀၁ / V / ၁၉၉၈ – ၁၉၉၉ အရ ဒေါ်ခင်ခင် အမည်ပေါက် ဂရန်မြေကွက်အနက် အလျားxအနံပေ (၂၀x၆၀) အကျယ်ရှိ (ခေါင်းရင်းခြမ်း) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိ ကြောင်းဝန်ခံသူ ဒေါ်မာမာဝေ (ဘ) ဦးတင်ရွှေ (၁၂/ကခက(နိုင်)၀၇၁၃၉၁) ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးစိုးနိုင် (ဘ) ဦးဆာမိ (၁၂/သလန(ပြု)၀၀၇၁၈၈) က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအားစရန်ငွေပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ သက်ဆိုင်ရာ စာရွက်စာတမ်းများနှင့်တကွ ယနေ့မှစ၍ (၁၄)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆောင်ရွက်ကာ အရောင်းအဝယ် ပြုသည့် ပစ္စည်းကိုလက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဇာနည်	ဒေါ်အိအိမော်(ခ)ဒေါ်အိသဥ္ဇာအောင်	ဒေါ်ခင်သီတာမြင့်အောင်
(LL. B, DBL, DIPL, DIL) (စဉ်-၁၄၆၆၈)	(LL. B, DIPL) (စဉ်-၁၈၇၂၆)	(LL. B, DBL) (စဉ်-၂၀၀၇၈)

တရားလွှတ်တော်ရှေ့နေများ
ရုံးအမှတ် (၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့၊ ဖုန်း - ၀၉-၇၉၇၀၇၅၃၁၂

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ သီရိရတနာလမ်း၊ တိုက်အမှတ် (၃၄)၊ အခန်း အမှတ်(A5) (စတုတ္ထထပ်)(၅လွှာ)(ခေါင်းရင်းခန်း)(ဘယ်ဖက်)တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အားလက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်း ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်လှလှမေ (၁၂/မဂတ(နိုင်)၁၁၉၁၁၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးကောင်းဝေထက် (၉/ပဥလ(နိုင်) ၀၇၁၈၉၁)က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်းခိုင်လုံသောစာချုပ်စာတမ်းမူရင်း များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်စုစုခိုင် (LL.B) (စဉ်-၁၁၅၅၃)	ဒေါ်ခင်စောသိန်း (LL.B) (စဉ်-၁၃၂၈၆)	ဒေါ်သိမ့်သဥ္ဇလီ (LL.B, LL.M) (စဉ်-၅၆၈၈၇)
တရားလွှတ်တော်ရှေ့နေများ		အထက်တန်းရှေ့နေ

တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၄၃၀၂၆၁၉၉၊ ၀၉-၇၃၀၂၆၁၉၉

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ်(၁၅/၂-၆၊ အုတ်ကျင်း အနောက်)၊ ဦးပိုင်အမှတ် (၄)၊ မြေဧရိယာ(၀ဒသမ၁၈၄)ဧကရှိမြေကွက်သည် မူလကဦးလှဝင်းအမည်ဖြင့် (၁၃-၇-၂၀၅၂)ရက်အထိ မြေငှားဂရန်သက်တမ်း ရရှိခဲ့ပြီး၊ (၂၈-၇-၂၀၂၆)ရက်စွဲပါ စာချုပ်မှတ်ပုံတင်အမှတ် (၂၈၀/၂၀၂၆)အရ ဦးလှဝင်း ၏အထူးကိုယ်စားလှယ်ဒေါ်လန်းဂျောချန်းနမ်ထံမှ ဒေါ်ငါခွဲကော့ အမည်ဖြင့် တရားဝင်ဝယ်ယူ ပိုင်ဆိုင်ခဲ့ပြီး၊ ဒေါ်ငါခွဲကော့၁/မကန(နိုင်)၁၃၅၁၉၃ အမည်ဖြင့် အမည်ပြောင်းမြေငှားဂရန်အသစ်ရရှိရေးအတွက် ကျိုးကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထား ခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့် ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထား သူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာ အပ်ပါသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 81W/35773 ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်လင်း ထွေး ၉/မသန(နိုင်)၁၉၆၁၃၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် ၃၀ အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၊ ခရိုင်ရုံး(ကျောက်ဆည်) သို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(ကျောက်ဆည်)

ကြက်ခြေနီအသင်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံကြက်ခြေနီအသင်း မှ ဆောင်ရွက်လျက်ရှိသော လူမှုကရုဏာ လုပ်ငန်းများတွင် အဆင်ပြေချောမွေ့စေရန် ရည်ရွယ်လျက် ရေပိုက်လိုင်း (HPDE) သွယ်တန်းခြင်းနှင့် လိုအပ်သောဆက်စပ် ပစ္စည်း(ရေလောင်းကန်အပါ) တည်ဆောက်ခြင်းလုပ်ငန်းအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဝယ်ယူရန်နိုင်ရန် အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

